www.burmeseclassic.com

# ကိုရွှေတောသား

## ပြုံးပေါက်ကြစေ...ရယ်ကြစေ



ဟာသ ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၆၇၀၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၄၂၁၀၄၀၉

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၀၉

**ထုတ်ဝေသူ**
ဦးစိုးရှိန်(အမေ့သားထိုက်စာပေ)
၃၃၇၊ လှော်ကားလမ်းမကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးကြည်စင်(လှဲလှဲမွန်ပုံနှိပ်တိုက်)
၁၅၈၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**အုပ်ရေ**
၅၀၀

**တန်ဖိုး**
၁၅၀၀

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၀၈.၈၃

ရွှေတောသား၊ ကို

ပြုံးပျော်ကြစေ ရယ်ကြစေ/ကိုရွှေတောသား-ရန်ကုန်၊
အမေ့သားထိုက်စာပေ၊ ၂၀၀၉။ ၂၀၀ - စာ။

၂၇·၃ စင်တီမီတာ X ၂၀ စင်တီမီတာ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ လှုပ်ခတ်သွားသော ပုံရိပ်များ | ၅ |
| ၂။ သည်ပွဲမှာမှ ကြုံရတယ် | ၁၉ |
| ၃။ ပဒုမ္မဒေဝီအရုပ်တော်ပုံ | ၃၁ |
| ၄။ သေချင်စော်တောင်နံသွားတယ် | ၄၇ |
| ၅။ မလိုသူတွေ ပြုံးပါစေ | ၆၁ |
| ၆။ ထူးထူးခြားခြား ကံစမ်းမဲ | ၇၇ |
| ၇။ တယ်လည်းတော်တဲ့ တပည့်ကျော် | ၉၁ |
| ၈။ ဝင့်ဆိုတာ လည်တတ်တယ် | ၁၀၃ |
| ၉။ ခေတ်သစ်စာပေဟောပြောပွဲ | ၁၁၉ |
| ၁၀။ ပညတ်သွားရာခေတ်သက်ပါ၏ | ၁၃၃ |
| ၁၁။ ပွဲတင်လေသော ထိပ်ကွက်ကံ | ၁၄၅ |
| ၁၂။ လက်တစ်လုံးခြား | ၁၆၁ |
| ၁၃။ ဘာမထီဓာနည်ဖွားတွေမို့ | ၁၇၉ |
| ၁၄။ လည်လှလည်လှရယ်နဲ့ | ၁၉၃ |




### "လှုပ်ခတ်သွားသော ပုံရိပ်များ"

ကျွန်ုပ် ကိုရွှေတောသားနှင့် တပည့်ကျော်ပလာယာတို့ ပေါင်းစုံကြံစည်တင်ဆက်သော 'မဖြစ်ညစ်ကျယ်' ဂျာနယ်ကား တစ်ပတ်ထက်တစ်ပတ် ရောင်းအားကျဆင်းလျက်ရှိ၏။

စောင်ရေလျော့သည်ထက် လျော့လာ၍ ကြော်ငြာ လုပ်ငန်းရှင်တွေကလည်း သိပ်စိတ်မဝင်စားတော့။ ထုတ်ဝေသူ စွပ်ပရား၏ 'ဂေါ်ဇီလာတစ်ထောင် အားတိုးဆေးကြီး'၊ 'မွှေး မွှေးလေးမဆလာ'၊ 'မဟူရာသနပ်ခါး' အစရှိသော အလကား ပဲတင်းကြော်ငြာအချို့မှလွဲ၍ ဘာမျှမရှိ။

အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်အဖို့ စောင်ရေဟာ

www.burmeseclassic.com



လည်း ဘာမှမရှိ၊ ကြော်ငြာကလည်း နတ္ထိဆိုလျှင် ရေရှည်ရပ်တည်ဖို့မှာ အဘယ်မှာလွယ်ပါလိမ့်မည်နည်း။ ထုတ်ဝေသူအဖို့စီးပွားရေးကို ထိဖန်များလှာပါက အကျိုးမဲ့သောလုပ်ငန်းတစ်ခုကို ရပ်ပစ်လိုက်ဖို့ရာသာ ရှိတော့၏။

စွပ်ပရားအတွက် ဤမဖြစ်ညစ်ကျယ်ဂျာနယ် ထုတ်ဝေခြင်းကို ရပ်လိုက်ပါက အကြောင်းမဟုတ်။

ငင်း၌ အမြတ်ငွေတွေတသွင်သွင်ရရှိနေသော အခြားလုပ်ငန်းတွေရှိသဖြင့် အကြောင်းမဟုတ်သော်ငြားသည်အလုပ်မှလွဲ၍ အခြားလုပ်ငန်းတွေကို မလုပ်တတ်သည့် ကျွန်ုပ်တို့ဆရာတပည့်အဖို့မူ သောင်ပြင်မှာလွှတ်လိုက်သည့် ဟိုသတ္တဝါလို ဖြစ်လိမ့်မည်မှာ မလွဲပါတည်း။

"ကိုင်း၊ ဘယ်လိုလုပ်ကြမလဲ ပလာယာရေ၊ ကြံစမ်းပါဦးဟ"

"မပူပါနဲ့ အာစရိရယ်၊ တပည့်လည်း ဒါကိုပဲ ခေါင်းထဲထည့်ထားတာ၊ တပည့်တို့ဂျာနယ်ကို ခုလိုမျိုး အုတ်ရော်ရောကျောက်ရောရော မျှောနေဖို့မသင့်တော့ဘူး။ ခုဆို ထွက်လာလိုက်တဲ့ ဂျာနယ်တွေ ဟောတစ်စောင် ဟောတစ်စောင်နဲ့"

"ဟုတ်ပါရဲ့ကွယ်၊ - ကုဋေရှစ်ဆယ် သူဌေးသားသာ အပတ်စဉ်ဂျာနယ်ထွက်သမျှတွေ ဝယ်မယ်ဆိုရင် ခဏကလေးနဲ့ ဒေဝါလီခံသွားရကိန်းရှိတယ်"



"ဂျာနယ်ဖတ်သူတွေကလည်း 'နပ်' လာပြီ အာစရိရဲ့၊ ဘယ်' ဂျာနယ်ဟာ ဘယ်လိုင်းသွားတယ်ဆိုတာ သိနေကြပြီ။ ဒီတော့ ဂျာနယ်ကိုရွေးပြီး ဖတ်တတ်နေပြီ။ အိုယောင်ဝါးလုပ်နေလို့က ပြာဆင်းသွားမှာပဲ။ ခုခေတ်ဟာ သတင်းခေတ်၊ ဒီတော့ပေါက်တတ်ကရရောသောပေါ်သောတွေ လုပ်မနေတော့ဘဲ သတင်းကိုဦးစားပေးရင်ဖြင့် မဖြစ်ညစ်ကျယ်ဂျာနယ်ဟာ ဦးမော့လာလိမ့်မယ်လို့ ယုံကြည်တယ်"

"ဟုတ်သကွယ့် ဒီတော့ သတင်းအတွက် ဘယ်လိုလုပ်ကြမလဲ၊ ငါကလည်း ဧည့်ခံပွဲကလက်ဆောင်တို့၊ ပုလင်းတို့ကိုသာ ယူတတ်တာ၊ အလုပ်လုပ်ရင်လည်း စားပွဲ၊ ကုလားထိုင်ရှိမှသာ လုပ်တတ်တာ၊ ပရိတ်သတ်စိတ်ဝင်စားမယ့်သတင်းကို နေရာအနှံ့ လျှောက်ပြီးယူတာတို့၊ လူအုပ်ထဲတိုးရတာတို့ ကျတော့ တယ်မစွံတတ်ဘူး"

"အဲဒါကြောင့် အာစရိကို တပည့်လေးစားတာ၊ ကိုယ်အသုံးမကျတာကို အသုံးမကျဘူးဆိုပြီး ဝန်ခံရဲတဲ့သတ္တိအပြည့်ရှိတယ်၊ တပည့်လည်း အမှန်မတော့ အာစရိနဲ့ တယ်မထူးလှပါဘူး၊ အသုံးမကျတဲ့နေရာမှာတော့ ပထမတန်းဝင်ပါတယ်"

သည်လိုမျိုး သူတော်ချင်းချင်း သတင်းလွှလွှ ဖောင်းဖက်တွေ့ကြသဖြင့်လည်း စွပ်ပရားအဖို့ ကျွန်ုပ်တို့အပေါ် ဘာမှ သို့မှမပြောသာ၊ မဆိုသာခဲ့။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်မှာ သတင်းထောက် သိပ်ဖြစ်ချင်နေတဲ့ သတင်း ထောက်ပိုးဝင်နေတဲ့ သူငယ်ချင်းတွေ အများကြီးရှိတယ် အာစရိ၊ တစ်နေရာတည်း မဟုတ်ဘူး၊ နေရာအနှံ့ အာစရိရဲ့၊ ဒီတော့ သူတို့ရှိတဲ့ အနယ်နယ်အရပ်ရပ်ကို ဆက်သွယ်မယ်၊ သူတို့ကို ဘယ်လိုသတင်းမျိုး လိုချင်တယ်ဆိုတာ ပြောပြီး လိုက်ခိုင်းရမယ်၊ သူတို့ကလည်း အစွမ်းကုန်ကြိုးစားပြီးသားပဲ၊ပြီးတော့ သူတို့သတင်းပါမယ်ဆိုရင် ဂျာနယ်စောင်ရေ အောက်ထစ် တစ်ရာ၊ တစ်ရာ့ငါးဆယ် တာဝန်ယူမယ်တဲ့"

"ဟာ ဒါဆို အိုကေပဲပေါ့ ပလာယာရဲ့၊ အဲဒီလိုသတင်းထောက်မျိုး အယောက် (၂၀) လောက်သာရှိ၊ ငါတို့အတွက် ဇေထိ၊ ဇေထိ၊ ဇေဇေထိပဲဟေ့"

"ဒါပေါ့ အာစရိရယ်၊ ဒါပေါ့ ဆရာ၊ တပည့်ရဲ့ ထမင်းအိုးကြီး ပျောက်မသွားအောင်တော့ ကြံဖန်လှုပ်ရှားနေရမှာပဲ၊ ကိုင်း ပြောနေတာကြာတယ်၊ ခုပဲ တပည့် ရန်ကုန်တစ်ဖက်ကမ်းက ဒလကိုယွှန်းလိုက်ဦးမယ်"

"ဟ နေတောင်မညိုသေးဘူးကွယ့်၊ မင့်ဟာက လွန်လှချည့်လား၊ ပြီးတော့ သွားနေကျ ၁၉-လမ်းတို့ ၄၂-လမ်းလည်း မဟုတ်"

"ဟာ အာစရိရယ်၊ ဒုံးဝေးရန်ကော၊ ခုသွားမှာက အလုပ်ကိစ္စသွားမှာခင်ဗျ၊ အဲဒီ ဒလမှာ သတင်းထောက်ပိုးဝင်



နေတဲ့ ကျောက်လုံးဆိုတဲ့ငတိရှိတယ်၊ သူ့အလုပ်က ကျွတ်ဖာတယ်၊ အလုပ်ပါးရင် ဆိုက်ကားပါစင်ဂျာဆွဲတယ်၊ ပြီးတော့သူ့မှာ ဘယ်ကအချိုးအချောင်ရထားတယ် မသိဘူး၊ ကင်မရာ အစုတ်ကလေး တစ်လုံးလည်းရှိတယ်"

"ဒီတော့ သူ့ကို 'သတင်းထောက်ဖြစ်နည်း နိဿရည်း' ကို အမြန်ဆုံးနည်းနဲ့လက်ချာပေးပြီး ဒလမြို့နယ်က ထူးထူးခြားခြားသတင်းတွေ တင်ခိုင်းရမယ်၊ အဲဒီ ငတိက ရွှေဘိုသား အာစရိရဲ့၊ ဒလကို မြေကြီးလာပေါက်ရင်း မကြာစိဆိုတဲ့ ဒလသူနဲ့ အကြောင်းပါလို့ ဒလသားလုပ်နေတာ၊ အမယ် သတင်းက တစ်ပုဒ်မှ မပါသေးတာ၊ သူ့ကိုယ်သူ သတင်းထောက် 'ဒလ-ကျောက်လုံး' ဆိုပြီး ကြွားကြွားနေတာ အာစရိရဲ့၊ အဲဒီလိုလူမျိုးကို ဘီးတပ်ပေးလိုက်ရင် သူလည်းအကျိုးရှိ၊ ကိုယ်လည်းအကျိုးရှိ မဟုတ်လား"

"ဟုတ်တာပေါ့ကွယ်၊ ဒါထက် မင့်ငတိက သူ့သတင်းပါရင် ဂျာနယ်စောင်ရေ ဘယ်လောက်ဖြန့်ပေးမှာတဲ့တုန်း"

"အနည်းဆုံး တစ်ရာ့ငါးဆယ်လောက်တော့ **သေချာ**တယ် အာစရိ၊ ငတိက နေရာတကာ ဟိုစပ်စပ်ဒီစပ်**စပ်နဲ့** အပေါင်းအသင်းတော့ တော်တော်ဆံ့ပုံရတယ်"

"ဒါဆိုလည်း ကောင်းပါလေ့ ပလာယာရယ်"

ဆိုသို့ တပည့်ဝတ္တုရားနှင့်အညီ ကျွန်ုပ် ကိုရွှေ**တောသား**

www.burmeseclassic.com

www.burmeseclassic.com



အား ဦးညွှတ်ပြီးသကာလ၊ သူကောင့်သားလည်း ခြေသလုံး ပလေ့ရိုးအားကိုးဖြင့် ကျွန်ုပ်တို့၏ ခနော်ခနဲ့ရုံးခန်းအတွင်းမှ ထွက် ခွာသွားပါတော့သတည်း။



BURMESE CLASSIC

ပလာယာကား ပလာယာပါတည်း။

ကိုယ့်တပည့်မို့ ကိုယ်ပြောသည်မဟုတ်။ ဉာဏ်နီဉာဏ်နက် ထုတ်သည့်နေရာ၌ နှစ်ယောက်မရှိသော နိုးတူး ဖြစ်၏။ လုပ်ဆောင်ချက်တွေကလည်း အပီအပြင်၊ ဒလမှ ဇင်းသူငယ်ချင်း ဒလ-ကျောက်လုံး၏ သတင်းတစ်ပုဒ်အား မျက်နှာဖုံး၌ ဖော်ပြလိုက် လေသောအခါဝယ် ကာယကံရှင်ကိုယ်တိုင် ဂျာနယ်တိုက်သို့ရောက်လာပြီး ဂျာနယ်အစောင် (၁၅၀) အား ငွေလက်ငင်းပေးချေပြီး ဝယ်ယူသွား၏။

ကျွန်ုပ်လည်း အယ်ဒီတာစားပွဲမှနေလျက် ကျေးဇူးရှင် ဒလ-ကျောက်လုံးအား မသိစသာ အကဲခတ်လိုက်ပေ၏။

အရပ်က ပုကွကွ၊ အသားက ဇာတိမြေမြွေ့ကို၏ဝှက်တို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေထသောအသား၊ မျက်နှာငလေးထောင့်၊ မျက်ခုံးက ထူထူ၊ သွားကခပ်ခေါခေါ၊ လမ်းလျှောက်လျှင် တင်ကလေး လိမ်ကျစ်လိမ်ကျစ်နှင့်။

၎င်းသည်-သတင်းထောက်တို့၊ ဓာတ်ပုံသမားတို့ ဝတ်ဆင်လေ့ရှိသော အိတ်များစွာပါသည့် ချိုင်းပြတ်ဆာဖာရီကုတ်ကို ဝတ်ဆင်ထား၏။

၎င်းကို၎င်း သတင်းသမားမှန်း သိစေချင်၍လားမပြောတတ်။ ကင်မရာအစုတ်အား ကြိုးသိုင်းလျက် လည်ပင်း၌ဆွဲထား ပြန်သေး၏။ ရုပ်ရည်ရူပကာက တစ်ကွက်ကလေးမျှချင့်စဖွယ်မရှိသော်လည်း ခုလိုမျိုး ကျွန်ုပ်တို့၏ မဖြစ်ညစ်ကျယ်ဂျာနယ်အား ကျားကန်ပေးသူဖြစ်လေသဖြင့် လတ်တလောကာလဝယ် ၎င်း၏ ရူပနိသင်ဆင်းရုပ်သွင်သည် ရန်အောင်လား၊ လူမင်းလား၊ လွင်မိုးလား ထင်မှတ်မှားစရာပါတည်း။

ဒလ-ကျောက်လုံးထွက်သွားပြီး သိပ်မကြာလိုက်။ ဂျာနယ် လက်ပွေ့သမားအချို့ ရောက်လာကာ ဂျာနယ်တွေဝယ်လေတော့ ၏။

"ဒလသတင်းပါလာလို့ ပန်းဆိုးတန်း - ဒလ ကူးတို့သင်္ဘောပေါ်မှာ ရောင်းမလောက်ဘူးဖြစ်နေတယ်၊ ကဲ စောင်ရေငါးဆယ်ပေးပါ"



"ကျွန်တော့်ကို သုံးဆယ်"

"ကျွန်တော့်ကို အစိတ်"

သို့ကလို ဝင်လာမစဲ တသဲသဲဖြစ်နေစဉ် ထုတ်ဝေသူစွပ်ပရားရောက်ရှိလာလေရာ တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အဆင်သင့် ဆိုသကဲ့သို့ ဟန်ကျသွားလေတော့၏။

"ကွန်ဂရက်ကျူလေးရှင်း ချီးမွမ်းပါတယ်ဗျာ၊ ခုလိုမျိုးကျုပ်တို့ဂျာနယ်လေး သွက်သွက်လက်လက်ဖြစ်နေတာ မြင်ရတော့ သိပ်ကိုပျော်သွားတာပဲ၊ ဂုဏ်ပြုတဲ့အနေနဲ့ ညနေကျရင် ဝီစကီ လေးထောင့်တစ်လုံး ပို့လိုက်မယ်"

"အမြည်းကကော. . ."

တပည့်ကျော် ပလာယာကား မျက်နှာသာပေး ရွှေရေးပန်းကန်တက်တတ်သူပါတည်း။ သဒ္ဒါလွန်းဆွမ်းတော်တော်ရုပ်သည့်ပုဂ္ဂိုလ်ပါတည်း။ သို့ရာတွင်၎င်းရွှေရေးတက်သည့်အပေါ် ဆွမ်းတော်ရုပ်သည့်အပေါ် ကျွန်ုပ် အပြစ်မဆိုပါ။

အကြောင်းမူ ၎င်း၏ တောင်းဆိုချက်သည် ကျွန်ုပ် အတွက် အကျိုးရှိမည့် တောင်းဆိုချက်ပင် မဟုတ်ပါကလား။

"ကြိုက်ရာမြည်းပေါ့ဗျာ၊ ပိုက်ဆံတစ်ထောင် ပေးခဲ့မယ်"

"အိုကေ ဂွဒ်"

(ဤ၌ စွပ်ပရား၏နှုတ်ဖျားမှ ပေါ်ထွက်လာခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



စကားများကို ၎င်း၏အသံအတိုင်းမဟုတ်ဘဲ မြန်မာသံပီသစွာဖြင့် ရေးလိုက်ပါ၏။ သို့မဟုတ်မူ စာရှုသူတို့ နားရှုပ်မည်စိုးပါ၏။ သာဓကဆောင်ရလျှင် ကျွန်ုပ်၏ ကလောင်အမည်ကိုရွှေတောသားအား ၎င်းအနေဖြင့် ခေါ်ပါမူ ခိုရွှေးဒေါသဟူ၍ ဖြစ်သွားတတ်သော ကြောင့်ပါတည်း။ စကားချပ်)

"ခုတစ်ပတ်ဂျာနယ်က ဒလပရိတ်သတ်နဲ့တင် စောင်ရေပြတ်မယ့်ကိန်းပဲ အာစရိ"

"ဘာပဲဖြစ်ဖြစ်ကွာ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေတဲ့ကိုယ့် ဂျာနယ်ကလေး ခုလိုမျိုး နာလန်ပြန်ထလာတာတော့ ဝမ်းသာစရာပေပဲပေါ့၊ တော်ပါပေရဲ့ ငါ့တပည့်"

ဂျာနယ်တွင် ဖော်ပြပါရှိသည့် သတင်းက 'ဒလမြို့နယ်အတွင်းမှ စည်းကမ်းမဲ့လွှတ်ထားသည့် ကျွဲ၊ နွားများ' ဆိုသည့်သတင်းဖြစ်၏။ ထိုသတင်းခေါင်းစဉ်အောက်၌ ဓာတ်ပုံတစ်ပုံ။

ထိုဓာတ်ပုံ၌ စက်ဘီးတစ်စီးသည် လဲကျနေ၏။ စက်ဘီးနံဘေးမှာတော့ ကျွဲ၊ နွားများ။ ပြီးတော့ ကျွဲ၊ နွားတို့၏ ချေးပုံများ။

သတင်းစာသား၏ အနှစ်ချုပ်က ဒလမြို့နယ်၌ ကျွဲ၊ နွားပိုင်ရှင်တို့သည် ၎င်းတို့၏ကျွဲနွားများကို စားကျက်ရှိရာသွားရောက် ထိန်းကျောင်းခြင်းမပြုဘဲ ကားများ ဥဒဟိုဖြတ်သန်း



မောင်းနှင်နေကြသည့် ကတ္တရာလမ်းမပေါ် လွှတ်ထားပုံ၊ ထိုသို့လွှတ်ထားသဖြင့် ယာဉ်များအသွားအလာခက်ပုံ လမ်းပေါ်တွင်လည်း အညစ်အကြေးများစွန့်ချပုံ၊ အထူးသဖြင့် လမ်းနံဘေး၌ထောင်ထားသော သတင်းထောက်၏ စက်ဘီးကိုပင် လှဲချလိုက်ပုံ၊ သည့်အတွက် သက်ဆိုင်ရာမှ ကျွဲ၊ နွား ပိုင်ရှင်တို့အား ထိရောက်စွာ သတိပေးအရေးယူသင့် ပုံတို့ကို ရေးသားထားသော သတင်းဖြစ်လေ၏။ မည်သို့ပင်ဖြစ်စေ ဒလသတင်းပါသဖြင့် ဒလပရိတ်သတ်၏ ဝယ်ယူအားပေးမှုကြောင့် ကျွန်ုပ်တို့ဂျာနယ်ကလေး လှုပ်ခတ်လာခဲ့ရလေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



# ဪ....

ကျောက်လုံး......ကျောက်လုံး

ရွှေဘိုမှာမလုံးဘဲ

ဒလ

မှာ

လာ

**လုံး**

နေပါလား....



ညနေစောင်းတော့ ထုံးစံအတိုင်းပင် ကျွန်ုပ်တို့ဆရာတပည့် ၄၂-လမ်းသို့ ရောက်ခဲ့ကြလေပြီ။ သဘောကောင်းသော ဆိုင်ရှင် ကြောင့် စွပ်ပရားထံမှ လက်ဆောင်ရသော ဝီစကီလေးထောင့်ကို ဖွင့်လိုက်ကြ၏။

ဆိုင်မှ ကြက်သားကပတ်တို့၊ ငါးသလောက်ဥသုပ်တို့၊ ငါး ကြော်တို့ကို မှာလိုက်ကြ၏။

သူတစ်ခွက်၊ ကိုယ်တစ်ခွက်ဖြင့် ရီဝေရီဝေ ဖြစ်လာကြသောအခါ တပည့်ကျော်ထံမှ ကျွဲခိုးပေါ်ပါလေတော့သတည်း။

"အမှန်မှာတော့ အာစရိရေ၊ အဲဒီသတင်းဟာ **ဒလ** ကျောက်လုံး လူလည်ကျသွားတာဗျ။ ပုံထဲပါတာ **စည်းကမ်းမဲ့**

www.burmeseclassic.com



ကျွဲ နွားတွေ ထုတ်ဘူး။ ကျွဲ၊ နွား ကျောင်းတဲ့သူက စားကျက်ထနေ သူ ကျွဲ၊ နွားတွေကို အနောက်ကနေ မောင်းလာတာ။ အဲဒီအချိန်မှာ တေါ်ရဲ့စက်ဘီးကလည်း လဲနေတယ်၊ လဲမှာပေါ့ စက်ဘီးထောက်ဖို့ရာ ဒေါက်မှမရှိတော့ အဲဒီလိုပဲ လှဲထားနေ ကျ၊ ခုတော့ နွားတွေက ဖြတ်အလာ၊ နွာကျောင်းသူမပါစေဘဲ လဲနေတဲ့ သူ့စက်ဘီးကို လည်းပေါ်အောင် ဖြတ်ရိုက်လိုက်တာ ပြီးတော့မှ သူလိုရာဆွဲရေးသွားတာ အာစရိ၊ ဒီငတိမလွယ်ဘူး အင်မတန် ဉာဏ်နီဉာဏ်နက်များတဲ့ ငတိ၊ သတင်းထောက် အကျော်အမော်ဖြစ်လို့ကတော့ မချောင်ဘူး၊ ခုဆို သင်း ဒုက္ခ ပေးတာနဲ့ ကျွဲ၊ နွားပိုင်ရှင်တွေ သက်ဆိုင်ရာမှာ ဖြေရှင်းရတော့ မယ်၊ ဩော် ကျောက်လုံး ကျောက်လုံး ရွှေဘိုမှာမလုံးဘဲ ဒလ မှာလာလုံးနေပါလားနော်"

သို့ဖြင့် ကျွန်ုပ်တို့ဆရာတပည့်လည်း သက်ပြင်းအမော တွေကိုယ်စီချလျက် လက်ကျန်ခွက်အား၊ ချီးယားစ်လုပ်ရင်း ပြိုင်တူမော့ချ လိုက်ပါတော့သတည်း။ ။



"သည်ပွဲမှာမှ ကြုံရတယ်"

တစ်မိုးလုံး ဖြောက်ဆိပ်ဟု ဆိုရလောက်အောင်ပင် ပေါလူပျံ့အောင် အပြိုင်အဆိုင်ထွက်ရှိလာသည့် ဂျာနယ်အမျိုး မျိုးကြားဝယ် ဆယ်နှစ်မျိုးချင်းသုပ် ဖြစ်လျက်ရှိသော ကျွန်ုပ် တို့၏ မဖြစ်ညစ်ကျယ် ဂျာနယ်ကလေးသည် ဖုတ်လှိုက်ဖုတ် လှိုက်ဖြစ်၍နေသည်။

သည့်အတွက် မဖြစ်ညစ်ကျယ် ဂျာနယ်၏ အယ်ဒီ တာချုပ် ကျွန်ုပ် ကိုရွှေတောသားနှင့် ပလာယာတို့မှာ အသိ အချိန်ဘယ်ကာလများ၌ ထုတ်ဝေသူစွပ်ပရားမှ ကန့်ထုတ် လိုက်လေမည်နည်းဟူ၍ ရင်တမမ၊ အသည်းတဖိုဖိုဖြစ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"အာစရိရေ အခြေအနေကောင်းသလား"

မရှိမဲ့ ရှိမဲ့ ရေပုလင်းလက်ကျန်ကို မော့ရင်း ပလာယာက လက်မနှင့်လက်ညှိုးကို ဝိုင်းပြလျက် စကားစလာသည်။ ဆိုလိုရင်းက ကျွန်ုပ်၌ ငွေရေးကြေးရေး ကောင်းလေသလောဆိုသည့်သဘော။

"ဘယ်ကလာ ကောင်းရမှာလဲကွာ၊ ခုတလော တို့များရဲ့ ဂျာနယ်အပတ်စဉ်ထွက်နိုင်တာမှ မဟုတ်ဘဲ၊ စာမူအင်အားမပြည့်စုံလို့ရယ်၊ စက္ကူမဝယ်နိုင်လို့ရယ်၊ ဖလင်ဖိုးမတတ်နိုင်လို့ရယ် အကြောင်းကြောင်းတွေကြောင့် ပေါင်းစုပြီး မထွက်တစ်ပတ်၊ ထွက်တစ်ပတ်ဖြစ်နေတာ မင်းလည်းအသိသား။ ဂျာနယ်ပုံမှန်ထွက်နေရင် ပိုင်ရှင်စွပ်ပရားမသိအောင် တို့များ ပေါက်တတ်ကရ ကလောင်တွေနဲ့ လုပ်စားရတာ အဆင်ပြေသား၊ ခုတော့ ဂျာနယ်ထွက်မှ မထွက်နိုင်တာ၊ ဘယ်ကလာ အကြံအဖန်ရှိမှာတုန်း တပည့်ရဲ့"

"ဟုတ်ပါ့အာစရိရယ်၊ စွပ်ပရားက အရင်စွတ်ပရားမဟုတ်တော့ဘူး၊ ဂျာနယ်တိုက်မှာ ဂျာနယ်အဟောင်းတွေ လုံးဝမထား လုံးဝမထားတော့ဘူး"

"ဒါတင်ဘယ်ကမလဲကွာ၊ သုံးပြီးသားစာမူကော်ပီတွေကိုလည်း သယ်တာပဲမဟုတ်လား၊ သင်းရဲ့ တတိယမြောက်



လေဒီကလေး 'ဇီးနဲ့အမန်း' ကို ဘော်တယ်ဆိုင်ကလေးဖွင့်ပေးထားတယ်ဆိုပဲ"

ကျွန်ုပ်တို့ကားထုတ်ဝေသူမရှိခိုက်ထုတ်ဝေသူမကောင်းခြင်းရာစုံလင်စွာကို အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားများပင်ဖြစ်လင့်ကစား အားပါးတရ အတင်းချလေ့ရှိ၏။

အကယ်တန္တု ထုတ်ဝေသူစွပ်ပရား ရောက်လာလျှင် ထုတ်ဝေသူ နှစ်သက်လက်ခံမည့် ဝေါဟာရစကားလုံးများကိုပေါရာဏပင် မကျန်အောင်ထည့်ကာ မိုးတွင်းကာလ ဖားသတ္တဝါများကပင် အရှုံးပေးရလောက်အောင် 'ဖရော်ကင်' ကြမည့်သူတွေပါတည်း။

"ဟာ မေ့နေလိုက်တာ အာစရိရယ်၊ ကြည့်စမ်း တော်တော်မေ့တတ်တဲ့ ဦးနှောက်၊ မဖြစ်သေးပါဘူး၊ ညနေကျမှ ၄၂-လမ်း ဘက်သွားပြီး ဦးနှောက်ဆေးရတော့မှာပဲ"

"ဦးနှောက်ဆေးတာ အသာထားစမ်းပါကွယ်၊ ကဲပြောစမ်း ဘာကိစ္စလဲ"

"ဒီလို အာစရိရဲ့၊ မနေ့ညနေက တပည့်၊ တညင်းကုန်းနယ်ကို ကိစ္စတစ်ခုရှိလို့အသွား၊ ရထားပေါ်မှာ ဦးထင်ပေါ်(တညင်းကုန်း) ဆိုတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ ဆုံကြတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးကို အာစရိသိတယ်မဟုတ်လား၊ ရုတ်တရက် ကြည့်လိုက်ရင် အကယ်ဒမီအောင်ထွန်းလေးအတိုင်းပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"သိပါသကွာ၊ သိသမှ ရင်းရင်းနှီးနှီးကို သိတာ၊ အဲဒီ ပုဂ္ဂိုလ်က စာပေကို တော်တော်လေးချစ်ပုံရတယ်၊ ပြီးတော့ ဘယ်ဘက်က အမွေရထားလည်းမသိဘူး၊ စာသမားတွေကို ဖိတ်ခေါ်လို့ 'စာချစ်သူတို့ဗုံတီးရာ' ပွဲကလေးတွေတောင် ခဏ ခဏလုပ်တဲ့သူလေ"

"ကိုင်း သူနဲ့တွေ့တော့ ဘာဖြစ်သလဲ"

"သူက သူနေထိုင်တဲ့ရပ်ကွက်မှာ စာပေဟောပြောပွဲ လုပ်မှာတဲ့၊ အဲဒီပွဲမှာ မုန်းကိုကိုဥ (နှစ်လုံးသောက်လူမိုက်) ရယ်၊ အသံတုကြယ်တစ်ပိုင်းရယ်၊ အာစရိ ကိုရွှေတောသား ရယ်ကို ဟောပြော ဖို့ ဖိတ်ချင်သတဲ့. . . .

. . . . အဲဒါ တပည့်ကို အကူအညီတောင်းထား တယ်၊ တပည့် မုန်းကိုကိုဥ (နှစ်လုံးသောက်လူမိုက်) နဲ့ အသံတု ကြယ်တစ်ပိုင်းတို့နဲ့ တွေ့ပြီးပြီ"

"ဖြစ်ပါ့မလားကွာ၊မုန်းကိုကိုဥ(နှစ်လုံးသောက်လူမိုက်) က အကယ်ဒမီ ဆယ်ဆုရ၊ အဲ အဲ အရိုပ်နဲ့ရောသွားပြန်ပြီ၊ ငါးဆုရ 'နှစ်လုံးသောက်လူမိုက်' အရှိန်နဲ့ သိပ်ဂန်ကျယ်တဲ့ ငတိကြီး၊ ပြီးတော့ ရှေ့နေ၊ ရှေ့နေမှ ငရုတ်နှစ်ပင်နှုတ်တဲ့ အမှု လေးကိုတောင် အမှုလိုက်ခ တစ်သိန်းတောင်းတာ၊ နောက် ယောက္ခမဘက်က အမွေတွေလည်း ရထားသေးတယ်ဆိုတော့ မာန်တော်တော်တက်ပြီး လိုက်မယ်မထင်ဘူး၊ အသံတုကြယ်



တစ်ပိုင်းဆိုတာကလည်း နယ်နယ်ရရမဟုတ်ဘူး၊ ပလေးဘွိုင်း တို့၊ အယ်လ်ပီဂျေတို့ခေတ်ကဆိုရင် တကယ့်ကိုစူပါ၊ ကိုင်း ဘယ့်နှယ့်လဲ၊ သူတို့နဲ့တွေ့တော့ မလိုက်ဘူးတဲ့လား"

"လိုက်မယ်တဲ့ အာစရိ၊ နောက်ထပ်ပွဲခွင်တွေရရင် လည်း အားမနာတမ်းလာခေါ်ပါတဲ့၊ တပည့်ကို ပွဲခပေးမယ်ဆို ဝဲ၊ အဟဲ သူတို့နှစ်စလုံး အိုကေသွားပြီ၊ အာစရိပဲ ကျန်တော့ တယ်၊ တန်တော့ အာစရိ မဟောချင်လို့များလား"

"ဟာ ဘယ့်နှယ့်ပြောလိုက်တာပါလိမ့်၊ ဒီလူတွေတက် ပြီး ဟောကြမယ့်ဥစ္စာ၊ ငါက တောသားကွ၊ 'တောသား ရဲဆွဲ ထုတ်' ဆိုတဲ့စကား ကြားဖူးတယ်မဟုတ်လား၊ ချက်ချင်း ဦးထင်ပေါ် (တညင်းကုန်း) နဲ့ ဆက်သွယ်လိုက်၊ ကိုရွှေတော သား ဆက်ဆက်ဟောပါ့မယ်လို့"

"ဖြောင်း ဖြောင်း ဖြောင်း ဒီလိုမှပေါ့ အာစရိရယ်၊ အဲဒီ ဟောပြောပွဲညကျရင် တပည့်လည်း အာစရိနဲ့ ကပ်တီးမှု လဲဖို့ အခွင့်ရတာပေါ့၊ ဟောပြောပွဲပြီးတဲ့အခါ ဘာဘာညာညာ တွေလည်း အာစရိတို့ရဦးမှာ"

"ထိုက်ထိုက်တန်တန် ရရင်တော့ မင်္ဂလာပေါ့ကွယ်၊ ပုဆိုးတစ်ကွင်းနဲ့ မိုးလင်းအောင်ဟောရတာတို့၊ ငါးချဉ်တစ်ထုပ် နဲ့ ဖင်ပြဲအောင် ဟောရတာတို့၊ ကတ်ကြေးတစ်လက်နဲ့ ချွေးပေါက် ထွက်အောင်ဟောရတာတို့၊ ငါးခြောက်ချပ်တစ်ကွဲနဲ့ ခေါက်

www.burmeseclassic.com



ဖိနပ်ကွဲအောင် ဟောရတာတို့ဆို မနိုပ်ဘူး"

"ဟား. . . . ဒါတော့ မပူနဲ့အာစရိ၊ ဆရာဦးထင်ပေါ် (တညင်းကုန်း) တို့အဖွဲ့ဟာ သိပ်ကိုအင်အားတောင့်ပြီး စာပေသမားတွေအပေါ် သိပ်အလေးထားဟာ၊ အဲဒီညကျရင် အားလုံး အိုကေပြီး စိုပြည်သွားပါလိမ့်မယ် အာစရိ"

ကျွန်ုပ်တို့ ဆရာတပည့်ကား အပြန်အလှန်စကားတွေ ဖောင်ဖွဲ့လျက် အိုကေစိုပြည်ကြမည့် ဟောပြောပွဲနေ့၊ ဟောပြောပွဲညအား ကြိုတင်ရင်ခုန်လျက်ရှိကြပါသတည်း။



ဟောပြောပွဲရှိရာသို့ မရောက်မီမှာပင် စုရပ်အဖြစ် အချိန်းအချက်ပြုထားသည့် ယမင်းဘီယာဆိုင်သို့ ကျွန်ုပ်တို့ ဆရာတပည့် သွားရောက်ခဲ့ကြ၏။

ဆိုင်အတွင်း၌မူ စာရေးဆရာ မုန်းကိုကိုဥသည် 'နှစ်လုံးသောက်လူမူး' ဖြစ်နေလေတော့၏။ ဟိသစ္စ- ဤ စကား မှန်ပေစွ။ စားပွဲပေါ်မှာ မြန်မာဘီယာနှစ်လုံး။

ထို့အတူ အသံကုကြယ်တစ်ပိုင်းဆိုသော ဟာသပုဂ္ဂိုလ်ကြီးမှာလည်း တစ်ခါသောက်နှစ်ပက်နှုန်းဖြင့် တစ်ပိုင်းတိတိ နေပါချေပြီ။

ထိုရောကာလ ကျွန်ုပ်တို့ဆရာတပည့်လည်း 'နှစ်လုံး' နှင့် 'တစ်ပိုင်း' ကြားဝယ် ဟတ်ကော့အဖြစ် မှခံနိုင်ရလေကား

www.burmeseclassic.com

www.burmeseclassic.com



ဝိစကီ တစ်ယောက်နှစ်ပက်စီ အားဆွတ်လိုက်ကြလေ၏။

အစီအစဉ်က သူတို့လာကြိုကြမှာလား၊ ကိုပလာယာ"

အသံတု ကြယ်တစ်ပိုင်းက မင်းသားကြီးဝင်းဦး အသံဖြင့် မေးလိုက်၏။ ဤ၌ မေးသူ၊ ဖြေသူ အသံတုရမည်ဆိုသောထုံးကို နှလုံးမူကာ တပည့်ကျော်ပလာယာကလည်း မင်းသားကြီး ကောလိပ်ဂျင်နေဝင်းအသံဖြင့် ပြန်လည်ဖြေကြား၏။

"ဒီကိစ္စနဲ့ပတ်သက်လို့ ပြောရရင်၊ ပြောရရင် သူတို့လာကြိုကြမှာမဟုတ်ဘူး၊ ကျွန်တော်တို့က တက္ကစီငှားလာ၊ ဟိုရောက်တော့ သူတို့ကရှင်း ဒါပဲ ဒါပဲ ဒါပဲ"

နာရီကြည့်လိုက်တော့ အချိန်နီးကပ်လာပြီ ဖြစ်သဖြင့် ပလာယာကပင် ဦးဆောင်ကာ တက္ကစီငှားလေ၏။ သို့ဖြင့် ကျွန်ုပ်တို့အားလုံးလည်း တက္ကစီပေါ်သို့ တက်လိုက်ကြလေတော့၏။ ကားဆရာလည်း ကားလက်ကိုင်ကို ကျွမ်းကျင်စွာကိုင်တွယ်ရင်း တည်င်းကုန်းသို့ ဦးတည်မောင်းနှင်လျက်ရှိ၏။

ကားပေါ်၌ ကျွန်ုပ်တို့လေးယောက်သားသည် အာတွေကိုယ်စီပက်ထားကြသည်မို့ တကယ့်ကို အာတွေသွက် နေမိကြ၏။ ဟောပြောပွဲမစခင် နည်းနည်းကလေး ထပ်တင်မည်။ ပွဲပြီးသည့်အခါမှ စိတ်တိုင်းကျတွယ်လျက် ထမင်းစားကြမည်ဟု တိုင်ပင်ထားကြ၏။

မကြာခင်မှာပင် ဟောပြောပွဲကျင်းပမည့် နေရာသို့



ရောက်ရှိသွား၏။ လူအချို့ အခမ်းအနားပြင်နေကြလေသည်။ မိမိတို့ ကားပေါ်မှဆင်းတော့ ညှိ့ခံကြိုဆိုရေးတာဝန်ယူထားသည့် လူငယ်စာရေးဆရာ ကုန်းကွမြခင်နှင့် ပြာသိုကိုမူးတို့ကို တွေ့လိုက်ရသည်။

"အတော်ပဲ ဆရာတို့အလာကို ကျွန်တော်တို့စောင့်နေတာ၊ ညှိ့ခံကြွေးမွေးဖို့လည်း အဆင်သင့်"

"ဟိုဟာလေး ဒီဟာလေးများကော မပါဘူးလား ကိုမြခင်"

"ပါသပေါ့ဗျာ ဟောဒီမှာ. . . . ဟောဒီမှာ. . ."

ကုန်းကွမြခင်က လွယ်အိတ်ကို လှပ်ပြလိုက်သည်။ လွယ်အိတ်ထဲမှာတော့ စပ်ဖျော်နှစ်ပုလင်း။ နှစ်လုံးသောက်လူမိုက် မျက်နှာပျက်သွားသည်။

"ထမင်းစားဖို့ စာရေးဆရာသုံးယောက်အတွက်ထမင်းစားလက်မှတ် သုံးခုယူလာခဲ့တယ်"

"အယ်. . . ."

ကျွန်ုပ်တို့အားလုံး အံ့အားသင့်သွားကြ၏။ ဟောပြောပွဲ အလီလီရှိသည့်အနက် တစ်ခါမျှမကြုံဖူး၊ မကြားဖူးသည့်အဖြစ်။ ထမင်းစားလက်မှတ် ပေးရလောက်အောင် သာအလှူကဲ့သို့ ပရိတ်သတ်ကို ကျွေးခြင်းမဟုတ်။ စာရေးဆရာလက်တစ်ဖက်မပြည့်သည်ကို ကျွေးရာ၌ ထမင်းစားလက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုပါသလော။

ကျွန်ုပ်တို့ကား တစ်စုံတစ်ခုတော့တစ်စုံတစ်ခုဟု စဉ်းစားမိကြကာ ထမင်းစားလက်မှတ်ကိုလည်းကောင်း၊ စပ်ဖျော်နှစ်ပုလင်းကိုလည်းကောင်း ပြန်ပေးလိုက်ကြပြီး စားသောက်ဆိုင်တစ်ဆိုင်ဝင်ကာ ကိုယ့်အားကိုယ်ကိုးလိုက်ကြတော့၏။

"ဒါတွေ ဘာမှခေါင်းထဲမထားနဲ့နော် အာစရိ၊ ကိုယ်လုပ်စရာရှိတာသာလုပ်၊ စေတနာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ်"

"အေးပါ ပလာယာရယ်၊ ငါ နားလည်ပါတယ်"

သို့ဖြင့် ဟောပြောပွဲစတင်လေသောအခါ ဆရာမှုန်းကိုကိုဥ (နှစ်လုံးသောက်လူမိုက်) က စင်ပေါ်သို့ ဦးစွာတက်ကာ ဥပဒေပုဒ်မဂဏန်းများကို ရှောင်ကြဖို့၊ ဘရိတ်တွေကို သတိထားဖို့ ပြောပြီးနောက် ဘရိတ်ဒန့်ဆွဲပြ၏။ နှစ်လုံးသောက်လူမိုက် ရုပ်ရှင်ဇာတ်ကားပါ မိချောင်းကြီးပါးစပ်ဖြဲပုံမျိုး ဖြဲပြ၏။ သည့်နောက် ပရိတ်သတ်ကို လက်အုပ်ချီဂါရဝပြုကာ စင်ပေါ်မှ ဆင်းသွားလေတော့၏။ ပရိတ်သတ်ကား လက်ခုပ်တွေတစ်ဖြောင်းဖြောင်းတီးလျက်။

ဒုတိယ အလှည့်ကျသူက ကိုရွှေတောသားဖြစ်၏။ စင်ပေါ်သို့ ရောက်လေသောအခါ 'ပန်းနွယ်ကစိမ်း' သီချင်းကိုဟစ်၏။ ပြီးနောက် 'ထွေးညို' သီချင်းကို ဟဲ၏။ သည့်နောက်



'မျက်လုံးဖွင့်ပြီး အိပ်ကြည့်ပါ' သီချင်းကို ရှိုက်ကြီးတငင်ဖြင့် နှပ်တွေအသွယ်သွယ်ထွက်ကျလာအောင် သီဆိုပြီး တစ်ခန်းရပ်လိုက်လေ၏။

ပရိတ်သတ်များက လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် နောက်ထပ် သီဆိုချီးမြှင့်ပါရန်ကိုပင် အော်ဟစ်တောင်းဆိုကြလေ၏။ သို့ရာတွင် နောက်လူကိုငဲ့ရမည်ဖြစ်သည်မို့ ပရိတ်သတ်အလိုကို မလိုက်ခဲ့ပါ။

အသံတုကြွယ်တစ်ပိုင်းကား လေးပင်ဖင့်နွဲ့စွာဖြင့် စင်ပေါ်သို့ တက်သွား၏။ ပြီးတော့ ကျားလိုဟိန်းပြ၏။ ခြင်္သေ့လိုဟောက်ပြ၏။ ခွေးလို ဟောင်ပြ၏။ မြွေလိုနှာမှုတ် ပြ၏။ ကျီးကန်းလိုအာ ပြ၏။ လေလည်သံ အမျိုးမျိုးကို လုပ်ပြ၏။

သည့်နောက် ယနေ့ခေတ်စားလျက်ရှိသော လူငယ်ဟစ်ဟော့သီချင်းများကို ဆိုပြပြီး ဘိုဘိုဟန်ခုန်ပေါက်သကဲ့သို့ အားပါးတရ ခုန်ပေါက်လိုက်လေရာ ဝုန်းခနဲမြည်သံနှင့်အတူ ကျွန်ုပ်တို့ မိတ်ဆွေကြီး အသံတုကြွယ်တစ်ပိုင်းခမျာ စင်အောက်သို့ ကျွံကျသွားလေတော့၏။

သည့်အတွက် မီးသတ်ရဲဘော်များ၊ ကြက်ခြေနီလူငယ်များက အသံတုကြွယ်တစ်ပိုင်းအား မနည်းဆွဲထုတ်ခဲ့ရလေတော့၏။

ဟောပြောမှု အပိုင်းကတ္တာ ပြီးလေတော့ ဦးထင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



(တည်င်းကုန်း) မှ ကျွန်ုပ်တို့အသီးသီးအား လက်ဆောင်ဘူးများ ပေးအပ်ပါချေ၏။

အပြန်လမ်း၌ကျွန်ုပ်တို့အားလုံးပင်ဂုဏ်ပြုလက်ဆောင်ရထားသော ဘူးကိုဖွင့်လျက် လက်ဆောင်ထုပ်များကို ကြည့်လိုက်ရာ အားလုံးအတူတူချည်း။

သွားရည်ခံပိတ်စ တစ်ထည်စီ၊ အီးကုန်းစက္ကူတစ်လိပ်စီ၊ မှန်ချိုသလိပ်ပျော် အသံကောင်းဆေးတစ်ထုပ်စီ၊ ရေနံဆီမီးဖိုတစ်လုံးစီ၊ အဖော်ကတ် တစ်ပါကင်စီ ဖြစ်ကြ၏။

"ဟယ် စာအိတ်တစ်အိတ်စီ၊ ဘယ်လောက်တောင်ထည့်ပေးလိုက်တယ်မသိဘူး"

သုံးယောက်သား အားပါးတရ ဖွင့်လိုက်ကြ၏။ အထဲ၌ဘာငွေသားမျှမရှိ။ စာရွက်တစ်ရွက်စီပါ၏။ စာရွက်ကိုဖြန့်၍ဖတ်သောအခါဝယ်. . . .

"ကျေး ဇူး တင် ပါ သည်" ဆိုသည့် အက္ခရာ (၅) လုံးကို တွေ့မြင်လိုက်ရပါသတည်း။ ။



## ပဒုမ္မာဒေဝီ အရွှပ်တော်ပုံ

ပူပြင်းခြောက်သွေ့လှသည့် နွေကာလ၊ နွေသမယ၏ ရက်တစ်ရက်မှာဖြစ်၏။

'ဆဋ္ဌဂံဇေင်ရိုင်း' ဟူ၍ အမည်ယညာရှိပေထသော ကျွန်ုပ်သည် ထိုစဉ်ကာလ၊ ထိုစဉ်သမယ၌ မည်သည့်အလုပ်မျှ မရှိ၍ ထမင်းနပ်မှန်၊ ရေနပ်မှန် စိမ့်သောငှာ ထုက်ဝေသူ စာဝ်ပရားပိုင် မဖြစ်ညစ်ကျယ်မည်သော ရောင်းမစွံဂျာနယ်တိုက်၌ တံမြက်စည်းလှည်းခြင်း၊ စားပွဲကုလားထိုင်တို့အား ဖုန်ခါခြင်း၊ စက္ကူထုပ်များ ထမ်းပိုးခြင်း၊ လက်ဖက်ရည်ကော်ဖီမှာပေးခြင်း အစရှိသည့် တောက်တိုမည်ရ၊ တိုလီမိုလီ၊ ဖြတ်ပျောင်း

www.burmeseclassic.com



တောင်း၊ စုံစီနဖာ၊ ထွေလီကာလီ အလုပ်တာဝန်များကို ထမ်းဆောင်လျက်ရှိ၏။

ကျွန်ုပ်အလုပ်လုပ်ရာ ဂျာနယ်တိုက်သို့ ထုတ်ဝေသူ စွပ်ပရားသည် ရံဖန်ရံခါမှသာ လာလေ့ရှိ၏။ အမြဲတစေ မပျက်မကွက် လာရောက်ရုံးထိုင်ကြသူတို့ကား ရန်ကုန်တစ်ဘက်ကမ်း တွံတေးမြို့နယ်၊ ပိတ်စွယ်ကျေးရွာမှ အယ်ဒီတာချုပ် 'ကိုရွှေတောသား' နှင့် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့မှ တာဝန်ခံအယ်ဒီတာ 'ပလာယာ' တို့ဖြစ်ကြ၏။

၎င်းတို့နှစ်ဦး၏ ဗဟိဒ္ဓရုပ်သွင်ကို ထင်လင်းအောင် တင်ပြရပါလျှင် အယ်ဒီတာချုပ် ကိုရွှေတောသားသည် ကျားကိုးစီးစားမကုန်နိုင်သော ခန္ဓာကိုယ်ပိုင်ရှင်ကြီးဖြစ်၏။ မျက်နှာပြပြကြီးသည် အဆီပြန်လျက်ရှိကာ ပါးစုန့်ကြီးများ ဖောင်းကားလျက်ရှိ၏။ နှာခေါင်းသည် ပွယောင်းယောင်း၊ ခပ်ကောက်ကောက်။ ဗိုက်အိုးကြီးသည် မည်မျှလောက် သောက်သက်ရင့်ခဲ့လေသည်မသိ။ ရေဖျဉ်းစွဲသည့်အလား မို့မောက်ဖောင်းကားလျက်ရှိ၏။

၎င်းကိုရွှေတောသား၏ တပည့်ကျော်ပလာယာ ဆိုသူကတော့ ၎င်း၏ အာစရိအသွင်အပြင်နှင့် ဆန့်ကျင်ဘက်၊ အရပ်အမောင်းက သိကြားမင်း၏ဗိမာန်အား ရန်ရှာသည့်အ



လား၊ ခြေသလုံးပလွေရိုးအစုံသည် ပိန်ပိန်ညှောင်ညှောင် အတ္တဘောအား အထူးပင်ကျားကန်ထားကြကုန်၏။ ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် ပျာယာခတ်သည်ဆိုသော်ငြား ဉာဏ်နီဉာဏ်နက်ထုတ်သည့်နေရာ၌မူ ငါမှငါဆိုသော လူစားမျိုးတည်း။

ထို ဆရာတပည့်နှစ်ယောက်သည် သူတော်ချင်းချင်း သီတင်းလွေ့လွေ့ ပေါင်းဖက်တွေ့၍ အချင်းချင်း တစ်ဦးနှင့်တစ်ဦး စည်းရုံးညီညွတ်ကြသည်ဆိုသော်ငြား ထိုအထဲ၌ကျွန်ုပ်မပါချေ။ သူတို့ ဆရာတပည့်သည် ကျွန်ုပ်အား မယုံစား။ အဘယ်ကြောင့် ထိုသို့ဖြစ်ရလေသည်ကို ဆန်းစစ်လိုက်သော အခါဝယ် ကျွန်ုပ်သည် ၎င်းတို့နှင့် 'ရှားစောင်းစေးနှင့် မျက်ချေး' သဖွယ်ဖြစ်သော ဘူးသီးပုံဂျာနယ် အယ်ဒီတာပြုတ် မောင်တေမိနှင့် အပေါင်းသင်းကြီးပေါင်းသင်းခဲ့၍ဖြစ်၏။

သည့်အတွက် စွပ်ပရားမှ အလုပ်ခန့်၍ မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်၏ တောက်တိုမယ်ရ အလုပ်သမားဖြစ်လာသည့်တိုင် ၎င်းတို့ဆရာတပည့်သည် ကျွန်ုပ်အား ခပ်ခွာခွာပင်နေလျက်ရှိ၏။

တကယ်တော့ ကျွန်ုပ် ဆဋ္ဌဂံဇဗင်ရိုင်းသည် ရှင်ကြီးမည်သော ဘူးသီးပုံဂျာနယ် ထုတ်ဝေသူ အိစိကွာလား၏ ထံသို့ လည်းကောင်း၊ ရှင်ငယ်မည်သော ဘူးသီးပုံကြီး ဗိုလ်ပွင့်အောင် ရေလောင်းပေါင်းသင်ခဲ့သည့် အယ်ဒီတာ မောင်တေမိ

www.burmeseclassic.com



၏ ဝမ်းထဲသို့ လည်းကောင်း၊ ဒိုင်ဗင်မပစ်ရုံတမည် ဝင်ခဲ့ဖူးပါ၏။ ဝမ်းထဲမှပြန်အထွက် မည်သို့သောအကျိုးဖလ ရလေသနည်းဆိုခဲ့သော် 'ချေးစော်နံခြင်း' သည်ပင် အဖတ်တင်ခဲ့ပါသည်။

ထိုငတိကြီးနှစ်ယောက်၏ မြာဋ္ဌီကာ စာမျက်နှာ အချို့သာ ဖတ်ခွင့်ရပြီး မည်သည့်အကျိုးဖလမှ်မရှိခဲ့။ သည့်အတွက် ကိုယ့်ဘဝတက်လမ်းကို ကြိုးပမ်းရှာဖွေရန်အလို့ငှာ 'ဘူးသီးပုံ' ကို စွန့်ခွာ၍ 'မဖြစ်ညစ်ကျယ်' သို့ အပင်ကူးခဲ့ခြင်း ဖြစ်ပါသတည်း။



'မဖြစ်ညစ်ကျယ်ဂျာနယ်' ဆိုသော ခနော်ခနဲ့ရုံးခန်းကလေးအတွင်း၌ ကျွန်ုပ်နှင့်ပလဲနံပမသင့်သည့် အယ်ဒီတာချုပ်ကိုရွှေတောသားနှင့် ၎င်း၏တပည့်ကျော် တာဝန်ခံအယ်ဒီတာ ပလာယာ့တို့သည် အသီးသီး ကိုယ့်စားပွဲတွင်ကိုယ် နေရာယူလျက် ဂျာနယ်စာမူများ အိတ်ထဲထည့်ရန် ကလောင်အမည်ခွဲအမျိုးမျိုးဖြင့် လုပ်ကြံနေကြပုံရ၏။

သည့်အတွက်တော့ ကျွန်ုပ်အနေဖြင့် ဝင်ရောက်မစွက်ဖက်သာပါ။ သူတို့သည် ကလောင်ကိုင်ရသော ပညာရှင်တွေဖြစ်ကြပြီး ကျွန်ုပ်ကား တောက်တိုမည်ရ ဝန်ထမ်းဖြစ်၏။ ၎င်းတို့ ခိုင်းစေသည့်ကိစ္စဆိုလျှင်ပင် ကြည်ဖြူစွာ လုပ်ဆောင်ပေးရမည့်သူဖြစ်၏။ ၎င်းတို့ကလည်း ကျွန်ုပ်အား ထုတ်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



[illegible] ခန့်အပ်လိုက်၍သာ မပြောချင်မဆိုချင်ရှိမည်။

တောတီ မနောစာတ်ခံအရမူ ကျွန်ုပ်အား 'ဂက်ဒေါက်ထူမောင်း' ဟူ၍ ကန်ထုတ်ချင်နေကြောင်း ကျွန်ုပ် ကောင်းကောင်းကြီးသိပါ၏။ သို့ရာတွင် ကျွန်ုပ်သည် စိတ်ဓာတ်ခိုင်မာသူပီပီ ဘာဆိုဘာမျှ ရင်တွင်းခံစားချက်တို့အား လှပ်ဖွင့်မနေတော့ဘဲ တေတေကလေးနိတ်၍ တိတ်တိတ်ကလေးနေတတ်ပါသည်တကား။

သောက်ရေအိုးလည်း ရေဖြည့်ပြီးခဲ့ပြီ။ အိမ်သာကိုလည်း ဆေးကြောခဲ့ပြီးပြီ။ ဖုန်များ၊ အမှိုက်သရိုက်များ ပြောင်တလင်းခါသွားဖို့အရေး တံမြက်စည်းလည်း လှည်းကျင်းခဲ့ပြီးချေပြီ။ ထွေထွေထူးထူး လုပ်ကိုင်စရာ ဘာမျှမရှိတော့။ သည်ခဏ. . .

“ဟော့ဇင်ရိုင်း ငါနဲ့အာစရိဖို့ အောက်က 'အိုးရက်စ်နိုင်ဝင်း' လက်ဖက်ရည်ဆိုင်မှာ ရှယ်ပေါ့ကျနှစ်ခွက်မှာပေးစမ်း”

ဟူသည့် ပလာယာ၏ငှက်ဆိုးထိုးသံပေါ်ထွက်လာ၏။

“ပိုက်ဆံကော ကိုပလာယာ”

“အကြွေးမှတ်ထားလို့ ပြောကွာ၊ မင်းဒီမှာ အလုပ်ဝင်တာ နည်းနည်းလည်းကြာပြီ၊ ခုထိဒိုးဝေးတုန်း ရှိသေးတယ်။ သွားကွာ မြန်မြန်သွား”

သင်းတိုသင်း 'တာဝန်ခံအယ်ဒီတာ' ဆိုသည့်အရှိန်ဖြင့်



ပလာယာ၏မောက်မာမှုကို ကျွန်ုပ်မည်သို့မျှ မခံစားရပါ။

လူ့ဘဝကား 'ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်' ဖြစ်၏။

'ကြွေ တစ်လက်ကြက်တစ်ခုန်' ဖြစ်၏။

'ပုလဲတစ်ကန့်၊ ရွှံတစ်ကန့်' ဖြစ်၏။

လောကစံကို ကြံကြံခံလျက် 'ပေ' ဘဝမှသည် 'တူ' ဘဝ သို့ရောက်လာခဲ့လျှင်ဖြင့် ကျွန်ုပ်အပေါ် ချိုးနှိမ်ခဲ့သူများအား ထူးရှယ်ပညာတွေပေးပစ်ရမည်ဟု တေးမှတ်လိုက်ပါတော့၏။ ခုတော့ဖြင့် ၎င်းတို့ခိုင်းစေသမျှ လုပ်ဆောင်ပေးရဦးမည်သာ။

ထုံးစံအတိုင်းပင် မည်သူနှင့် စကားပြောပြော 'အိုးရက်စ်' ခပါလျှင် စကားမပြောတတ်သော နိုင်ဝင်းအား လက်ဖက်ရည်သွားပို့ရန်မှာလိုက်ပြီး ကျွန်ုပ်လည်း အလကားရသောရေနွေးကြမ်းကို ဝမ်းထဲဖြည့်ရန် ခုံလွတ်တစ်ခု၌ ဝင်ထိုင်လိုက်လေသည်။

ထိုခဏ လွန်စွာမှ ငြိမ့်ငြိမ့်ညောင်းညောင်း ရှိပေထသော နောက်ဆုံးပေါ် ကားသစ်ကြီးတစ်စီးသည် ကျွန်ုပ်ထိုင်သည့်နံဘေး၌ ရပ်လိုက်လေ၏။ ထို့နောက် ကားတံခါးကိုဖွင့်၍ အသက် (၇၀) ကျော်အရွယ် လွန်စွာမှခံ့ငြားလှစွာသော [illegible] ရည်ပိုင်ရှင် အဘွားအိုတစ်ဦး ဆင်းလာလေသည်။ အဘွားအို ဟု ဆိုသော်ငြား မည်သူမျှမတွဲရ၊ ကျန်းမာရေးသုခနှင့် ပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



ပုံရလေ၏။

"လူကလေး ဒီနားမှာ 'မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်' ရှိသလားကွယ့်"

"ဟာ အမေကြီးရှိတယ်၊ ရှိတယ်၊ ဒီတိုက်ရဲ့ ပယာမ ထပ်မှာ၊ ဘာကိစ္စလဲ အမေကြီး၊ စာမူပို့ဖို့လား၊ ကျွန်တော်က အဲဒီတိုက်ရဲ့ ဝန်ထမ်းပါ"

"ဩော် ဟုတ်လား၊ အဆင်သင့်လိုက်လေ ဟန်ကျ လိုက်လေကွယ်၊ အမေကြီး ဒီကိုလာတာ စာမူပို့ဖို့မဟုတ်ပါဘူး ဘာစာမှလည်း မရေးတတ်ပါဘူး၊ ခု လာတဲ့ကိစ္စက ဂျာနယ်ထဲ မှာ သတင်းတစ်ခုထည့်ခိုင်းဖို့ပါ"

"ဟာ ဒါဆိုရင် ကျွန်တော်နဲ့တော့ မပတ်သက်ဘူး အယ်ဒီတာတွေနဲ့ပဲ ပတ်သက်တယ်၊ လာ အမေကြီး ကျွန်တော် ဂျာနယ်ရုံးခန်းထဲ ခေါ်သွားမယ်"

"ကျေးဇူးပါပဲ လူကလေးရယ်၊ လူကလေးက အင်မတန် လူမှုရေးသိတတ်တဲ့ ကလေးပဲ၊ ဒီတော့ အမေကြီး ဂုဏ်ပြုတာ မငြင်းရဘူးနော်"

သို့ဆိုပြီးသကာလ ကျွန်ုပ်၏လက်ထဲသို့ တစ်ထောင် တန် တစ်ရွက်ထည့်လိုက်ရာ ကျွန်ုပ်လည်း ဟန်လုပ်၍ပင် ငြင်းအား မရှိတော့ဘဲ ၎င်းပေးသောငွေအား အိတ်ကပ်ထဲသို့ ထည့်ကာ ဂျာနယ်ရုံးခန်းရှိရာသို့ တွဲခေါ်ခဲ့ပါသတည်း။



ဂျာနယ်ရုံးခန်းထဲမှာတော့ ဟိုက်စ်ဘော့စ် အမေကြီး နှင့် ကိုရွှေတောသားတို့ ဆရာတပည့်နှစ်ယောက်သည် စကား လက်ဆုံကျနေကြလေ၏။ ပလာယာကား အမဲတွေ့ပြီဆိုသည့် သဘောနှင့် သူလိုရာလမ်းကြောင်းသို့ စကားတွေ ဖောက်သွယ် လိုက်သည်။

"ဒါက ဒီလိုရှိတယ် အမေကြီးရဲ့၊ သတင်းစာတို့ ဂျာ နယ်တို့ဆိုတာ တကယ့်လူထုဆက်သွယ်ရေး မီဒီယာတွေခင်ဗျ ဒါကြောင့်လည်း နိုင်ငံတကာကကို တန်ဖိုးထားနေကြတာပေါ့ သတင်းစာမှာဆို ကြော်ငြာထည့်ရင် တစ်လက်မ တစ်ကော်လံ ကို"

"ဟော့ တပည့် ဒီအမေကြီးနဲ့ပတ်သက်ပြီး ဘာမှရေး

www.burmeseclassic.com



စကား မပြောပါနဲ့ကွယ်"

"ဟုတ်ပါတယ်ကွယ်၊ ကြော်ငြာသဘောထက် သတင်းသဘော ပါစေချင်တယ်၊ ဒါကြောင့် သတင်းပုံစံအဖြစ် လူလေးတို့ကပဲ ,ရေးပေးပါကွယ်၊ အဲသည်အတွက် လူလေးတို့ကို အမေကြီး မုန့်ဖိုးပေးမှာပါ"

မုန့်ဖိုး ဆိုပါကလား။ ကျွန်ုပ်လို ဘာမဟုတ်သည့်ကောင်ကိုတောင်မှ တစ်ထောင်တန်တစ်ရွက် စွန့်ကြလျှင် ရင်းတို့လို ဟိတ်ဟန်နှင့် ငနဲကြီးတွေအပေါ် ဆိုလျှင် အတော်ကလေး စွန့်ကြပေမည်တကား။

"အမေကြီးရဲ့ကြောင်မလေးပျောက်တာ ကြာပြီလား"

"ဒီနေ့နဲ့ဆို နှစ်ရက်ရှိပါပြီ၊ အမေကြီးတို့ခြံရဲ့ နာမည်က ပဒုမ္မာတဲ့၊ ဒါကြောင့် အမေကြီးအသည်းစွဲကြောင်မလေး 'ဒေဝီ' ကို ခြံအမည်နဲ့တွဲပြီး 'ပဒုမ္မာဒေဝီ' ရယ်လို့ အမည်ပေးထားတာ၊ ပြောမယ့်သာပြောတာ မဟုတ်ဘူး၊ ကမ္ဘာမှာ အလှဆုံးကြောင်ပြိုင်ပွဲဝင်ခွင့်ရရင် အမေကြီးရဲ့ 'ပဒုမ္မာဒေဝီ' ကလေးဟာ ပထမရမှာသေချာတယ်၊ ဒီတော့သူဟာ အမေကြီးရဲ့အသည်းပဲ၊ သူမရှိရင် အမေကြီးလည်း လူ့လောကမှာ ကြာကြာနေရလိမ့်မယ်မထင်ဘူး. . .

. . . ဒီတော့ကွယ် အမေကြီးပြောတဲ့ အချက်အလက်တွေကို သတင်းပုံစံဝင်အောင် ရေးပေးပါ၊ ဟောဒီမှာ ပဒုမ္မာ



ဒေဝီရဲ့ ဓာတ်ပုံ၊ သူ့ကိုရှာတွေ့လို့ သတင်းအတိအကျပေးနိုင်ရင်ဖြစ်စေ၊ ကိုယ်တိုင်ကိုယ်ကျ လာရောက်အပ်နှံမယ်ဆိုရင်ဖြစ်စေ၊ အဲဒီပုဂ္ဂိုလ်ကို အမေကြီးပိုင်တဲ့ တိုက်ခန်းတွေထဲက မြို့လယ်မှာရှိတဲ့ ရေ၊ မီး၊ အစုံအပြင် ဖုန်းပါတဲ့ တိုက်ခန်းတစ်ခန်းကို ကျေးဇူးဆပ်ပါ့မယ်"

"ဟာ. . ."

"ဟယ်. . . ."

အမေကြီး၏ စကားကြောင့် ငနဲသားနှစ်ဦးမှာ ပါးစပ်တွေ အဟောင်းသား ဖြစ်သွားကြ၏။ တစ်ဦးမျက်နှာကိုလည်း တစ်ဦး ကြည့်လိုက်ကြ၏။

"ကိုင်း ဒီမှာ ဆက်သွယ်ရမယ့် လိပ်စာ၊ ဒီမှာက လူလေးတို့နှစ်ယောက် ဘာညာသုံးစွဲဖို့"

ကျွန်ုပ် လှမ်းမြင်လိုက်သည်ကား တစ်ထောင်တန် ငွေစက္ကူအချို့. . .။

အမေကြီးလည်း သူ့ကိစ္စပြီးပြီမို့ သန်မာဖျတ်လတ်စွာဖြင့်ပင် ဂျာနယ်တိုက်မှ ဆင်းသွားလေတော့သတည်း။

သည်အချိန်ဝယ် ကိုရွှေတောသားနှင့် ပလာယာတို့သည် အချင်းချင်း ဝေခွဲမရေးလုပ်နေကြ၏။ ပြီးတော့ ဖွင်းချီးမှုစကားသံ အပိုင်းအစများ ပေါ်ထွက်လာ၏။

"ဘယ်လိုလုပ်ကြမလဲ ပလာယာ"

www.burmeseclassic.com

www.burmeseclassic.com



"ရတနာ့ပုံဆိုက်တာတော့ အမှန်ပဲအာစရိ၊ ဒါပေမဲ့လို့ ဆိုင်းငံ့ထားမှ ကျွန်တော်တို့ဆရာတပည့် အကျိုးရှိမယ်ထင်တယ်"

"ဟုတ်သကွ၊ ဒီတော့ ခါတ်ပုံကို ငါ့အတွက်လည်း ပွားကွာ၊ မင်းလည်း ဒီဂျာနယ်တိုက်လာရတာ ဝေးတယ်၊ ငါလည်း မစားသာဘူး၊ ဒီတော့ တို့လုပ်ငန်းအဆင်ပြေရင် ဆရာတပည့်နှစ်ယောက်အတူနေမယ်၊ ဖုန်းကို ရောင်းစားပြီး ခွဲယူမယ်၊ အခန်းကို စွပ်ပရားဆီ ပြန်ငှားမယ်"

"ပိုင်တယ် အာစရိရာ၊ ကိုင်း တပည့်တို့ ညီညီညွတ်ညွတ်နဲ့ အကောင်အထည်ဖော်လိုက်ကြရအောင်"

"ဖြောင်း"

ဆရာတပည့်နှစ်ယောက်၏ လက်ဝါးချင်းရိုက်ခတ်သံသည် ထိုစဉ်ခဏ မဖြစ်ညစ်ကျယ်ဂျာနယ်၏ ရုံးခန်းကလေးအတွင်း ကျယ်လောင်စွာ ပေါ်ထွက်လာလေတော့သတည်း။



ကျွန်ုပ် ဆဋ္ဌဂံဇင်ရိုင်းအဖွဲ့ ထိုငတိနှစ်ယောက်၏ အမူအကျင့်အား ခရေစေ့တွင်းကျသိရလေလေ ချဉ်စုတ်စုတ်ကြီးဖြစ်လေလေပင်. . .။

တစ်ဖက်သားက အားကိုးတကြီးဖြင့် နင့်နင့်နဲနဲ မှန်းဖိုးပေးကာ သတင်းဖော်ပြပေးရန် အကူအညီ လာရောက်တောင်းခံပါသော်ငြား ထိုသတင်းကို မထည့်။ (မထည့်ကြောင်းကို ၎င်းတို့ရုံးမတင်မီ ကျွန်ုပ် ခိုးဖတ်၍သိရ၏။)

ဂျာနယ်ထွက်၍ သတင်းမပါလာပါက သက်ဆိုင်ရာမှ ဖြုတ်လိုက်ကြောင်း မဟုတ်တမ်းတရား ပြောမည်မှာ သေချာ၏။

ကောင်းပြီ. . .

www.burmeseclassic.com

www.burmeseclassic.com



သင်းတို့ ဘာကြောင့်သည်လိုလုပ်ရပါသနည်း။

ကျွန်ုပ် တွေးကြည့်ပါ၏။ ထိုကိစ္စဖြစ်ပွားပြီး နောက် နှစ်ရက်တိတိ ၎င်းတို့ဆရာတပည့် ဂျာနယ်တိုက်သို့ ပေါ်မလာ။ စုံစမ်း ကြည့်သောအခါမှ အဖြေသိရ၏။ ကျွန်ုပ်ကား ဂျာနယ် တိုက်၌ သောင်ပြင်၌လွတ်သော ဟိုသတ္တဝါနှယ်။ တစ်ကောင် တည်းမှ တစ်ကောင်တည်း။

ထိုသို့ တောင်တောင်အီအီ ငေးမောနေစဉ် မမျှော် လင့်ဘဲ ဟိုးတမြန်နေ့က အပေးအကမ်းလက်ဖွာတော်မူသော 'ပဒုမ္မာဒေဝီ' ပြဿနာကို ယူဆောင်လာသော အမေကြီးသည် ရေမွှေးနံ့တသင်းသင်းဖြင့် ရောက်ရှိလာ ချေ၏။

"လူကလေးရေ မင်းရဲ့ဆရာတွေကော"

"သူတို့ ဂျာနယ်တိုက်ကို ရောက်မလာတာ နှစ်ရက်ရှိ ပြီခင်ဗျ"

"အေးကွယ် လာရင်ပြောလိုက်စမ်းပါ၊ အမေကြီးရဲ့ မဒုမ္မာဒေဝီလေး ပြန်တွေ့ပြီလို့၊ လက်စပ်သပ်တော့ အမေကြီး ရဲ့ ကြောင်မလေးက အဝတ်ဘီရိုထဲမှာ သားဖွားနေတာကိုး၊ သတင်းထည့်ထားတာ ရှိရင်လည်း ပြန်ဖြုတ်လိုက်ပါတော့လို့ နော်၊ ကိုင်း လူလေးသုံးဖို့ ရော့. . ."

ကျွန်ုပ်အား ထိုသို့ပြောဆို၍ တစ်ထောင်တန်တစ်ရွက် ထုတ်ပေး၏။ ကျွန်ုပ်လည်း မနေသာတော့။ အမေကြီးမပြန်ခင်



စကားဖောက်သည် ချလိုက်ပါတော့၏။

"အမေကြီး"

"ဘာတုံး လူကလေးရဲ့"

"ဒီက ဆရာနှစ်ယောက် နှစ်ရက်တိတိပျောက်နေတာ ဘာလုပ်နေတယ် ထင်သလဲ"

"ဟင့်အင်း မသိဘူး၊ လူကလေး"

"အဲဒီလူနှစ်ယောက် အမေကြီးဆီက တိုက်ခန်းနဲ့ဖုန်း ရဖို့အတွက် ဓာတ်ပုံကိုင်ပြီး လမ်းကြိုလမ်းကြားမကျန် ပဒုမ္မာ ဒေဝီ ရှာပုံတော်ဖွင့်နေကြလို့ အမေကြီးရဲ့သိပြီလား"

"အိုး မိုင်ဂေါ့"

ထိုသို့ အာမေဋိတ်ရွတ်ပြီးသည့် သကာလ အမေကြီး လည်း မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်မှ ထွက်ခွာသွားပါလေ တော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



## ''သေချင်စော်တောင် နံသွားတယ်''

စက္ကူစျေးတွေ၊ ဖလင်စျေးတွေ၊ ပုံနှိပ်ရိုက်ခတွေသာ မြင့်တက်ပြီးရင်း မြင့်တက်လာခဲ့သည်။ အပတ်စဉ်ထုတ်ဝေလျက်ရှိသော ကျွန်ုပ်တို့၏ 'မဖြစ်ညစ်ကျယ်' ဂျာနယ်မှာမူ စောင်ရေမြင့်တက်ရမည့်အစား ဒေဝဒတ်၏ငယ်ထိပ်သို့ ထိလုမတတ် ထိုးဆင်းနေလေတော့ မကြာမတင် ကာလအတွင်း ကျွန်ုပ်တို့ဂျာနယ်ကလေးမှာ ရပ်ဆိုင်းသွားဖို့ပဲ ရှိပါတော့၏။

တောင်ခြစ်၊ မြောက်ခြစ်နှင့် ကလောင်လက်ဆော့တတ်သည့်အလုပ်မှလွဲ၍ တခြားဘာကိုမှ မလုပ်တတ်သော **ကျွန်ုပ်**ကိုရွှေတောသားနှင့် တပည့်ကျော်ပလာယာတို့မှာ သည် **ဇာ**

www.burmeseclassic.com

www.burmeseclassic.com



နယ်ကလေးသာ ရပ်ဆိုင်းသွားခဲ့လျှင် သောင်ပြင်လွှတ်သည့် ဟိုသတ္တဝါနှင့်မခြား ဖြစ်ချေတော့မည်တမုံ့။

"ထုတ်ဝေသူ စွတ်ပရားလည်း ဂျာနယ်စောင်ရေ ပြုတ်ပြုတ်ကျလာလို့ တို့ကိုသိပ်ပြီး ကြည်ကြည်လင်လင် မရှိတော့ဘူး ပလာယာရေ့ ဂျာနယ်ကိုနားလိုက်ရင် ပြဿနာကွယ်"

"သိပ်လည်း ပူပင်မနေပါနဲ့ အာစရိရယ်၊ ပူချင်းပူ တပည့်ကသာ ပိုပြီးပူရမှာပါ၊ အာစရိက တောပြန်ပြီးနေလို့ ရသေးတယ်၊ တပည့်မှာက ဘုန်းကြီးကျောင်းကို ခိုကပ်နေရတာ၊ ဝင်ငွေမရှိလို့ကတော့ ဆွမ်းကျန်ကွမ်းကျန်တွေ ကပ်စားတဲ့ ငတိဆိုပြီး ဘုန်းကြီးက ကန်ချမှာ အာစရိရဲ့"

"ကြံစမ်းဖန်စမ်းပါဦးကွာ၊ မင်းက ငါ့ထက် ဦးနှောက်ပြေးပါတယ်"

"ဒီအတိုင်းကြံလို့မရဘူး အာစရိရဲ့. . .၊ ခြောက်နေတဲ့ ဦးနှောက်ကို ရေစင်ဖျန်းမှ လန်းလာမှာ အဟဲ"

တပည့်ကျော်ပလာယာကတော့ စကားထဲက ဇာတိပြလာချေပြီ။ ကျွန်ုပ်ကလည်း ငိုချင်နေသည့်အခိုက် လက်တို့ခံလိုက်ရသည်မို့ ရှိစုမဲ့စု ပိုက်ဆံကလေးများကို ထုတ်ကာ နှစ်ယောက်သား ပခုံးဖက်လျက် ယမင်းမည်သောဆိုင်သို့ ခြေဦးလှည့်လိုက်ကြပါတော့၏။



ယမင်းဆိုင်မှာတော့ လူစုံတက်စုံ။

တွေ့နေ၊ မြင်နေကျ မျက်နှာများ။ တစ်ဝိုင်းတည်းမှာတော့မဟုတ်။ တံခါးပေါက်နံဘေးရှိ ဝိုင်းမှာတော့ 'မုန်းကိုကိုဥ' မည်သော ရှေ့နေစာရေးဆရာသည် နှစ်လုံးသောက်ရင်း ရေချိန်ကိုက်နေပြီဖြစ်၏။ ၎င်း ရေချိန်ကိုက်ပြီဆိုလျှင် လွန်စွာမှ သိသာလှ၏။ တူတစ်ချောင်းစီကိုကိုင်ကာ အမြည်းပန်းကန်တို့ တာဒေါင်ဒေါင်တဒင်ဒင်တီးခတ်ရင်း စည်းမကျဝါးမကျ အောက်တာလိအာသံကြီးဖြင့် 'ကျောင်းနေတုန်းက ××× သူငယ်ချင်းမလေး××× မိအေး××× ဘယ်မလဲကွယ်' ဟူ၍ ဒူးကိုဆော်လျက် ပတ်ဝန်းကျင်ကို အော်ဟစ်ဒုက္ခပေးပါလေတော့၏။

နံဘေးရှိဝိုင်း၌မူ 'ကြို့ပင်ကောက်ဆရာငြိမ်း' ဆိုသည့်

www.burmeseclassic.com



အယ်ဒီတာကြီးသည် ၎င်း၏ဘီယာခွက်အတွင်း တစ်ပါးသူ၏ ဝီစကီအားပုလင်းတစ်ဖုံးခန့်ငှဲ့ထည့်လျက် ၎င်းကိုင်တွယ်တည်းဖြတ်သောမှုခင်းဂျာနယ်တစ်စောင်မှ ဗလက္ကာရအမှုတစ်ခုအား မြိန်ရေရှက်ရေ စားမြုံ့ပြန်လျက်ရှိ၏။

ဝိုင်းအတွင်းရှိ လူရွယ်အချို့မှာ မျက်လုံးများ ဝင်းဝင်းတောက်လျက် နှာခေါင်းများနီရဲလာကာ စိတ်ဝင်တစား နားထောင်ရင်း တံတွေးတွေ မျိုမျိုချနေကြလေ၏။ နယ်တကာ၊ မြို့အနှံ့ ဟောပြောပွဲပေါင်းများစွာ ဆင်နွှဲလာသူမို့လည်း ဝိုင်းတစ်ဝိုင်းလုံးအား ထိန်းထားနိုင်လှပါဘိ။

"အဲဒီတရားခံ ကျောက်လုံးဟာ ဗလက္ကာရအမှုတွေချည်း ကျူးလွန်ခဲ့ဟာ စုစုပေါင်း ခြောက်မှုတောင်မှတဲ့ မေ... ရင်တို့ရဲ့"

သည်သို့ တစ်ဖက်သားစိတ်ဝင်စားအောင် စကားသန့်သန့် ပြောနိုင်သကဲ့သို့ အစားကလည်း တကယ့်ကိုမြန်မှမြန်။ ဝိုင်းအတွင်း၌ မည်သူမည်ဝါ မှာထားမှန်းမသိသော အမြည်းတို့အား တစ်ပန်းကန်မှ လက်လွတ်မပေး။ မြေပဲလှော်ကို အခွံပင်မပွတ်တော့ဘဲ ဝါး၏။ ငါးသလောက်ပေါင်းတုံးကို ဖွဲ့၏။ ပြောင်းဖူးကင်ကို တွယ်၏။ ကန်စွန်းပလိမ်းကို တီး၏။ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းကို မြုံ့၏။ ကြက်ခွေးတောက်ကိုသောက်၏။ ငါးကင်၏ခေါင်းကို စုပ်၏။ ဝက်ဆီဖတ်ကို နှိုပ်၏။ ကြက်



ရိုးသုပ်ကို အုပ်၏။ အတော့် ကို ဝါးနိုင်၊ ဖွဲ့နိုင်၊ တွယ်နိုင်၊ တီးနိုင်၊ မြုံ့နိုင်၊ သောက်နိုင်၊ စုပ်နိုင်၊ နှိုပ်နိုင်၊ အုပ်နိုင်လွန်းသော ကြို့ပင်ကောက်ဆရာငြိမ်းပါတကား။

ကျွန်ုပ်တို့ဆရာတပည့်ကား ကိုယ့်ဝမ်းနာ ကိုယ်သာသိကြလေသည်မို့ ပါလာသောငွေကြေးကို ချိန်စက်ရင်း ဝီစကီနည်းနည်းအား ရေများများရောကာ အချဉ်ထုပ်ကိုဖောက်၍ တို့ကနန်းဆိတ်ကနန်း မြုံ့နေကြတော့သည်။

"ကိုင်း ဘယ်လိုလဲ ပလာယာ၊ ခြောက်နေတဲ့ဦးနှောက်စိုပြီလား"

"စိုပြီ အာစရိ စိုပြီ"

"ကဲ စိုရင်လည်း လုပ်တော့ကွာ၊ တို့များ ရှေ့ဆက်ပြီး ဘာလုပ်ကြရင် ကောင်းမလဲ"

"ကျွန်တော်တို့ဂျာနယ်ကို ဒီပုံအတိုင်း ဖြုတ်စဗျင်းတောင်းတွေနဲ့ စခန်းမသွားတော့ဘဲ လိုင်းပြောင်းရင်ကောင်းမိမ့်မယ် အာစရိ"

"ဟုတ်ပြီ ဘယ်လိုပြောင်းမှာလဲ၊ လုပ်စမ်းပါဦး"

"ကျွန်တော်တို့ဂျာနယ်ကို 'နာရေးလိုင်း' ဘက် ကူးရင်ကောင်းမယ်အာစရိ"

"ဘာ ဘာ တာပြောတယ်၊ နာရေးလိုင်း ဟုတ်လားနိမိတ် မရှိ၊ နမာမရှိ၊ မင်္ဂလာမရှိကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒါ အာစရိခက်တာပဲ၊ အဲဒီစကားကို တရား မရှိလို့ အာစရိပြောတာပဲ၊ ဒီမယ်အာစရိ၊ လူတစ်ယောက် မွေးလာပြီ ဆိုရင် 'ဇာတိ' ဖြစ်ပြီးတဲ့နောက် 'ဇရာ' ဆိုတာနဲ့ ကြုံရမယ်၊ ပြီးရင် 'ဗျာတိ' ဆိုတဲ့ နာခြင်း၊ နောက် 'မရဏ' ဆိုတဲ့ သေခြင်း၊ ဒါတွေကို ရင်မဆိုင်ချင်ဘူးဆိုပြီး ရှောင်လွှဲ လို့ရမလား"

သည်သို့ ကရားရေလွှတ် ပြောဆိုပြီး ခွက်လက်ကျန် ကို မော့ချလိုက်၏။ ပြီးသော် အစီခံနားကပ်နေပြီဖြစ်သည့် ဆေးပေါ့လိပ်တိုကို ကောက်ဖွာ၏။ ထိုရောအခါဝယ် ကျွန်ုပ် လည်း တပည့်ကျော်နှင့် တန်းတူဖြစ်ရလေအောင် ခွက်လက် ကျန်ကို မော့ချလိုက်လေတော့၏။

ထို့နောက် လက်ကျန်ပုလင်းပြားကို ဖွင့်ကာ ခွက်နှစ် ခွက်အတွင်း မျှထည့်လိုက်လေသည်။

"အေး မင်းပြောတာလည်း ဟုတ်ပေသားပဲကွ၊ လူဆို တာ အို၊ နာ၊ သေဘေးဆိုတာကို ရှောင်လွှဲချင်တိုင်းရှောင်လွှဲ လို့မှ မရတာကလား"

"အဲဒီလိုမျိုး နားခွက်ကမီးတောက်စမ်းပါ အာစရိရဲ့၊ ဒိုးဝေးတယ်ဆိုတာ ကောင်းတာမဟုတ်ဘူး၊ ကျွန်တော်တို့ ဂျာ နယ်ကို နာရေးလိုင်းပြောင်းလိုက်ရင် ပေါက်ကိုပေါက်စေရမယ် လို့ တပည့်အာမခံတယ် အာစရိ၊ အဲဒီမှာ သေချိန်မတန်ခင်



သေသွားရတဲ့ အက်ဆီးဒင့်ကေ့စ်တွေ၊ လူသတ်ခံရမှုသတင်း တွေ၊ ရန်သူမျိုးငါးပါးကြောင့် ဘဝတစ်ပါး ပြောင်းသွားရတဲ့ နာရေးတွေကို သတင်းအဖြစ်ထည့်မယ်ဗျာ၊ အနယ်နယ်အရပ် ရပ်မှာရှိနေတဲ့ နာရေးကူညီမှုအသင်းရဲ့ လိပ်စာတွေကို ဖော်ပြ ပေးမယ်ဗျာ. . .

. . . . လူတစ်ယောက် သေပြီဆိုရင် ဘယ်အခေါင်းနဲ့ သင်္ဂြိုလ်မလဲ၊ အခေါင်းအမျိုးမျိုးရဲ့ ဈေးနှုန်းသတင်းတွေ၊ အသု ဘပို့ယာဉ် ဈေးနှုန်းသတင်းတွေ၊ ပန်းခွေ၊ ပန်းခြင်း ဈေးနှုန်း တွေ၊ အုတ်ဂူလုပ်မယ်ဆိုရင် ဘယ်လိုအနေအထားဆို ဘယ် ဈေး၊ အဲဒါတွေကိုလည်း ဖော်ပြပေးမယ်. . .

. . . ပြီးတော့ ရောဂါဝေဒနာ အလူးအလဲခံစားနေရပြီ ဆိုရင်လည်း ဘယ်ဆေးရုံမှာ၊ ဘယ်ဆေးခန်းမှာ တက်ချင်သလဲ၊ ဘယ်လို ဆရာဝန်ကြီးတွေနဲ့ ကုချင်သလဲ၊ ဘယ်လိုနာ့စ်မျိုးငှား ချင်သလဲ၊ ဆေးရုံတက်မယ်၊ ဆေးခန်းတပ်မယ်ဆိုရင် အခန်း ခဈေးနှုန်းတွေ ဘယ်လိုရှိသလဲ၊ ဘယ်မြန်မာသမားတော်တွေ ဟာ ဘယ်လိုရောဂါမျိုးတွေ ကုပေးနေသလဲ၊ ဆေးဝါးတွေရဲ့ ဈေးနှုန်းတွေ အဲဒါတွေကိုလည်း ဖော်ပြပေးမယ်. . .

. . . အဲသည်လို လိုင်းပြောင်းလိုက်တဲ့ ကျွန်တော်တို့ ဂျာနယ်ကိုသာ လက်ကိုင်ထားမယ်ဆိုရင် စိတ်ချမ်းသာကိုယ် ချမ်းသာနဲ့ သေပျော်ပြီလို့တောင် ကောက်ချက်ချသွားလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



အာစရိ"

"တယ်ဟုတ်ပါလား ပလာယာ"

"ဟုတ်မှာပေါ့ အာစရိရယ်၊ အကြံအဖန် စုံပါပလာယာဖဲ ဥစ္စာ၊ ပြောမယ်ဆိုရင် အများကြီးပဲ အာစရိ၊ နေ့စဉ်ထုတ်သတင်းစာတွေမှာ နာရေးကြော်ငြာဆိုတာ မပါမဖြစ်ပဲ မဟုတ်လား၊ တစ်နေ့တစ်နေ့ မရဏသဘောနဲ့ ကိစ္စချောနေကြတာ နည်းမတဲ့လား၊ ကိစ္စချောတဲ့လူတိုင်း ကိုယ့် အခက်ခဲနဲ့ကိုယ် နာရေးကြော်ငြာကို မထည့်နိုင်ကြဘူး၊ ကျွန်တော်တို့ဂျာနယ်က နေ့စဉ်ထုတ်မဟုတ်လို့ အဲသည်လိုမျိုး ကြော်ငြာကို မထည့်နိုင်ပေမယ့် လလည်ဆွမ်းသွပ်တို့၊ နှစ်ပတ်လည်အမှတ်တရတို့အတွက် ကြော်ငြာကို စပါယ်ရှယ်ထည့်ပေးမယ်ဆိုရင် ကြော်ငြာခတင် နည်းမတဲ့လား"

"ဟုတ်ပေသားပဲကွနော်"

"ဟုတ်ရမှာပေါ့ အာစရိရယ်၊ တယ်လီဖုန်းကလေးသာ ဆက်လိုက်၊ ကာယကံရှင်တွေတောင် လာစရာမလိုဘူး၊ ကျွန်တော်တို့တိုက်မှာလက်တိုလက်တောင်းခိုင်းတဲ့ 'ဆဋ္ဌဂံဇေဇင်ရိုင်း' ဆိုတဲ့ငတိကို ကော်မရှင်ပေးမယ်၊ ကြော်ငြာသွားယူဆိုပြီး ခိုင်းလိုက်ရုံပဲ. . .

. . . ကျွန်တော်တို့ဂျာနယ်သာ ထွက်ကြည့်၊ အခေါင်းအမျိုးမျိုးရောင်းတဲ့ဆိုင်တွေ၊ ပန်းခြင်း၊ ပန်းခွေရောင်းတဲ့ဆိုင်တွေ၊ အသုဘအလှပြင် မိတ်ကပ်ပညာရှင်တွေ၊ ယပ်တောင်လုပ်ငန်းရှင်တွေ၊ အချိုရည်၊ သောက်ရေသန့်ဘူး လုပ်ငန်းရှင်တွေ၊ အသုဘ အငှားယာဉ်တွေအားလုံး ကြော်ငြာလာထည့်ကြမှာပဲ၊ ဒါဆို တပည့်တို့ အာစရိတို့ အခြေအနေ မကောင်းဘဲ နေမတဲ့လား၊ စွပ်ပရားဆိုရင် သွားတောင်အအေး ပတ်မလား မပြောတတ်ဘူး"

"အေး ဟုတ်တယ်ကွ၊ ဒါပေမဲ့ အဲသည်လိုမျိုး ငါတို့ လိုင်းပြောင်းလိုက်ရင် စွပ်ပရားက သူ့ဂျာနယ် မင်္ဂလာမရှိဘူး ဆိုပြီး လက်ခံပါ့မလား"

"မပူနဲ့ အာစရိ၊ ဒီအတွက် ဘာမှမပူနဲ့၊ စွပ်ပရားရဲ့ အကြောကို တပည့်သိတယ်၊ ငတိက ငွေသာရမယ်ဆိုရင် ဘာလုပ်ရလုပ်ရ လုပ်မယ့်လူစား အာစရိရဲ့၊ လက်ရှိ သူ့ရဲ့ လုပ်ငန်းခွဲတွေဖြစ်တဲ့ ဘော်တယ်လုပ်ငန်း မဆလာလုပ်ငန်း မီးသွေးလုပ်ငန်း ယောက်ျား အတွင်းကြောအားတိုးဆေး လုပ်ငန်း အဲဒါတွေကိုရပ်ပြီး အသုဘ ပန်းခြင်း၊ ပန်းခွေလုပ်ငန်း၊ အသုဘယပ်တောင်လုပ်ငန်းတွေတောင် မလုပ်ဘူးလို့ မပြောနိုင်ဘူး၊ အသုဘကန်ထရိုက်တောင် ဆွဲချင်ဆွဲမယ့် လူစား အာစရိရဲ့၊ လူတွေမှာ စားဝတ်နေရေးသာ အရေးကြီးတာ မဟုတ်ဘူး၊ သေရေးကလည်း အရေးကြီးတယ် အာစရိရဲ့"

ကျွန်ုပ်၏ တပည့်ကျော်ပလာယာကား အာ...ပါတည်း။

www.burmeseclassic.com



သည်လိုတပည့်မျိုးကိုအမွေးကောင်း၍ အာစရိဖြစ်သောကျွန်ုပ်ကိုရွှေတောသားလည်း အာပတ်တွေလွတ်ပေါင်းမနည်းတော့။ ကောင်းလှင့်တေး၊ ကောင်းလှင့်တေးပါ ပလာယာ။



နောက်တစ်ရက် ဂျာနယ်တိုက်ကိုရောက်တော့ တပည့်ကျော် အကြံပေးဆရာပလာယာက ကြိုရောက်နှင့်နေသည်။ တောက်တိုမယ်ရ ဆဌဂံဇင်ရိုင်းမှာမူ ဘယ်နေရာ၌ သဝေထိုးနေလေသည်မသိ။ အရိပ်အယောင်ပင် မမြင်ရသေး။

"ဒီကနေ့ စွပ်ပရား ရောက်လာရင် ကောင်းမယ်ကွာ"

"ဟုတ်တယ်အာစရိ၊ တပည့်တို့ ရှေ့ဆက်ရမယ့် လုပ်ငန်းတွေ ဆွေးနွေးဖြစ်တာပေါ့၊ သူ့ဆီသွားပြီး ဆွေးနွေးရအောင်လည်း သူက ဘယ်မိန်းမအိမ် ရောက်နေတယ်မသိ"

"ဟုတ်ပါ့ကွာ တို့လို ရုပ်ချောသဘောကောင်းတွေကျတော့ မူးလို့ ရူစရာကိုမရှိ၊ စွံကို မစွံနိုင်ဘူး၊ မီးသွေးခဲတာ အဘခေါ် ရမယ့် ခွေးပစ်တဲ့တုတ်၊ မည်းမည်းသည်းသည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တော့ စွံလိုက်တာမှ တကယ့်ကို ထည်လဲ"

"ငွေမျက်နှာများ တယ်လည်းကြီးပေသကိုး အာစရိ ရယ်"

ထိုစဉ်ခဏ အောက်ထပ်အခန်းမှ ချာတိတ်တစ်ယောက် ရောက်လာပြီး . .

"တယ်လီဖုန်းလာနေတယ်"

ဟုပြောလာလေ၏။

"ကိုင်း. . . . မင်းပဲ အောက်ဆင်းပြီး ဖုန်းကိုင်လိုက်ပါ ပလာယာရယ်၊ ညတုန်းက မင်းအကြံပြုထားတာတွေကို စွပ်ပရား ရောက်လာခဲ့ရင် အသေးစိတ်ဆွေးနွေးနိုင်အောင် အချက်အလက်တွေ ရေးလိုက်ဦးမယ်"

"ကောင်းတယ် အာစရိ"

ပြောပြောဆိုဆိုနှင့် ပလာယာလည်း အောက်ထပ်သို့ ဆတ်တောက်ဆတ်တောက်ဖြင့် ဆင်းသွားလေ၏။ ထိုအခါ ကျွန်ုပ်လည်း လိုင်းပြောင်းမည့်ဂျာနယ်အတွက် အကြောင်းရပ်အချို့ကို အမှတ်စဉ်ရေးထိုးရင်း တေးထားသည်များအား ရေးနေမိလေ၏။ မကြာခင်မှာပင် အောက်ထပ်ဆီမှ ပလာယာ ပြန်တက်လာသည်။

"အာစရိရေ လုပ်လက်စအလုပ်တွေ ခဏရပ်ထားလိုက်ဦးဗျို့၊ အရေးပေါ်နေပြီ"



"ဟ ဘာများဖြစ်လို့ပါလိမ့်ကွာ"

စွပ်ပရားလေစွပ်ပရား သူဖော်တဲ့ အကြောသန်ဆေးကို သူပြန်စားတာ ဆေးတွေလွန်လို့ အရေးပေါ်ရောက်နေသတဲ့၊ သူ့ရဲ့ တတိယမြောက်မဒီ ဖုန်းဆက်တာ၊ အဲဒါ တပည့်တို့ အကျိုးအကြောင်း ခြေခြေမြစ်မြစ်သိရအောင် အရေးပေါ်ကို လိုက်သွားမှဖြစ်မယ် အာစရိ၊ ကိုင်း မြန်မြန်"

ပလာယာ၏ စကားအဆုံးမှာတော့ ကျွန်ုပ်လည်းကိုယ့်နဖူးကိုယ် ပြန်ရိုက်မိလေတော့၏။

ပုဗ္ဗနိမိတ်ကား ဆန်းကြယ်လှပေစွ။

နာရေးလိုင်းသို့ပြောင်းရန် ကြံစည်ကာစရှိသေး။ ထုတ်ဝေသူ စွပ်ပရားတစ်ယောက် အရေးပေါ်ရောက်နေပါချေပြီ။ ရှေ့ဆက်၍ ဘာဖြစ်ဦးလေမည်မသိ။

သြော် ပလာယာဆိုသည့် တပည့်ရယ်။ မင်းအကြံကြောင့် သေချင်စော်တောင် နံသွားရပါကလားကွယ်။ ▮

www.burmeseclassic.com

www.burmeseclassic.com



# မလို....

သူ
တွေ
ပြုံး
ပါစေ.....



**"မလိုသူတွေ ပြုံးပါစေ"**

စာပေဗိမာန်အနီး ကုန်သည်လမ်းပေါ်ရှိ ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်ရှေ့ 'လေအန်ကုန်း' မည်သော ရပ်ဝန်း၌ တိုသင်းဟိုတှာကို တစ်နေကုန် ကျောက်ချထိုင်မည့် စာပေ အရည်မရ၊ အဖတ်မရသမားများ စုံလင်နေပေပြီ။

ဎင်းတို့သည် လက်ဖက်ရည်ဆိုင်ပိုင်ရှင် အန်ကယ်ကြီးကို တစ်စက်ကလေးမှ အားနာပုံမရဘဲ ရေနွေးကြမ်းတွေကို တစ်အိုးပြီးတစ်အိုး ထည့်လဲမှာကြ၏။ လက်ဖက်ခြောက်အော်ထားသည်မှာ နည်းနေလျှင် စားပွဲထိုးကလေးများကို ယိနိုးချင်း ဟောက်ချင်တတ်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ကြီးကား ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျော်ပလာယာအပါအဝင် တကယ့်စာသမား၊ ပေသမားတွေအပေါ် ခင်မင်လေးစားစိတ်ရှိသည်မို့ အရည်မရအဖတ်မရသမားများကလည်း ထိုအချက်ကို အခွင့်ကောင်းယူ၍ ကျွန်ုပ်တို့အပေါ် ခုတုံးလုပ်ကာ ရောင်တော်ပြန်လွှတ်ကြပါကုန်၏။

"အဟမ်း အဟမ်း 'ဟဲ့ ဆိုကာ ကြိမ်တံမြှောက်မှဖြင့် လှည့်လိုရာ တိမ်ယံရောက်နိုင်ရဲ့၊ တစ်ခေါက်ပြေးမယ်ကွယ့် မိုးထိုးမဂေယာင် (အို ... ဗျ) ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်' ဟုတ်ပြီ ဟုတ်ပြီ၊ သည်ကဗျာဟာ မူလ လှည်းယဉ်ကဗျာကို ထပ်မံချဲ့ထွင် စပ်ဆိုတဲ့ကဗျာပဲ၊ ချဲ့ထွင်ပုဂ္ဂိုလ်က သတိုးပီယ ဦးချစ်စရာလေ"

လေအန်ကုန်း စကားဝိုင်းကို စာသံ၊ ပေသံ၊ ယမကာသံတို့ဖြင့် အော်ကြီးဟစ်ကြယ် စတင်ဖွင့်လိုက်သူကား ကိုရွှေတောသားထက်ပင် မြို့မေတ္တာ၊ ဘတ်စ်ကားမေတ္တာ၊ မဂ္ဂဇင်းတိုက်မေတ္တာ အပေါင်းအသင်း တော်တော်များများ၏မေတ္တာကို အတုံးလိုက်အတစ်လိုက်၊ ခြေသည်းလက်သည်းနှင့်တကွ အူသိမ်အူမ ချေးခါးပါမကျန် ရရှိထားသော မောင်ပွေကြီး (ကတောင်း) ပင် ဖြစ်လေသတည်း။

သူ အာပေါင်အာရင်းသန်စွာဖြင့် အားတက်သရော စကားဆိုနေသော်ငြား ငါ့စကားနွားရဖြစ်နေသဖြင့် ဘယ်သူမျှ



သူ့အပေါ် အာရုံမရှိကြ။ ဒါကို သူသတိမမူမိသေး။ သတိသာမူမိခဲ့လျှင် မျက်ရည်ကလေးတစမ်းစမ်း၊ နှပ်ရည်ကလေး အသွယ်သွယ် လိုရင်းကိုရှာမရချင်သာရှိမည်။ ငင်းကတော့ ငိုချင်းကဗျာရှည်ချမှာ သေချာသည်။

ငင်းယ၏နံဘေးမှာတော့ မြန်မာပြည်ပေါက် နိုင်ငံခြားသား ကလောင်ရှင် ဟဲမင်းဝေ (ခေါ်) မင်းဝေနှင့် အမ်မလီဘော်တနီ (ခေါ်) ပိန်ရှည်လှိုင်တို့ ရှိကြ၏။

ဟဲမင်းဝေသည် ဖြတ်သွားဖြတ်လာ ကောင်မလေးများ၏ စကတ်အကွဲများကို ရှုစားနေ၏။ အမ်မလီဘော်တနီကတော့ ဘယ်နေရာကများ အယ်လကိုဟောအလှူဒကာ ပေါ်လာပါမည်နည်းဟု တောင်ကြည့်မြောက်ကြည့် လုပ်နေ၏။

"ဟေ့ကောင်တွေ အဲဒီလှည်းယဉ်ကဗျာကို စရေးတာ ဘယ်သူလဲ သိလား"

"တိတ်တိတ်နေစမ်းဗျာ၊ အာရုံပျက်တယ်၊ အရေမရ အဖတ်မရ"

"အမယ် မင်းတို့ကများ ငါ့ကို ဘာအောက်မေ့လို့ ဒီလိုပြောရတာလဲ၊ မဂ္ဂဇင်းတိုက်တကာပေါ် တက်ပြီး ဖိနပ်အစုတ်နဲ့အကောင်းကို လဲစီးရဲတဲ့ မောင်ပွေကြီးကွ၊ မောင်ပွေကြီး"

"ဒါဆို လူမိသွားလို့ ကတောင်းကျိုက်ပြီး တင်ပါးနဲ့ဖဝါး

www.burmeseclassic.com



တစ်သားတည်းကျအောင် ပြေးခဲ့ရလို့ ကတောင်းဆိုတာကိုပါ ထည့်ပြောအုံးမှပေါ့ဗျ”

“အဟဲ ဟုတ်သား၊ ကဲ တော်ပါတော့ကွာ၊ ဒါတွေကို အမြစ်လှန်နေရင် ‘ဟစ်စထွီ’ ရှိုင်းရာကျပါတယ်၊ မင်းတို့မသိရင် ငါပြောပြမယ်၊ လှည်းယဉ်ကဗျာကို ရေးခဲ့တဲ့ပုဂ္ဂိုလ်က ‘ဦးရာကျော်’ တဲ့၊ ငါ့ပထွေးရဲ့ သုံးဝမ်းကွဲဘကြီးတော်တယ်၊ ပြီးတော့ သူ့ရပ်သူ့ရွာမှာ စပါးတစ်မျိုးကိုစပြီးစိုက်ပျိုးတာ အထွက်နှုန်း ဝက်ဝက်ကွဲအောင်ကောင်းလို့ သူ့နောက်မှာ လိုက်စိုက်ကြတယ်၊ အဲဒီစပါးရဲ့ နာမည်က ‘ရာကျော်’ စပါးတဲ့”

ဟုတ်သော်ရှိမဟုတ်သော်ရှိမောင်ပွေကြီး(ကတောင်း) ကတော့ဖြင့် အရှိန်ကလေးဖြင့် ‘ငါချည်းဇာတ်လိုက်’ လုပ်နေတော့၏။

လေအန်ကုန်းမှာ လူတွေ တစ်စတစ်စ စုံလင်လာခဲ့ပေပြီ။

ဂမ္ဘီရစာရေးဆရာ မောင်ပွေးရင့်က သူ၏ကလောင်ခွဲများဖြစ်သော ‘မောင်ဉာဏ်ပြယ်’၊ ‘အမော့တော်’ စသည့်ကလောင်ခွဲများဖြင့် ဟာသ လုံးချင်းဝတ္ထုများ ထုတ်ဝေခဲ့ရာ အတော်ကလေး ရောင်းစွံနေသဖြင့် လေအန်ကုန်းတစ်ဝိုင်းလုံးအား ပုဇွ၊ မုဠ၊ ပရ မည်သော စေတနာသုံးတန် ပြဋ္ဌာန်းလျက် ငါးရာတန် လက်ဖက်ရည်နှစ်အိုး မှာလိုက်၏။



“ဗျို့ ကိုမြေကြီး ခင်ဗျားက လက်ဖက်ရည်နဲ့ တည့်လိမ့်မယ်မထင်ဘူး”

“ဟုတ်တယ် တစ်ရာပေး၊ တစ်ခွက်သွားချမယ်”

ကောက်ပင်ရိပ်လှီးစကားကို ကျွမ်းကျင်လိမ္မာစွာ သုံးတတ်၍လားမသိ။ မောင်ပွေးရင့်ထံမှ ငွေတစ်ရာကျပ် ရသွား၏။ ရပြီးသည့်သကာလ တစ်ရွေး၊ တစ်ဆံခြည်၊ တစ်ဗီဇနာတလေးမျှ ဆိုင်းငံ့တော်မမူဘဲ နေရာမှထွေ့ခနဲထလျက် တစ်ဖက်လမ်းချိုးကလေးရှိ မော်တော်ဆပ် ချက်ပုန်းဆိုင်ကလေးသို့ ဝင်သွားလေတော့၏။

“ကိုပိန်ရှည်လှိုင် ခင်ဗျားကော ပက်ချင်သေးသလား”

“ဘယ့်နှယ့်ပြောလိုက်ပါလိမ့် ဆရာကိုပွေးရင့်ရယ်၊ ကိုပွေကြီးဆီက လေချဉ်တက်တဲ့အနံ့ကို ရနေကတည်းက ပက်ချင်နေတာ၊ ဒီတစ်မနက်လုံး တစ်စက်ကလေးမှ မပက်လိုက်ရသေးဘူး”

“ကိုင်း ဒါဖြင့် နှစ်ရာယူသွား”

မောင်ပွေးရင့်တစ်ယောက် သဘောမနောတွေ လွှတ်တောင်းနေသည်။ သည်လိုမျိုး သဘောသက္ကာယကောင်းမွန်၍လည်း ဂမ္ဘီရစာတွေ၊ ဟာသစာတွေကို ဟောတစ်ပုဒ်၊ ဟျော တစ်ပုဒ်ဆိုသလို ရေးထုတ်နိုင်ခြင်းဖြစ်လိမ့်မည်။

ရင်း၏ ညီအရင်းခေါက်ခေါက်တော်သူမှာ သန်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင်မူးကျတော့ စာရေးအားက သူ့လောက်မကောင်း။ စာအရေးထက် စာအဟောဘက်တွင် (ရွှေပါးစပ်ဆုကို လိုချင်သည်ထင့်) လွန်စွာမှ အားကောင်းမောင်းသန် ဖြစ်နေသည်။

"တောက် တို့များ အနုပညာ သုခုမနယ်ပယ်လည်း ပျက်စီးတော့မယ် ထင်ပါရဲ့"

ဆရာမောင်ပြာယာထံမှ မမျှော်လင့်သော စကားကြောင့် "ကမ္ဘာကြီးပျက်စီးလုနီးပြီမည်လော" ဆိုသည့် ခေတ်ဟောင်းစာအုပ်အား ရောင်းစားရန် အပေါင်းအသင်းအိမ်တစ်အိမ်မှ ဖြောင်လာခဲ့သည့် ဝေဖန်ရေးဆရာ ကိုဖြိုးပိန်ခမျာ ဆတ်ခနဲတွန့်သွားပါချေ၏။

"ဘယ်လိုတွေ ဖြစ်နေလို့လဲ ဆရာမောင်ပြာယာရဲ့ အကျိုးသင့် အကြောင်းသင့် လုပ်စမ်းပါဦး"

"ဘာဖြစ်ရမှာလဲဗျာ ဟောဒီမရဂ္ဂဇင်းတွေ ဂျာနယ်တွေကို လှန်ကြည့်လိုက်စမ်း၊ စာရေးဆရာတွေက ဝတ္ထုမရေးကြတော့ဘူးလား၊ ဒါမှမဟုတ် ထုတ်ဝေသူအယ်ဒီတာတွေကပဲ မသုံးတော့တာလား မပြောတတ်ဘူး၊ ဖော်ပြထားတဲ့ ဝတ္ထုတွေကိုကြည့်စမ်း၊ အဆိုတော် ပူစီကျော်ရှိန်း၊ အဆိုတော်ဘဲသွေး၊ အဆိုတော်ရေပိုက်၊ ဒီဂျေကျားရိုးတဲ့၊ သူတို့ဝတ္ထုတွေ၊ ဘယ့်နှယ့်ဗျာ အဆိုတော်ဟာ အဆိုတော်ပဲလုပ်ပေါ့၊ စာရေးတာ သူ့အလုပ်လား၊ ဂီတလောကနဲ့ စာပေလောကဆိုတာ တခြား



စီပဲ"

"ဟုတ်တယ် ဟုတ်တယ် ဆရာမောင်ပြာယာပြောတာကို ငါလက်ခံတယ်၊ လူမျိုးအသီးသီးဆိုတာ ကိုယ့်နိုင်ငံနဲ့ကိုယ် နေကြရတယ်၊ အခု မင်းတို့ငါတို့လည်း ကိုယ့်ရပ်ကွက်နဲ့ကိုယ် နေကြ၊ ထိုင်ကြရတယ်မဟုတ်လား ဖြိုးပိန်"

"ဟော့ကောင်ပွေကြီး၊ မင့် လစ်မစ်မပြည့်သေးရင်လည်း ငြိမ်ငြိမ်နေကွာ၊ လူကြီးသူကြီးတွေ စကားဝိုင်းကို ဝင်မနှောက်ယှက်နဲ့၊ မင်း ရှေ့ဆောင်နွားလားလုပ်လို့ မင်းရဲ့လမ်းစဉ်အတိုင်း ပိန်ရှည်လှိုင်တို့၊ မောင်ပျင်းနွယ် (မြေပြန့်) တို့ လိုက်နေကြပြီ"

"သူတို့ဘာသာသူတို့ ခြေထောက်ရှိလို့လိုက်တာ ဘာအရေးလဲ၊ ငါ့ဘာသာငါ စက်ရုံမဖောက် ဂိုဒေါင်ဖောက်တာ ဘာဖြစ်လဲ၊ မောင်ပွကြီးကွနော် တစ်ချိန်က မြို့နယ်သမမှာ မန်နေဂျာလုပ်ပြီး ကြက်ကြောက်အိတ်ဆွဲခဲ့တဲ့အကောင်၊ ဟွန်းဟွန်း နည်းနည်းလေးမှတော့ လုံးကြီးလာမတင်နဲ့ ဝတ်ဆံခတ်ရုံတင်မကဘူး၊ အောက်ကမြစ်တွေ၊ ဝစ္စနှစ်လုံးပေါက်တွေပါ ထိုးပစ်လိုက်မယ်. . .

. . . ဒါထက် 'ပုရေနိုသင်၊ ဆင်တိုင်းကြင်၍၊ အိမ်မှုနှင်းအစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးတွင်၍' ဆိုတဲ့ ကဗျာဟာ ပို့စ်မော်ဒန်မဖြစ်ဘူးလို့ မင်းပြင်းရဲသလား

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပိန်"

"မငြင်းရဲပါဘူး ပွေကြီးရာ၊ မင်းကြောင့် စကားဝိုင်းပျက်တော့မှာပဲ၊ ကိုင်း ရော့ တစ်ရာယူ သွားပြီးကစ်လိုက်ဦး"

"သြော်. . . အေး ဒီလိုလား၊ ဒါလည်း ဖြစ်တယ် သူငယ်ချင်း"

မောင်ပွေကြီး (ကတောင်း) ယိုင်တိယိုင်ထိုးနှင့် ထွက်သွားလေမှ ပြတ်တောက်သွားသော စကားဝိုင်းကို ပြန်ဆက်ရလေ၏။

"တစ်ခုတော့ရှိတယ် ကိုပြာယာရဲ့ အခုကာလမှာ လူငယ်ထုကြား အဲဒီအဆိုတော်တွေရဲ့ သြဇာက အင်မတန်သက်ရောက်ပြန့်နှံ့နေတယ် မဟုတ်လား၊ စာရေးတယ်၊ ကဗျာရေးတယ်၊ ဝတ္ထုရေးတယ်ဆိုတာ ကောင်းတဲ့အလုပ်ပါ၊ မင်းသားကြီးဝင်းဦးတို့၊ တွံတေးသိန်းတန်တို့၊ ကျော်ဟိန်းတို့၊ သုမောင်တို့၊ စန္ဒရားလှထွတ်တို့၊ စန္ဒရားချစ်ဆွေတို့၊ စိုးမြတ်သူဇာတို့ သူတို့သူတို့ဟာ ဂီတလောက၊ ရုပ်ရှင်လောကမှာ ရှိနေရင်းကနေ စာတွေရေးခဲ့ကြတာပဲ၊ သူတို့ရေးတဲ့စာတွေ ကောင်းရင် ပရိတ်သတ်လက်ခံရင် သူတို့ရဲ့ ဖြန့်ကြက်တဲ့ အနုပညာဟာ သမိုင်းတွင်ရစ်မှာပဲ. . .

. . . ရေပွက်သလိုမျိုး ပေါ်ပင်ပေါ့လေ၊ ငါးပွက်ရာ ငါးစာချတာမျိုးကတော့ ရေရှည်ခံလိမ့်မယ် မဟုတ်ပါဘူး၊ ဟိုတလောက ဟစ်ဟော့အဆိုတော်လေး စိုင်းစိုင်းခမ်းလှိုင်ရေးတဲ့ ဝတ္ထုစာအုပ်ကလေးတစ်အုပ် ထွက်လာတယ်၊ တစ်နေ့တည်းကို စောင်ရေထောင့်ငါးရာ ပြိုက်ခနဲကုန်သွားတယ်ဆိုပဲ၊ အိမ်က ကလေးတွေငှားလာလို့ ဖတ်ကြည့်လိုက်တဲ့အခါ မဆိုးဘူးဗျ၊ ဒီချာတိတ် တော်ပါတယ်၊ ကျွန်တော့်သဘောကတော့ ဓန်းတိုင်းပွင့်စေချင်တယ်၊ ပွင့်တိုင်းလည်း မွှေးစေချင်တယ်၊ အဲ အဆိပ်အတောက် လုပ်လာလို့ကတော့ အရိပ်ပျောက်အောင်ကို ဖောက်ခွဲပစ်လိုက်မယ့် ဖြိုးပိန်ပါ၊ စာပေ ဆားပုလင်း ဖြိုးပိန်လို့ ခေါ်ရင်လည်းရတယ်"



ဝေဖန်ရေးဆရာ ဖြိုးပိန်ကား နေရာတကာတွင် သူ့ကိုယ်သူ ကြော်ငြာကလေးဝင်လိုက်ရမှ အိပ်ပျော်စားဝင်ဟန်တူသည်။ ထိုခဏ ၃၈ × ၄၆ × ၁၂၀ အမျိုးအစားဖြင့် စာရေးဆရာမ ဝဝလှိုင် ဝင်လာခဲ့၏။ မျက်နှာက သိပ်မကောင်း။

"ဘယ်လိုလဲ ဆရာမ၊ ကြည့်ရတာ လန်းလန်းရွှင်ရွှင် မရှိပါလား၊ အစားအသောက် သိပ်မကောင်းလို့ထင်တယ်"

အမျိုးသမီးများနှင့်တွေ့လျှင် သူကပင် စတင်၍ နှုတ်ဆက်လိုက်ရမှ နေသာထိုင်သာရှိသော ဖြိုးပိန်က ပဋိသန္ဓာရ စကားဆိုလိုက်သည်။

"လူကတော့ နေလို့ကောင်းပါတယ်၊ အစားအသောက်

www.burmeseclassic.com



လည်း မပျက်ပါဘူး၊ စောစောလေးကတင် လာဘ်မိုးစွေစာပေတိုက်ကိုဝင်ပြီး ညာတာပါတေးနဲ့ စာရေးမလေးတွေရဲ့ ထမင်းဘူးတွေဖွင့်ပြီး တွယ်ခဲ့သေးတယ်၊ အခုတောင် ဒကာရှိရင် ပေါက်စီနှစ်လုံးလောက် ဖြိုနိုင်ပါသေးရဲ့”

တကယ်ကျွေးလျှင်ဖြင့် တကယ်ဟဲတော့မည့် ဆရာမဝဝလှိုင်ပါတကား။

လူကနေကောင်းပေမယ့် စိတ်က မကောင်းဘူး၊ ခုရွှေဒရယ် မဂ္ဂဇင်းတိုက်က ပြန်လာတာ၊ ကျွန်မဝတ္ထုပေးထားတာ သုံးလတောင်ကျော်နေပြီ၊ မဖတ်ရသေးဘူးတဲ့၊ အဲဒါက အသာထားပါ၊ ကျွန်မရှေ့မှာတင် အယ်ဒီတာက အဆိုတော်မလေးတစ်ယောက်ဆီကို ခုလအမီ ဝတ္ထုထည့်ချင်လို့ ရေးတတ်သလိုရေးပါ၊ စာမူလာယူပါရစေဆိုပြီး ဖုန်းနဲ့ဆက်နေတာကြားရတော့ စိတ်ထဲခံစားလာရပြီး ခုလိုမျိုး ဖြေမနိုင် ရေဆိုင်ဝဲခဲ့ရတာပေါ့ရှင်၊ ကျွန်မတို့တစ်တွေ နာမည်ကလေးတစ်လုံးရလာဖို့ ထင်ရှားတဲ့ ကလောင်တစ်ချောင်းဖြစ်လာဖို့ရာ အယ်ဒီတာစားပွဲတွေ အကြိမ်ကြိမ်ဖြတ်၊ အပယ်တွေခံပြီး မအိပ်မနေဇွဲနပဲနဲ့ ကြိုးစားခဲ့ကြရတယ်၊ ခုခေတ်ကလေးတွေ တော်တော်ကံကောင်းနေကြပါကလား၊ သူတို့ရဲ့ပါရမီကို လိုက်လို့မမီတော့ဘူးထင်ရဲ့၊ အင်း အလိုလိုနေရင်း ကျွန်မတို့တစ်တွေ အိုပယ်တွေ ဖြစ်ကုန်ကြပြီလား မသိဘူးနော်”



သို့ကလို စကားဆိုရင်း ဘာမပြောညာမပြောနှင့်စားပွဲပေါ်ရှိ ကော်ပြန့်ကြော်တစ်လိပ်ကို ကောက်ဝါးလေတော့၏။

“အဲဒါကြောင့်မို့ စောစောလေးကတင် ကျွန်တော်ပြောနေတာပေါ့ ဆရာမရယ်၊ ဂီတလောက က လူတွေ ဂီတလောကမှာမနေဘဲ ကျွန်တော်တို့စာပေလောကထဲ ကျူးကျော်ဝင်လာနေကြတယ်လို့ ပြောတာ”

“ဟုတ်ပါရဲ့ ကိုပြာယာရယ်၊ လွန့်ကို လွန်လွန်းပါတယ်ရှင်. . .”

သို့ကလို စကားထောက်ရင်း မည်သည့်မျက်နှာကိုမျှ ကြည့်မနေတော့ဘဲ စမူဆာတစ်ခုကို လှမ်းယူကာ ငရုတ်ဆီတွေ ညှစ်ထည့်နေလေတော့၏။ ထိုခဏ မိုးချုပ်မောင်ဖန်မည်သော စာရေးဆရာသည် ဖိတ်စာတစ်ထပ်ကြီးကို ယူလာကာ လေအန်ကုန်းရှိ ဝိုင်းတော်သူဝိုင်းတော်သားအပေါင်းအား လူစေ့တက်စေ့ ဝေငှနေလေသည်။

“ဘာတွေများတုန်း ကိုမောင်ဖန်”

“ဘာတွေရမတုန်း၊ ကျွန်တော့် တပည့်ကလေးတစ်ယောက် စည်ဘီယာနဲ့စားသောက်ဆိုင်ဖွင့်မယ်၊ ဒီညနေနော်၊ အဲဒါ လေအန်ကုန်းက စာသမားတွေ တစ်ယောက်မကျန် လာဖိတ်တာ၊ လိုင်းကားမစီးနဲ့၊ တက္ကစီငှားသာလာခဲ့၊ ဟိုရောက်ရင် ကားခရှင်းပေးမယ်၊ တစ်ပြားမှမကုန်ရဘဲ စိတ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျ သောက်ကြ၊ စားကြစေချင်လွန်းလို့ လာဖိတ်တာပဲ”

မိုးချုပ်မောင်ဖန်ကား ဖန်တီးသည့် နေရာတွင်မတော့ အင်မတိအင်မတန် အကွက်စေ့လှသူဖြစ်၏။ ခုလည်း ဘယ်ပုံ ဘယ်နည်းဖြင့် ဖန်ကွက်မိလေခဲ့သည်မသိ။

“ကျွန်တော့်တပည့်ဆိုင်က အပျံစားဗျ၊ စင်တင်တေးဂီတလည်း ရှိတယ်၊ ခင်ဗျားတို့အားလုံးကို အစားအသောက် အလျှံပယ်အပြင် စင်တင်တေးဂီတနဲ့လည်း ဧည့်ခံဦးမှာ”

ဟိုက် ရှား၊ လျှာအရသာ သာမက မျက်စိအရသာ၊ နားအရသာပါ ခံစားရတော့မည်မို့ တပည့်ကျော်ပလာယာလည်း ခြေသလုံးပလွေရိုးကို တဆတ်ဆတ်လှုပ်ကာ နေပါတော့သတည်း။



မိုးချုပ်မောင်ဖန်၏ စီစဉ်မှုဖြင့် ကျွန်ုပ်ကိုရွှေတောသားတို့ ဆရာတပည့်နှင့်တကွ သောက်တတ်စားတတ်ကြသူများသည် စားသောက်ဆိုင်ဖွင့်ပွဲသို့ ရောက်ခဲ့ပါချေပြီ။

ဤသို့ တွဲဖော်တွဲဖက်တွေ ဖြစ်ကြသော ဆရာမောင်ငြိမ်းတူ (မှို့ပင်ကောက်) နှင့် ဆရာကျော်ပျင်းမှိုင်တို့ ပါမလာ၍ လွမ်းဆွတ်မိပါသေးတော့။ သည်ဆရာနှစ်ယောက်ကား ဝါတွင်းသုံးလပတ်လုံး သေရည်သေရက်ကို တစ်စက်ကလေးမျှ မှျာပေါ်မတင်ကြ။ သစ္စာရှိရှိ ရှောင်ကြလျက် K.T.V သို့သာ သွားကြပါသတဲ့။

“ကိုင်း လာကြ လာကြ စားသောက်စရာတွေ စီစဉ်ပြီးနေပြီ၊ စင်တင်တေးဂီတလည်း စတော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



မှန်လေစွ။ လေအေးပေးစက်တပ်ထားသော အခန်းထဲဝင်လိုက်သည်နှင့် 'တင်တော် တင်တောင် ဗေတိုးပတ် ဂျမ်း ဂျမ်း ခွပ် ချွင် ချွင် ကျွိ ကျွိ' စသည်ဖြင့် တူရိယာပစ္စည်းများ စမ်းနေသံ ကြားလိုက်ရ၏။ ကျွန်ုပ်တို့လည်း ပြာလဲ့လဲ့မီးရောင်အောက်တွင် ခင်းကျင်းထားသော စားပွဲခုံကြီး၌ ဝိုင်းလိုက်ကြပြီး တစ်ခွက်တစ်ဖလား စတင်ပျိုးကြလေတော့၏။ အရသာရှိရှိ ကြော်လှော်ပေးထားသော မြည်းစရာများကို ဖဲ့ကြ၊ တီးကြကုန်၏။ သို့စဉ်မောင်မြေပွေး (မြန်မာစာ) ၏နှုတ်ဖျားမှ 'သည်လိုညများ ×× တစ်ရာမကအောင် ××× တွေ့ပါရစေ' ဆိုသည့် တေးသီချင်းသံ ပေါ်ထွက်လာလေရာ ပြုံးမိသေးတော့သည်တမုံ့။

မောင်ပြာယာကား -ဝီစကီသမားမို့ ဘီယာကို မမက်။ ဝီစကီထဲ ရေခဲထည့်၊ ဆိုဒါစပ်ဟာ စောင်းဆရာပီပီ ဂီတစင်မြင့်ကို ငေးကြည့်နေလေသည်။

သိပ်မကြာလိုက်။ စင်မြင့်ဆီမှ မိတ်ဆက်စကားသံပေါ်ထွက်လာလေသည်။

"ဟုတ်ကဲ့ မင်္ဂလာရှိသော ညချမ်းပါခင်ဗျား၊ ခုလိုမျိုး မင်္ဂလာရှိတဲ့ညချမ်းမှာ ကျွန်တော်တို့ရဲ့ ဆိုင်သစ်ဖွင့်ပွဲလေးကို မအားလပ်တဲ့ကြားကနေ တခုတ်တရ လာရောက်အားပေးကြတဲ့ ဧည့်သည်တော်တွေ၊ တာနယ်ဇင်းအဖွဲ့တွေကို အထူးပဲ



ကျေးဇူးတင်ရှိပါတယ်ခင်ဗျား၊ အားမနာတမ်း သုံးဆောင်ကြစေချင်ပါတယ်၊ သုံးဆောင်ရင်းနဲ့အတူ ဂီတစကြဝဠာအဖွဲ့ကနေ တေးသံသာတွေ စတင်ဖြေဖျော်ပါတော့မယ်၊ ပထမဆုံးစတင်ဖြေဖျော်မှာကတော့ ဂီတစကြဝဠာ အဖွဲ့သူအဖွဲ့သားတွေရဲ့ မိသားစုကန်တော့ပွဲပဲ ဖြစ်ပါတယ်"

"ရွှီ ဖြောင်း ဖြောင်း ဖြောင်း"

အစီအစဉ်ကြေငြာလိုက်သည်နှင့် လက်ခုပ်သံများမှာ ဆူညံသွားလေတော့၏။ ဆလိုက်မီးရောင်စုံသည် စင်မြင့်ထက်ဝယ် ခပ်မှုင်မှုင်လေးလည်ပတ်နေရာ အဆိုတော် ဘယ်သူဘယ်ဝါဆိုတာ သတိမထားမိ။ အမျိုးသားအဆိုတော်တွေက မြန်မာဆန်ဆန် တိုက်ပုံတွေနှင့်။ အမျိုးသမီးအဆိုတော်တွေကလည်း ပဝါစတွေ ကိုယ်စီချလျက် တကယ့်ကို သားသားနားနား။ ဆိုဟန်ဆိုပေါက်တွေကလည်း နားဝင်ပီယံ ရှိလှပါဘိ။

"××× ချစ်သောဖေဖေ ×× ချစ်သောမေမေ ×× သားတို့ သမီးတို့ ×× လက်ဆယ်ဖြာယှက်ကာမိုးလို့ ×× ရှိခိုးလို့ ကန်တော့ ပါရစေ ×× ကျေးဇူးရှင် ×× ဒယ်ဒီနဲ့ မာမီ ×× ကျေးဇူးရှင် ×× ပါပါနဲ့ မာမာ ××"

"ဟေး ရွှီး ဖြောင်း ဖြောင်း ဖြောင်း"

လူမျိုးစုံ ပရိတ်သတ်တွေက နှစ်ထောင်းအားရွှော

www.burmeseclassic.com

www.burmeseclassic.com



ဩဘာပေးအပြီးမှာတော့ အဆိုတော်တွေ တစ်ဦးချင်းအလိုက် ဆလိုက်ထိုးပြီး ပရိတ်သတ်နှင့် မိတ်ဆက်ပေးလေ၏။

အမျိုးသားတေးသံရှင်တွေကား ဆရာ မော်ဝန်းစီပလပ်၊ ဆရာမောင်ပန်းနွယ် (ညောင်ကန်)၊ ဆရာ သုဗလလော်ပိန်တို့ ဖြစ်ကြ၏။ အမျိုးသမီးတေးသံရှင်တွေကား ဆရာမ အိုးခြမ်းခွဲ (ရာမည)၊ ဆရာမဇလုံခွက်သယ်၊ ဆရာမ ကျည်ပွေ့အိမ်တို့ ဖြစ်ကြ၏။

"ဗျို့ ဆရာကိုပြာယာကြီး မနက်တုန်းက အဆိုတော်တွေ စာရေးလာကြတာ ဘဝင်မကျဘူးဆို၊ ခု ကျုပ်တို့စာပေလောက, က စာရေးဆရာ၊ ဆရာမတွေ သီချင်းဆိုနေတာကျတော့ ဘာပြောမလဲ"

"အယ် အယ်"

ဝီစကီခွက်ကိုကိုင်ရင်း ဆရာမောင်ပြာယာ ဘာမျှမပြောနိုင်တော့။ သည်ခဏ ကျွန်ုပ်တို့ ဆရာတပည့်လည်း အချင်းချင်း အကြည့်ချင်းဆုံခေါင်းချင်းညိတ်မိကြလျက် အပြုံးကိုယ်စီပြုံးမိကြရင်း ဖန်ခွက်နှစ်ခွက်အား "ချီးယားစ်. . ." လုပ်လိုက်ကြပါတော့သတည်း။ ။



## "ထူးထူးခြားခြားကံစမ်းမဲ"

"ဘယ်လိုလုပ်ကြမလဲ အာစရိ"

သို့ကလို အရင်းမရှိအဖျားမရှိစကားကို ဆိုလာသူကား ဉာဏ်ကိစ္စ၌ 'ဉာဏ်ဖြူ' 'ဉာဏ်နီ' 'ဉာဏ်ညို' 'ဉာဏ်ပြာ' တို့သာမက 'ဉာဏ်နက်'ပါ မထွက်ထွက်အောင် ညှစ်ထုတ်နိုင်စွမ်းရှိပေထသော တပည့်ကျော်ပလာယာပါတည်း။

"ဟ. . မင်းစကားက အရင်းမရှိ အဖျားမရှိနဲ့ ဘာကို ဘယ်လိုလုပ်ရမှာတဲ့လဲဟ"

"အာစရိရယ် 'ဂျာနယ်လစ်'အမည်ခံပြီး ဟိုမသိဒီမသိ ဖြစ်နေတာတော့ မမိုက်ဘူးဗျာ၊ချက်ဆိုနားခွက်က နားဖာချေး

www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေဖို့ လိုသဗျ"

"ဟ. . . လောကမှာ 'အာစရိ' ဖြစ်တယ်ဆိုတိုင်း၊ 'ဂျာနယ်လစ်' အမည်ခံတိုင်း အရာရာဘယ်သိနိုင်မှာတဲ့လဲ၊ ဒါဖြင့် မင်းလည်း 'ဂျာနယ်လစ်' လို့ အမည်ခံထားတော့ မေးရအုံးမယ်၊ တို့မိတ်ဆွေကြီး မောင်ငြိမ်းတူ (မှို့ပင်ကောက်) တစ်ယောက် ဝါတွင်းကာလမှာ ဘာလုပ်သလဲ မင်းသိသလား"

"သိတာပေါ့၊ အာစရိရဲ့၊ ဝါတွင်းသုံးလ ကာလပါတ်လုံး သုရာမေရယကံကို ထိန်းတယ်၊ သက်သတ်လွတ် စားတယ်၊ မနက်မနက်ဆို ဂျင်မခါနာကနေ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထိ ခြေတစ်ပေါင်ကျိုးပြေးတယ်၊ လူသွားလူလာကင်းတဲ့နေရာဆိုရင် ကင်းမြီးကောက်ထောင်တယ်၊ အဲသလိုမျိုးကျန်းမာရေးလိုက်စားတာ၊ အဲဒါကြောင့်ထင်ပါရဲ့ အသက် ၈၀ နားကပ်နေတာတောင် အသက် ၅၀ ကျော်လောက်ထင်ရတယ်"

"ဟား. . ဟား. . . ဟား. . ရယ်ချင်လိုက်တာ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော လာလာချေသေးကွယ်၊ ဒီပုဂ္ဂိုလ်က ဘယ်တော့မှအသက်မှန်ကို မပြောဘူး၊ ကိုင်းထားပါတော့ ရှုံးပိတ်ရက်မင်းလည်း မြို့ထဲမထွက်၊ ငါလည်းမြို့ထဲမထွက်တဲ့ရက်မျိုးမှာ ထုတ်ဝေသူ ကိုအောင်ကျော်ပြုံးနဲ့ပေါင်းပြီး ကာရာအိုကေဆိုင်တွေ၊ ကေတီဗွီဆိုင်တွေ သွားသွားနေတာ မင်းသိလား"



"အဲ. . အင်း. . ဒါ. . ဒါတော့"

"ဒီလိုပေါ့ကွာ မင်းတို့ငါတို့ ပုထုဇဉ်တွေဆိုတာ ဒိဗ္ဗစက္ခုဉာဏ်ရထားတဲ့သူတွေမှ မဟုတ်ကြတာပဲ၊ သိတာလည်းရှိ သလို မသိတာလည်းရှိပေသပေါ့"

"ဟုတ်ပါပြီ အာစရိရယ်၊ မပြည့်မစုံမစမ်းမဆင်မခြင် ဘ်နဲ့ ပြောမိဆိုမိတာ တောင်းပန်ပါတယ်"

"ရပါတယ်ကွာ တစ်ယောက်နဲ့တစ်ယောက် တောင်းပန်နေရမယ့်သူတွေ မဟုတ်ပါဘူး ပုလင်းတူအဖုံးပိတ်တွေပဲ ဟာ"

သည့်နောက် ဆရာတပည့်နှစ်ယောက် သဘောထားညီမျှသွားကြကာ ပလာယာတင်ပြသောကိစ္စအား လေးလေးနက်နက်တိုင်ပင်ဆွေးနွေး မိကြလေ၏။

"အခြေအနေ မကောင်းတာတော့ တကယ်မကောင်းဘာ အာစရိရဲ့၊ အာစရိတို့ ကျွန်တော်တို့ရဲ့ 'မဖြစ်ညစ်ကျယ် ဂျာနယ်' ဟာ ဝယ်ဖတ်ဖို့နေနေသာသာ ဖင်ခုထိုင်ဖို့တောင် 'ကွာလတီ' မဟုတ်လို့ အလကားလက်ဆောင်ပေးမယ်ဆိုရင်တောင် အင်တင်တင်ဖြစ်နေကြပြီ"

ပလာယာ၏ စကားကား ရင်မောဖွယ်ရာအတိ။ သည်ခေတ်ကာလ ထွက်လာလိုက်ကြသည့်ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေဆိုသည်မှာ ဝမ်းစမိုးရေသောသော်ညံပါဘိ။ သတင်းဆိုင်ရာအာ

www.burmeseclassic.com



လည်း ဘယ်သူတွေ ထုတ်ဝေခွင့်လျှောက်ကြမလဲ။ စည်းကမ်း သတ်မှတ်ချက်တွေနှင့် ကိုက်ညီမည်၊ လိုက်နာဆောင်ရွက်နိုင် မည်ဆိုလျှင်ဖြင့် 'ကိုင်း ထုတ်ချင်သလောက်သာ ထုတ်ကြစမ်း' ဟူ၍ သဘောကောင်းစွာ ချပေးနေလေတော့ ငွေယားကလေး တွေရှိပြီးသကာလ ထုတ်ဝေသူ ဖြစ်ချင်သူ၊ အယ်ဒီတာချုပ် အမည်ခံချင်၍ တာဝန်ခံအယ်ဒီတာအမည်ခံချင်၍ လှိမ့်ဝင် လာကြသူတွေက များမှများ။ ထိုရောအခါဝယ် စာပေလောက မိုးကောင်းကင်၌ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေဆိုသည်မှာ တစ်မိုး လုံးဖျောက်ဆိပ် ဖြစ်ကုန်ကြလေတကား။ ဂျာနယ်၊ မဂ္ဂဇင်း အရေအတွက်တွေသာ တိုးပွားသည်ထက် တိုးပွားလာသည်။ ဖတ်ရှုသူဦးရေက တိုးမလာ။ တိုးမလာသည်က အကြောင်း မဟုတ်။

မူလရှိနေကျ စာဖတ်ပရိသတ်သည် အသစ်ထွက်လာ သော ဟိုဂျာနယ်ကောင်းနိုးနိုး။ သည်ဂျာနယ်ကောင်းနိုးနိုးဖြင့် ဖတ်နေကျဂျာနယ်၊ မဂ္ဂဇင်းကို လေစိမ်းတိုက်လျှက် ငါးကင်ကို ပစ်လိုက်လေရာ ကျွန်ုပ်ကဲ့သို့သော စောင်ရေအိပွဲအိပွဲကလေး ဖြစ်နေသည့် မဖြစ်ညစ်ကျယ်ဂျာနယ်အဖို့ တစ်ပတ်ပင်မကျော် လိုက်ရဘဲ 'ဟပ်ကော့' ဖြစ်သွားရချေသည်တစ်မုံ။



"ကိုင်း. . ဘာလုပ်လို့ ဘာကိုင်ကြမလဲ ဟုတ်စ"

ဤစကားကို ဆိုလာသူကား မဖြစ်ညစ်ကျယ်ဂျာနယ် ဒိုင်နင်ဆာစွပ်ပရားဖြစ်ပါ၏။ (၎င်းပြောဆိုသမျှ စကားသံ င်းရေးပြရလျှင် မဆာလာနံ့တွေဟောင်နေသည်မို့ ပရိတ် အတွက် စေတနာရှေ့ထားကာ ဗမာစကားသံအတိုင်း၊ ပေါင်းသတ်ပုံမှန်အတိုင်း ရေးပြလိုက်ပါ၏။ စကားချပ်)

"ဟုတ်တယ် ဆရာမိုးမြင့်အာကာယ်"

သည်စကားကို ဆိုလိုက်သူမှာ တပည့်ကျော်ပလာယာ ၊ ပလာယာကားအညာကို သိသူဖြစ်၏။ စွပ်ပရားသည် ို စွပ်ပရားဟုခေါ်လျှင် ကျွဲမြီးတိုတက်သူဖြစ်၏။ မဖြစ် ကျယ်ဂျာနယ်၌ ဝုံမဟုတ်၊ ပတ်မဟုတ်သော အမည်၊

www.burmeseclassic.com

www.burmeseclassic.com



ကြီးကန်းမည် ပေါက်တက်ကရစာများအား ရေးသားသေ
ကလောင်အမည်ကို ခေါ်မှသာ ရွှေဘောတော်ကျလေသဖြ
အရိပ်သုံးပါးနားလည်သော ပလာယာလည်း ဤသို့ဤပုံ ထို
ထိုနည်း ပရိယာယ်ဝေဝုစ်ကို သုံးလိုက်ခြင်းဖြစ်ကြောင်း ကျွန်
နားလည်လိုက်ပါ၏။

"သည်အတွက်တော့ ခင်ဗျားတို့ဆရာ တပည့်န
ယောက်ဘာတစ်ခုမှ ခေါင်းမစားကြပါနဲ့၊ မိုးမြင့်အာကာယ်
'ဒါ' ရှိပါတယ်"

ဟုဆိုလျက် ညာဖက်လက်ညှိုး မည်းမည်းသည်းသည
ကလေးဖြင့် ၎င်း၏နားထင်ကို ထောက်ပြလေ၏။ ကျွန်ုပ်လည
ဝမ်းမြောက်ဝမ်းသာဖြစ်ရလေ၏။ နဂိုမူလအထင်က ကျွန်ုပ်
အား အစွမ်းအစမရှိသူများဟု အထင်အမြင်သေးကာ အ
တင်စကားဆိုလိမ့်မည် ထင်ခဲ၏။ ယခုမူထင်ထားသမျှ လွဲမှာ
သွားသဖြင့် ပူလောင်သောသက်ပြင်းကို ဝေ မရိပ်မိရအေ
အောင် ခိုးချလိုက်ရလေတော့၏။

"တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်၊ ဒါကြော
လည်း စီးပွားရေးဈေးကွက် တခွင်မှာ ကိုစွပ် အဲ. . . ကိုမိုးမြ
အာကာယ်က နာမည်တစ်လုံးတွင်နေတာပါပဲ"

"သက်စ်ရိုက်. . . မှန်တယ် ဆရာကိုရွှေတောသာ
လောကမှာ ဘက်နှစ်ဖက်ပဲရှိတယ်၊ မအောင်မြင်ရင် ကျဆုံး



မယ်၊ မကျဆုံးရင် အောင်မြင်မယ်ဆိုတော့ကာ ခုကျုပ်တို့ မဖြစ်ညစ်ကျယ်ဂျာနယ်ဟာ ကျဆုံးနေတယ်ပဲ ထားလိုက်ပါ တော့၊ ဘာကြောင့်ကျဆုံးရသလဲ၊ လူမဖတ်လို့၊ လူမဖတ်တော့ မရောင်းရတော့ဘူးပေါ့၊ ရှုံးပြီပေါ့။ အဲ. . . အဲဒါကို ပြန်ပြီး သုံးသပ်ရမယ်၊ လူဖတ်အောင် ဘာလုပ်ရမလဲ၊ လူတွေမဝယ် ချင့်ဝယ်ချင်ဖြစ်အောင် ဘာလုပ်ရမလဲ၊ ဒီပုစ္ဆာလေးကိုပဲ အဖြေ မှန်အောင်ထုတ်နိုင်ပြီဆိုရင် ကျုပ်တို့ ကျဆုံးနေသမျှ ပြန်ပြီး အောင်ပွဲခံနိုင်မယ်"

တကယ်လာတဲ့ ကိုကိုမဟုတ်၊ တကယ့်လာတဲ့ စွပ်ပရား ပါတကား။ သည်စကားအသွားအလာကို နားထောင်မိသည့် ခဏ။ 'ခွေးပစ်သည့်တုတ်' ဟူ၍ ကျွန်ုပ်မှတ်ယူမိခဲ့သည့်အပေါ် နောင်တရချင်ချင်ဖြစ်သွားရပါလေ၏။

"ကိုင်း အဖြေရှာကြည့်ကြရအောင်၊ လူတွေကျုပ်တို့ ဂျာနယ်ဝယ်ဖတ်ချင်လာအောင် ဘာလုပ်ရမလဲ၊ ကိုင်း အယ်ဒီ တာချုပ် တာဝန်ယူတဲ့ ကိုရွှေတောသားကစပြီး ပြောပါအုံး၊ ဘရားသားလီးပေါ့ဗျာ"

ထိုသို့ အမေးရှိလာတော့လည်း ညိုညစ်မည်းပြာနေ သည့် စက္ကူကိုပြောင်းလဲပစ်ရန် အတွက်သတိရလိုက်သည်။

"စက္ကူအရည်အသွေးကိုမြှင့်ဖို့လိုတယ်၊ ဘားပြာအစား ဝုံးဖရီးပြောင်းပြီး လေးရောင်တွေ၊ နှစ်ရောင်တွေ မျိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ဖို့လိုတယ်"

"ကိုင်း. . . တာဝန်ခံအယ်ဒီတာကြီး ပြောပါအုံး"

"အင်း. . . ဒီကာလမှာ လူတွေကို ဖမ်းစားနေတာက ကိုရီးယားရောဂါဆိုတော့ကာ ကိုရီးယားဇာတ်ကားတွေ လွှင့်နေတဲ့အချိန်ကြားကနေ ကျွန်တော်တို့ဂျာနယ်ကို ဖြတ်ပြီး နှစ်မိနစ်စာလောက် ကြော်ငြာထိုးပေးရင်ကောင်းမယ်၊ ပြီးတော့ နေ့စဉ်ထုတ် သတင်းစာမှာလည်း ဂျာနယ်ထွက်မယ့်ရက်ထက်စောပြီး ကော်လံများများယူလို့ ကြော်ငြာထည့်ရင် ကောင်းလိမ့်မယ် ကိုမိုးမြင့်အာကာယံ"

"နိုး. . နိုး. . နိုး ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်တင်ပြတာတွေဟာ ကျုပ်မွဲပြာတေပြီး ဒေဝါလီခံရမယ့်အိုင်ဒီယာတွေပဲ၊ ရောင်းလို့ရမယ့်ပိုက်ဆံနဲ့ ကြော်ငြာထည့်ခမကာမိနိုင်ဘူး၊ စက္ကူဈေးကလည်းခေါင်ခိုက်၊ ကာလာစပရင်နဲ့ ကာလာခွဲခတွေက မိုးထိ၊ စက်ရိုက်ခတွေကလည်း တလူလူလွင့်နေတဲ့ဥစ္စာ၊ အဲဒါတွေလုပ်မိရင် ပြာဖို့ပဲရှိမယ်၊ ဒီကနေ့ခေတ်ဟာ ကျုပ်ရဲ့စီးပွားရေးအတွေ့အကြုံအရဆိုရင် ကံစမ်းမဲခေတ်ဗျ၊ ကံစမ်းမဲခေတ်"

"ကံစမ်းမဲခေတ်ဟုတ်လား"

"ဟုတ်သဗျာ ကနေ့ နာမည်ကျော်နေတဲ့ ကုန်ပစ္စည်းတော်တော်များများဟာ ကံစမ်းမဲနဲ့ ဘယ်မှာလွတ်သလဲ၊ ကာ



တန်မာတွေဟာ ပစ္စည်းလည်းသုံးစွဲရ၊ ကံထူးရင်ကံစမ်းမဲပေါက်၊ ကိုင်း ဘယ်ကလောက်အဆင်ပြေလိုက်သလဲ၊ ကျုပ်တော့ အခုလာမယ့်အပတ်ကစပြီး မဖြစ်ညစ်ကျယ်ဂျာနယ်မှာ ံစမ်းမဲထည့်ရိုက်မယ်၊ ဂျာနယ်တစ်စောင်ဝယ်ရင် ကံစမ်းမဲ စ်စောင်ဖြည့်ခွင့်ရှိတယ်၊ ၆-လပြည့်တဲ့အခါ ပေးပို့လာတဲ့ ဘ်ပိုင်းထဲက ကံထူးရှင် (၁၀) ဦးကို ရွေးချယ်ပြီးစရိတ်ငြိမ်း င်ကာပူပို့မယ်၊ အပန်းဖြေဖို့ ကမ်းခြေကိုပို့မယ်၊ တန်ခိုးကြီး ရားတွေပို့မယ်၊ ကိုင်း. . . ဘယ့်နှယ်လဲ"

"ဟား. . . တော်ပါပေရဲ့ ကိုမိုးမြင့်အာကာယံရယ်"

"တယ်လည်းဦးနှောက်ပြေးပါပေရဲ့ ဘောစိရယ်"

ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်၏ ချီးမွမ်းမှုအောက် ယ် မိုးမြင့်အာကာယံ မည်သော ဖိုင်နင်ဆာစုပ်ပရားသည် င်ကိုကော့လျက် ပြုံးတဖြဖြ။ ထိုအပြုံးကို အင်းဝခေတ်က ဘန်းစာဆိုအကျော် ရှင်ဥတ္တမကျော်က တောလားအချပ်ဒ စ်ခုတွင် ကြိုတင်ခံစား ရေးဖွဲ့ခဲ့လေသလောမသိ၊ ဘာတဲ့

'ဘီလူးသွာကို လဖြတည်း' ပါတဲ့ခင်ဗျား။

တကယ်လည်း ကျွန်ုပ်တို့၏ ဖိုင်နင်ဆာစုပ်ပရားသည် တော်ရှာပါပေ၏။ သူစီစဉ်ညွှန်ကြားမှုအတိုင်း ဘာမျှအဖြစ် ရှိသော ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်သည် ရေစုန်မျော လိုက်ခဲ့ကြ၏။ ကြက်ကန်းဆန်အိုးတိုးလေသလား မဆိုသာ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လျှင် စောင်ရေ (၈၀၀) ပင် မကုန်ချင်သော မဖြစ်ည ကျယ်သည် စောင်ရေ (၁၅၀၀) တိတိ မျက်စိမှိတ်ရိုက်လိုက် ဂျာနယ်ဖြန့်ပြီးနှစ်ရက်အတွင်း ပြိုက်ခနဲလက်ကျန်မရှိ ကုန်စ သွားလေ၏။ နောက်တစ်ပတ် ၂၀၀၀၊ နောက်တစ်ပတ် ၂၅ ထိုမှတိုး၍ရိုက်လေရာ ကံစမ်းမဲပေးပို့ရန် ကာလမတိုင်မီစော ရေ (၁၀၀၀၀) ကျော်သွားခဲ့လေ၏။

စွပ်ပရားကား အောင်ပွဲရစစ်သူကြီးနှယ် ဇင်း၏ဘီလူ သွားကိုဖြဲလျက် ကိုင်း . . ဘယ်နှယ်ရှိစ ဟူ၍ ကျွန်ုပ်တို့ဆ တပည့်အပေါ် ဟန်တဝင့်ဝင့်၊ မာန်တလွှင့်လွှင့်။ ဘာမျှမဟုတ် သည့် ဂျာနယ်ကလေးတစ်စောင်သည် စောင်ရေ (၁၀၀၀ ကျော်ခဲ့လေပြီ ဆိုလေတော့ ထုတ်ဝေသူအဖို့ရာ အဘယ်မှ လျှင် လက်ခမောင်းထမခတ်ဘဲ နေလိမ့်မှာတဲ့နည်း။ သို့ဖြ (ဟုတ်ကဲ့) သို့ဖြင့် . . . ကာလဒ‌‌ေချိန်တို့ တရွေ့ရွေ့ဖြင့် ရွေ့ လေရာ ကံစမ်းမဲဖွင့်ရမည့် (ဝါ) ကံထူးရှင် (၁၀) ဦးကို ချယ်ရမည့်ကာလသို့ နီးကပ်လာခဲ့ပါချေ၏။ ထိုအချိန်ဝ စွပ်ပရားသည် ဦးအေးမောင်၊ ဦးပန်ချာတို့ အကြိုက်တွေ နိုင်သည့် ကိုယ်ပိုင်ကားအနက်ကြီးကိုမောင်း၍ ကျွန်ုပ်တို့ ဂျ နယ်တိုက်သို့ ရောက် ရှိလာခဲ့၏။

"ဟာ. . . အတော်ပဲ ဆရာစွပ် (အဲ. . .)ဆရ မိုးမြင့်အာကာယံရေ၊ ပရိဟ်သတ် အထူးမျှော်လင့်နေကြတ

ံစမ်းမဲရွေး ချယ်ရမယ့်အချိန်ရောက်လာပြီနော်"

"ဟုတ်တယ်လေ"

"ဒါဖြင့် မြန်မာပြည်တွင်းက ကမ်းခြေတို့၊ တန်ခိုးကြီး ဘုရားတို့ကိုပို့ဖို့ရာ ကားတွေဘာတွေ ချိတ်ထားပြီးပြီလား၊ ဒါ က် စင်ကာပူပို့ဖို့က အရေးကြီးတယ်၊ ပတ်စပို့တွေ၊ ဗီဇာ တွေလုပ်ရမှာလေ"

"ဘာ ပတ်စပို့တွေ၊ ဗီဇာတွေလည်း ဖိုပလာယာရဲ့"

"ကံစမ်းမဲပေါက်လာတဲ့ ကံထူးရှင်တွေကို ပို့ဆောင် း‌ဖို့ပေါ့"

"ဟား. . ဟား. . . ဟား. . ဟား"

တပည့်ကျော်ပလာယာ၏ စိုးရိမ်တကြီး မေးမြန်းမှုအ ပေါ် စွပ်ပရားသည် ကျေနပ်လောက်ဖွယ် အဖြေကိုမပေးဘဲ ထိုးခွက်လန် ရယ်မောနေလေရာ ကျွန်ုပ်ကိုရွှေတောသား ဖို့ ဘာကိုနားလည်ရမှန်း မသိရအောင်ဖြစ်ပါလေတော့၏း

"ဒီမှာ ဒီမှာစီးပွားရေးလုပ်တယ်ဆိုတာ နှစ်ပေါက်တစ် ါက်ရိုက်တတ်ရတယ်ဗျ၊ လောကမှာ လည်သူစားစတမ်း"

"ဟင်. . . ဒါဖြင့် ချင်ဗျားဂျာနယ်မှာ ဖော်ပြတဲ့အတိုင်း ံစမ်းမဲမဖွင့်တော့ဘူးပေါ့ ဟုတ်လား"

"ဘယ်ကလာ ဖွင့်မှာပေါ့၊ ကံထူးရှင်လည်း ရွေးမယ် ံထူးရှင် (၁၀) ဦးကိုလည်း ဂျာနယ်မှာပါတဲ့အတိုင်း ပို့ပေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ”

“ဒါဖြင့် စင်ကာပူအတွက် ပတ်စပို့၊ ဗီဇာ. . .”

“ဟာ. . . ကိုပလာယာ ခင်ဗျားတော်တော်ဒုံးဝေး
လှပဲ၊ ကျုပ်ပို့ပေးမယ့်စင်ကာပူဆိုတာ မြန်မာပြည်ရဲ့အိမ်နီးချ
စင်ကာပူနိုင်ငံကိုမဟုတ်ဘူးဗျ၊ ဒေါပုံက စင်ကာပူကျောင်းတို
ကိုပြောတာ”

“ဒါ. . ဒါဖြင့် အပန်းဖြေကမ်းခြေကကော”

“ဒလကမ်းခြေရှိတယ်လေ၊ ပန်းဆိုးတန်းကနေ ကူး
သင်္ဘောကို ငွေ (၁၀) ပေးပြီးကူးရုံပဲ”

“ဒီလိုဆို တန်ခိုးကြီး ဘုရားတွေပို့မယ်ဆိုတာ. . .”

“ဟာ. . ပို့မှာပေါ့၊ ဗိုလ်တစ်ထောင်၊ ဆူးလေ၊ ရွှေတိ
ငါးထပ်ကြီး၊ ဇခြောက်ထပ်ကြီး၊ မိုးကောင်း၊ သဃ်န်းကျွန်း၊
တန်ခိုးကြီးမှကြီး၊ အဲဒီဘုရားတွေစုံအောင် ဟိုင်းလပ်တစ်
ငှားပြီးပို့ပေးမှာ”

ကျွန်ုပ်တို့ဆရာစာပည့်ကား မလိမ့်တပတ် လုပ်သွာ
သည့် စွပ်ပရား၏ ကံထူးရှင်ရွေးချယ်ပွဲအတွက် အတော်
လေး ထိတ်လန့်တုန်လှုပ်သွားရချေ၏။ ကံထူးသူများသ
ဖိုင်နင်ဆာရော၊ အယ်ချုပ်ရော နားလည်မှာမဟုတ်၊ မဖြစ်ည
ကျယ် ဂျာနယ်တစ်တိုက်လုံးအား အပြတ်မြေလှန်ကြမည်
သေချာလှသည်မို့ နောက်ဆုံး၌ စွပ်ပရားအား အကျိုး



ကြောင်း ရှင်းပြလိုက်ရတော့၏။

ထိုရောအခါ မကြာမီမှာပင် ကျွန်ုပ်ကိုရွှေတောသား၏ တောမှာတုန်းကအမည် ကိုရင်သာဂိ၊ စွပ်ပရား၏နာမည်ဝှက် မုတူးဆာမိ၊ ပလာယာ၏အမည်ရင်း မောင်ပလွေရိုးတို့သုံး ယောက်အပြင် စွပ်ပရား၏ဆွေမျိုးရင်းချာ (၇) ဦးတို့ကို ပေါင်း စပ်လျက် ကံထူးရှင်အဖြစ် (ခတ်ပုံမဖော်ပြဘဲ) အမည်စာရင်း ကိုသာ ကြေညာလိုက်ရပါတော့၏။

ဩော်. . . ထူးထူးခြားခြား ကံစမ်းမဲပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# တယ်လည်း....

တော်

တဲ့

**တပည့်**

ကျော်.....



**"တယ်လည်းတော်တဲ့ တပည့်ကျော်"**

လွန်လေပြီးသောလတုန်းက ကျွန်ုပ် ဘူးသီးပုံဂျာနယ် အယ်ဒီတာပြုတ် မောင်တေမိသည် နိုင်ငံကျော် အမျိုးသား တပေဆုရ ကဗျာဆရာကြီး တောသားကြီးလူနိုင်ကို အားကျ အတုယူလျက် မြန်မာပြည်တစ်ပတ် ခြေကျင်ခရီးရှည်ကြီး ချီ တက်ရန် စတန့်ထွင်ခဲ့လေသည်။

တောသားကြီးလူနိုင် အောင်မြင်စွာ ... ကိုင် တော် လမ်းလျှောက်ခဲ့သည့် ခရီးတာမိုင်အရှည်ထက် အများ ... လွန်ကဲစွာ လျှောက်ပြမည့်အကြောင်း ကြေငြာမောင်း ... ချမကာ စာနယ်ဇင်းရှင်းလင်းပွဲပင် ဖွင့်ခဲ့လေသေးရာ ကျွန်ုပ်

www.burmeseclassic.com



မှေးမှိန်လှစွာသော သိက္ခာကိုယ်ရောင်ကိုယ်ဝါသည် ထိုကာလအတွင်း လင်းတလက်လက်၊ ပြက်တပြိုးပြိုး ဖြစ်ခဲ့ရလေရာ မည်သူမဆို ကိုယ့်လက်ကျွန်ကိုယ်ကာစ်၊ ကိုယ့်ဝက်ခြံကိုယ်ညှစ်သော ကျွန်ုပ်အဖို့ရာမှာလည်း များစွာမှပင် နှစ်ထောင်းအားရ ဖြစ်မိပါသေးတော့။

သို့ပါ သို့ပါသော်ငြား ကံကြမ္မာသည် ကျွန်ုပ်အပေါ် ပြုံးမာန်တင်းခဲ့ပါချေပြီ။ ခြေကျင်ခရီးစတင်သည့် မင်္ဂလာရက်မှာပင် အမင်္ဂလာက ကျွန်ုပ်အား ဝတ်ရုံဆင်မြန်းပေးခဲ့သည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်ပင်။ ရုပ်ရည်ခပ်ချောချော၊ ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းနှင့် လှလှပပကြွကြွရွရွရှိပေထသော ဣတ္ထိယအနွယ်ဝင် ပျိုမေခင်ကလေးများကိုတွေ့လိုက်ရလျှင် ခန္ဓာကိုယ်အတွင်းရှိ သွေးကြောတို့သည် ရှိန်းရှိန်းမြမြဖြစ်လာတတ်၏။

ဖဿောဖဿဝေဒနာကလည်း ခန္ဓာကိုယ်အနှံ့အပြားနေရာယူလိုက်ကြကာ ဘယ်ဝယ်ရွေ့မြောက်၊ ဘယ်တောင်နောက်၌ မြောင်းပေါက်ရှိနေလည်း မြင်နိုင်စွမ်းမရှိကြတော့။ မျက်လုံးအစုံသည် ပျိုမေခင်ကလေးများ၏ ခန္ဓာကိုယ်ရှိရာသို့ ပြုတ်ကျတွယ်ကပ်သွားကြလေရာ အရှင်လတ်လတ် ငရဲအိုးဖောက်ထိုးဆင်းသည့်အလား မိလ္လာတွေ အနည်ထိုင်လျှက်ရှိကြသော မြောင်းအတွင်းသို့ ပြုတ်ကျသွားလေ၏။



အကျကား ကြောင်မပြောနှင့် လူကျပင် မကျတော့ဘဲ ခွေးကျကျသွားလေသဖြင့် အဆီတွေဖုံးပိတ်နေသော ရာဝင်အိုးခန္ဓာကိုယ်အား ထောက်ကန်ထားသည့် ခြေထောက်တစ်ဖက်သည် သွင်နွှင်ကြီးကျိုးသွားပါတော့သည်။ သည်တော့လည်း အကျိုးဝေဒနာ သက်သာပျောက်ကင်းစေရန်အလို့ငှာ အရိုးအထူးကုဆေးရုံသို့ တက်ရောက်ကုသနေရပါတော့သည်။

လူသတင်း လူချင်းဆောင်သည် ဆိုခြင်းမှာ မှန်ကန်လှပေစွ။

ကျွန်ုပ်၏ ဖြစ်ရပ်အလုံးစုံကို ကြားသိသွားရှာသော စာနယ်ဇင်းအသီးသီးမှ ဘော်ဒါဘော်ချက်များသည် စာနာစိတ်ဖြင့် သတင်းလာမေးကြရှာသည်။ ထိုသို့ သတင်းလာမေးရင်းမှလည်း ကျွန်ုပ် မြိုဖို့ဆို့ဖို့ရာ အစားအသောက်ကလေးများကိုယူလာပေးကြရှာ၏။ ဒလမြို့မှ သတင်းထောက်ကျော်လုံးသည် ဆေးရုံမှဆင်းလျှင် အသုံးပြုနိုင်ရန် ခွေးလှေးယားမြစ်အားလက်တစ်ဆစ်စီဖြတ်လျက် ရွှေအိုမြို့ထွက် များရည်မှလင်းပြားကလေးအား ယူလာပေးရှာ၏။

ရာဟုစကားဝိုင်း၏ အဓိပတိ ဂျာနယ်လစ်ပွဲကြီးဆိုလျှင်သူ့ မဟေသီကျိုပေးလိုက်သော မွှားနို့ပုလင်းကို ယူလာပေး၏။ ပန်းခွေလှိုင်ဆိုသော ဂျာနယ်လစ်၊ အယ်ဒီတာကလည်း တောကြက်ဥသေးသေးလေးများကို ကြံကြံဖန်ဖန် ရှာဖွေပေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သာကေတတွင် နေထိုင်သော ဆောင်းပါးရှင် ပြောင်သိမ်း (အမှိုက်ကော်) က ဘာပဲကျိုးကျိုး ကျိုးသမျှအမြန်ကောင်းစေသည့် အရိုးဆက်ပင်မှ အရွက်များကို ကြွပ်ကြွပ်အိတ်နှင့် လာ၍ပေး၏။ တပည့်ကျော် ဆဋ္ဌဂံဇဇင်ရိုင်းကတော့ ဘယ်လမ်းဘေးအထမ်းသည်ဆီမှ အချိုအချောင်နှင့် ဝယ်လာလေသည် လောမသိ။ ပန်းသီးရှုံ့တွများ၊ အနာမလွတ်သည့် လိမ္မော်သီးခပ်ပိန်ပိန်၊ လုံးကျစ်ကျစ်ရှောက်ချိုသီးများကို ဆောင်ကြဉ်းလာခဲ့၏။

ထိုအထဲမှ ထူးထူးခြားခြား ရောက်ရှိလာခဲ့သူနှစ်ဦးကား ကျွန်ုပ်နှင့်လွန်စွာမှ ပလဲနံပသင့်သည့် ရှားစောင်းဗေးနှင့် မျက်ချေးပမာဖြစ်သည့် ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့ပါတည်း။

သည်လိုမျိုး ကျွန်ုပ် ဆေးရုံတက်နေရစဉ် ကိုယ့်လောကသားအချင်းချင်း[illegible]မှ လာပြဖော်ရခြင်းအတွက် ကျွန်ုပ် မောင်တေမိ၏မျာ မျက်ရည်များမင်လည်ရုံမက နှပ်ပုတ်ရည်များပါ စီးကျလာသည်အထိ ဝမ်းသာကြည်နူးဖြစ်ရပါချေ၏။

"အခုလိုအချိန်မှာ လာရောက်ကြည့်ရှု အားပေးဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုရွှေတောသားရယ်"

"ကိစ္စမရှိပါဘူး ဆရာကိုတေမိရယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ဟာ စာပေမြစ်ပြင်ကျယ်ကြီးမှာ တစ်လှေတည်းစီးတစ်ခရီးတည်းသွားကြသူ အချင်းချင်းပဲဥစ္စာ၊ ဒီလိုအချိန်အခါမှ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ရှိကြရမပေါ့၊ တစ်ယောက်လဲမူ ဘစ်ယောက်ကတွဲထူရမပေါ့"

"ဟုတ်ပါတယ် ဆရာကိုတေမိ၊ ကျွန်တော့်ဆရာ ကိုရွှေတောသား ပြောသလိုပါပဲ၊ ကျွန်တော်တို့လောကဆိုတာ ခပ်ကျဉ်းကျဉ်းကလေးရယ်ပါ၊ 'တစ်ဦးဒ[illegible]ပေါ်တစ်ဦး သံသယဆိုသည်မှာ အလကား ××× တစ်ဦးပေါ်တစ်ဦး မှန်သပဆိုသည်မှာ ပတ္တမြား' ဆိုတဲ့ သီချင်းလိုပေါ့၊ သံသယပျောက်ပြီး အမှန်ဘာဝရောက်တယ်ဆိုတာ မကောင်းဘူးတဲ့လားဗျာ"

"သိပ် ကောင်းတာပေါ့ ကိုပလာယာရယ်"

"ကိုင်း သက်သောင့်သက်သာ နားနားနေနေ အနားယူပါ ကိုတေမိရယ်၊ တောင်တော်[illegible]ဘာမှမတွေးနဲ့၊ ကိုယ်ခံစားနေရတဲ့ ဝေဒနာ[illegible]သာ ဂရုစိုက်ပါ၊ ကျန်းမာလာတဲ့တစ်နေ့ လုပ်စရာလုပ်ငန်းတွေက အများကြီးပါ၊ ခုဆို နိုင်ငံတော်က ချပေးလိုက်တဲ့ ဂျာနယ်အသစ်တွေ၊ မဂ္ဂဇင်းအသစ်တွေဆိုတာ အများကြီး၊ ခင်ဗျားလို လုပ်တတ်ကိုင်တတ်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးလိုအပ်[illegible]တယ်"

"အခုလို အားပေးတာကြားရတော့ အားရှိလိုက်တာဗျာ၊ ဆေးရုံကဆင်းလို့ စိတ်ကြိုက်ဂျာနယ်တစ်စောင်သာ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရရင် ဘယ့်နှယ်ပြေ ကောင်းမလဲ၊ ညဘက်အိပ်မပျော်သေးတဲ့အခါ စိတ်ကူးနဲ့ အကောင်ဖထည်ဖော်ထားတဲ့ ကဗျာတွေဆိုတာ အများကြီးပဲ၊ ကျုပ် အားသာရာလိုင်းတစ်သိုင်းနဲ့ ဂျာနယ်တွေအ ကြီးထဲက ဖောက်ထွက်ပစ်မယ်ဗျာ"

ကောင်းတယ် ခင်ဗျားစိတ်ကူးတွေ ညဖော်ဖြစ်ပါလိမ့်မယ်၊ ကိုင်း ပလာယာရေ မောင်တေမိအတွက် ယူလာတာတွေ ထုတ်ကွာ"

"ဟုတ်ကဲ့ အာစရိ"

"အားနာစရာတောင် ကောင်းနေပါပြီ ကိုရွှေတောသားရယ်၊ တကယ် ဟကယ်"

"ကိုယ့် အချင်းချင်းတွေပဲ ကိုတေမိရယ်၊ အားနာစရာကောင်းတယ်ဆိုတဲ့စကားကို မပြောပါနဲ့"

ပလာယာထုတ်ယူလိုက်သော ပစ္စည်းများကားတကယ့်ကိုရှယ်မှ တကယ့်ကိုရှယ်ပါတည်း။

"ဟောဒါက ဆရာကိုတေမိအကြိုက်တွေ့စေမယ့် ဖားကင်ပဲ၊ အဲဒီဖားကို ကာတွန်းမောင်မောင်ညွှန့်ရဲ့ကတော်၊ ခင်မိမန်းကိုယ်တိုင် 'ရှယ်' ကင်ပေးလိုက်တာ"

"ဂွတ်သဗျို့"

"ဂွတ်ရမှာပေါ့ ကိုတေမိရယ်၊ ဟောဒီမှာ ဆရာကိုရွှေတောသားရဲ့လက်ဆောင်"



"ဟာ ကောက်ညှင်းကျည်တောက်တွေပါလား"

"ဟုတ်တယ် ကိုတေမိ၊ ပလာယာ့ရဲ့ ဖားကင်နဲ့တွဲပြီးစားလို့ကတော့ တကယ့်ကိုကောင်းပဲ၊ ကျည်တောက်အခွံတွေကို လွှင့်မပစ်နဲ့၊ အိမ်သာတက်တဲ့အခါ အဲဒီဝါးခြမ်းလေးတွေနဲ့ အီအီးကုန်းလို့ရတယ်၊ တချို့ကျတော့လည်း သွားကြားညပ်တဲ့အခါ သွားကြားထိုးတံအဖြစ် သုံးလို့ရသပေါ့"

"တယ်လည်း ရွှေဉာဏ်တော်စူးရောက်ပါလား ကိုရွှေတောသားရယ်"

"ကိုင်း အချိန်လည်း နည်းနည်းလင့်သွားပြီ၊ နံ့ဝင်စရာရှိလို့ ခွင့်ပြုပါအုံး ဆရာကိုတေမိ"

"ကောင်းပါပြီဗျာ ကျေးဇူးအသင်္ချေ"

သို့ဖြင့် ကိုရွှေတောသားတို့ ဆရာတပည့် နှုတ်ဆက်ထွက်ခွာသွားလေသည်။ တပည့်ကျော် ဆဌဂံဇေဝ်ရိုင်းသည် အန္တေဝါသိက တပည့်ကြီးပီသစွာဖြင့် ကျွန်ုပ်၏ ရှုရှုးအိုးကို သွားသွန်ပေးနေ၏။

ထိုအခိုက် ရန်ကုန်တစ်ဘက်ကမ်း၌ နေထိုင်သော ဆေးဖန်ရေးဆရာ စာပေသူခိုးတို့ကို ဖော်ထုတ်ပေးလျက်ရှိသည့် ဆားပုလင်းဖြိုးပိန် ရောက်ရှိလာလေသည်။ လက်ထဲမှာလည်း ကွပ်ကြွပ်အိတ်တစ်လုံးနဲ့။

"ဟာ ကိုဖြိုးပိန် လာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကိုတေမိ၊ ဒါထက် ခြေထောက်ရဲ့အခြေ
အနေကကော"

"ကောင်းသွားမှာပါ၊ ဆရာဝန်တွေကလည်း ကြပ်ကြပ်
မတ်မတ် ကုပေးကြပါတယ်"

"အေးဗျာ အသက်အရွယ်ကြီးမှကျိုးတော့ နည်းနည်း
တော့ ခံရပေမပေါ့၊ ငယ်ငယ်တုန်းကကျိုးရင် ဒီလောက်ခံရ
မှာ မဟုတ်ဘူး"

"ဘာ ကျိုးတာလဲဗျာ"

"သြော် တလွဲမတွေးပါနဲ့ ကိုတေမိရယ်၊ အရိုးကျိုးတာ
ဆိုလိုတာပါ၊ ငယ်ငယ်ရွယ်ရွယ်ဆိုတော့ သွေးသစ်လောင်းတာ
က မြန်တယ်မဟုတ်လား၊ အရိုးပြန်ဆက်တာလည်း ခဏပဲ"

သည်သို့ပြောဆိုရင်းမှ ၎င်းကမ်းပေးသော ကြွပ်ကြွပ်
အိတ်ထုပ်ကို ဖြကြည့်လိုက်ရာ ငွေးသီးများဖြစ်နေလေသည်။

"ငွေးသီးက အချိုမဟုတ်ဘူးနော်၊ အချိုဆိုရင် ဆီးချို
ဖြစ်မှာ စိုးရိမ်ရလို့ ချဉ်တကာ့ချဉ်၊ စုတ်တကာ့စုတ်ဆိုတဲ့ ငွေး
ချဉ်သီးတွေကို ရှာကြံဝယ်လာခဲ့တာဗျို့"

၎င်း၏စကားကြောင့် ကျွန်ုပ်မောင်တေမိခမျာ အံသွား
တွေအစုံလိုက် ကျိန်းတက်သွားသလို ခံစားလိုက်ရလေသည်။
မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ထံ တကူးတကအရောက်လာ၍
အနာမြန်မြန်ကျက်စေရန်ဟူသော-စေတနာဖြင့် ချဉ်စုတ်စုတ်



ငွေးချဉ်သီးများကို ယူလာဖော်ရ၍ ကျေးဇူးတင်ရပါပေသည်။

"ကိုင်း သွားအုံးမဗျာ၊ 'မျက်တောင်တစ်ခတ် ဂျာနယ်'
က အဆိုင်းမင့်ပေးထားတဲ့ စာမူလေး အချိန်မီသွားပေးရအုံး
မယ်၊ ဒါထက် ဟိုတစ်ပတ်က ကျုပ်က 'မူးခွေ' ဆိုတဲ့ အိုးစည်
မဟုတ် ဒိုးပတ်မဟုတ်ငတိလေးကို ဖွဲ့ထားတဲ့ဆောင်းပါး
ဖတ်လိုက်ရတယ် မဟုတ်လား"

"ဖတ်လိုက်ရပါတယ်ဗျာ၊ ကျုပ် ဆေးရုံကဆင်းလို့ ဂျာ
နယ်တစ်စောင်စောင် ကိုင်ရတဲ့အခါ အညီအဟောက်သင်းတဲ့
အမျိုးသမီးကလောင်ရှင်တွေရဲ့ ဝတ္ထုတွေကို ကွင်းကွင်းကွက်
ဆော်ပလော်တီးတဲ့ ဆောင်းပါးရေးပေးဖို့ရာ ခုကတည်းက
ခေါင်းထဲထည့်ထားနော်"

"စိတ်ချပါ ကိုတေမိ၊ ကျုပ်ကလည်း ဒါမျိုးတွေကို
ဆော်ချင်နေတာ ယားနေတာပဲ၊ အဲဒီကျရင် ခင်ဗျားဖတ်ရတဲ့
အညီအဟောက်ဝတ္ထုစာအုပ်တွေ ငှားပေးရမယ်နော်"

"ကောင်းပါပြီကိုတေမိ၊ ကိုင်း သွားပြီဗျို့"

ဝေဖန်ရေးဆရာ ဖြိုးပိန်ပြန်သွားတော့ ဆီးအိုးသွား
သွန်ရာမှ တပည့်ကျော်ဆဌဂံဇဇ်ရိုင်း ပြန်ရောက်လာသည်။

"ဆာပြီ ဇဇ်ရိုင်းရေ၊ လောလောဆယ် မင်းယူလာတဲ့
ဝန်းသီးလူစဉ်မမီတာလေးတွေကို ခွဲကွာ၊ ရင်ထဲအေးသွားဖို့
စားလိုက်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ အာစရိ"

ပြောပြောဆိုဆိုနှင့်တပည့်ကျော်ဆဋ္ဌဂံဇင်ရိုင်းလည်း ပန်းသီးပိန်ရှုံ့ရှုံ့လေးများကို ရေဆေးလျက် အသင့်ရှိနေသည့်ဓားဖြင့် အခွံနွှာဖို့ လုပ်နေလေ၏။

"ဟေ့ကောင် ဘာလုပ်တာလဲ"

"အခွံနွှာမယ်လေ အာစရိရဲ့"

"ဟ မင်းဥစ္စာ အခွံနွှာလိုက်ရင် ဘာမှ စားစရာကျန်တော့မှာ မဟုတ်ဘူး"

"အာစရိကလည်းဗျာ၊ ကိုယ့်အိတ်ထဲက ကုန်ရကျိုးတာ မဟုတ်ဘဲနဲ့ အသားလွတ် ကပ်စေးကိုနှဲလွန်းတယ်"

"ဟ ကပ်စေးနဲတာမဟုတ်ဘူးကွ၊ မင်းနှယ်ကွာ၊ ငါ့ရဲ့တပည့်အဖြစ် ခံယူပြီး ဂျင်နရယ်နောလိပ်ချ် နည်းလွန်းတယ်၊ အသီးဆိုရင် ဘယ်အသီးမှ အခွံမနွှာနဲ့၊ ငါ တကယ်ပြောနေတာ၊ အခွံတိုင်းမှာ အာနိသင်အပြည့်အဝရှိတယ်၊ တချို့လိမ္မော်သီးကို အခွံနွှာပြီဆိုရင် အထဲက အမျှင်တွေကို ထုတ်ပစ်ကြတယ်၊ အဲဒါ သိပ်ကိုမှားတဲ့လုပ်ရပ်ပဲ၊ ဖိုင်ဘာလို့ခေါ်တဲ့အမျှင်ဟာ ဝမ်းတွင်းကအစာတွေကို ချက်လုပ်ပေးနိုင်တယ်၊ ဒါကြောင့် ငါစားမယ့်အသီးမှန်သမျှ ဘယ်တော့မှ အခွံမနွှာနဲ့ အမျှင်တွေကို ဖယ်မထုတ်နဲ့"

"အခွံရောအမျှင်ပါ စားမယ့်သဘောပေါ့ ဟုတ်စ"



"ဟုတ်တာပေါ့ကွာ ငါပြောတဲ့စကားကို မသေမချင်းမှတ်ထား၊ ငါပြောရင် ပြောတဲ့အတိုင်းသာလုပ် ဟုတ်ပလား"

"ဟုတ်ကဲ့ အာစရိ၊ တပည့် အာစရိရဲ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်"

"အိမ်း ဒီလိုမှပေါ့၊ ဆရာကောင်းတပည့် ပန်းကောင်းပန်ပါစေကွယ်"

သည့်နောက် ကျွန်ုပ်လည်း အခွံမနွှာသော ပန်းသီးစိတ်များကို လည်းကောင်း၊ အမျှင်များ ထုတ်မထားသောလိမ္မော်သီးကိုလည်း လျှာအရသာ ခံနေမိလေတော့သည်။

"နောက်ရက်ကျရင် အခွံပါတဲ့အပြင် အမျှင်တွေအများကြီးပါတဲ့အသီး အာစရိအတွက် တပည့် စီစဉ်လာခဲ့မယ်"

"ကောင်းတာပေါ့ကွာ၊ ခုတလော ငါ့ရဲ့အာသီသကအသီးတွေပဲ စားချင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာတော့ တပည့်ကျော်ဆဋ္ဌဂံဇေဝင်ရှိင်းသည် ၎င်း၏ကတိစကားအတိုင်းပင် အသီးတစ်မျိုးကို ကျွန်ုပ်သုံးဆောင်ရန်အတွက် ယူလာခဲ့ချေ၏။ သည်အသီးကို မြင်ရသည့်တဒင်္ဂ ကျွန်ုပ် မောင်တေမိအဖို့ ဖင်ဆောင့်၍ သေချင်စော်နံသွားပါတော့သတည်း။

ထိုအသီးကား အခြားမဟုတ်။

တပည့်ကျော်ပြောသည့် အခွံပါသည့်အပြင် အမျှင်တွေလည်း အများကြီးပါသော ကိုကိုးနတ် (ခေါ်) အုန်းသီးဖြစ်၍နေပါသတည်း။ ။



"ဝင့်ဆိုတာလည်တက်တယ်"

သည်လိုမျိုး ဆောင်းနှင်းမှုန်တွေပက်ဖျန်း၍ မြူသင်တိုင်းတို့ခြုံလွှမ်းကာ အေးချမ်းသောရာသီရောက်မှဖြင့် ကျွန်ုပ်မောင်တေမိသည် သီချင်းသွားတစ်စကို ဆိုမိညည်းမိမြဲဖြစ်လေသည်။

"ဒီအချိန်ရောက်လာရင် ××× တောင် ်တွေ ဖောက်ဖောက်လာတယ် ××× ခြော် - ဟော့ဟော့ ×× ဒီအချိန်ရောက်လာရင်နော်ဗျာ ××× (ကျွန်တော်. . . ( . ဘာ်) မောင်တေမိစိတ်တွေ ဖောက်ဖောက်လာတယ် ××. ပ်ဝင် ကြိတ်မှိတ်လည်း ××× မပြေ ×××"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကျွန်ုပ် မောင်တေမိ၏ ဦးနှောက်တွေက 'နော်မယ်' ပင်ဖြစ်ပါ၏။ သို့သော် 'မည်သူမဆို ကိုယ်ဝက်ခြံ ကိုယ်ညှစ် ကိုယ်လက်ကျန်ကိုယ်ကစ်' ဆိုသည်ထုံးကို နှလုံးမူလျှက် ကျွန်ုပ်ကိုကျွန်ုပ် (ဂျာနယ်လစ်ဖြစ်သော်ငြား) စာပေသမားဟု ထင်ထားနေခဲ့သည်မို့ ခုလိုမျိုးဆောင်းနှင်းမှုန်တွေ ပတ်ဖျန်း၍ မြူသင်တိုင်းတို့ခြုံလွှမ်းကာ အေးချမ်းသောရာသီ (တနည်းအားဖြင့်) စာဆိုတော်ရာသီသို့ ရောက်သောအခါဝယ် သန်လျင်ပြောင်ပြောင်မူးတို့၊ မောင်လွမ်းကြွယ် (ပေါင်ခြံ)၊ တို့ကိုအားကျပြီး- စာပေဟောပြောပွဲပိုးတွေက တရှရှနှင့် ထိုးပါလေတော့သတည်း။



ကျွန်ုပ် မောင်တေမိသည် ဝါသနာဘာဂီဆက်တိုင်းမီခဲ့သူဖြစ်လေသည်။ ငယ်စဉ်ကပင် ဟိုနေရာလည်းပါ။ သည်နေရာလည်းပါနှင့် နာမည်နှင့်မည်သို့မျှ လိုက်ဖက်ခြင်းမရှိလောက်အောင် မျောက်ဟိုသင်းသမန်းရှာသူတစ်ယောက် ဖြစ်ခဲ့လေသည်။ မျက်လှည့်ပွဲလည်း ရှေ့ဆုံးက၊ ရုပ်ကွက်၊ မြို့နယ်ဘောလုံးပွဲတွေမှာလည်း ရှေ့ဆုံးက၊ ယုတ်စွအဆုံး ခွေးဝဲစားနှစ်ကောင် ခွေးထောပတ်အဝေမတည့်သဖြင့် တစ်ကောင်နှင့်တစ်ကောင် အရိုးအကျ်အကျ်၊ နားရွက်ပြတ်ပြတ်၊ အသေအကြေတိုက်ကြသည့်ပွဲ၌လည်း ရှေ့ဆုံးက အားပေးသူသာတည်း။

သည်လိုနှင့် ကျွန်ုပ်မောင်တေမိသည် အချိန်ကာလရေစီးကြောင်းတွင် မျောပါရင်း တက္ကသိုလ်ကျောင်းသားဖြစ်

www.burmeseclassic.com



လာခဲ့လေသည်။ (ဘုရားစူးရစေ တကယ် ၁၀-တန်းအောင်ပြီး တက္ကသိုလ်ရောကတာပါခင်ဗျ) ထိုအချိန်ဝယ် ကျွန်ုပ်မောင်တေမိ၏ နှလုံးသားသည် လှုပ်ရှားစပြုလာခဲ့ပြီဖြစ်၏။နှလုံးသားလှုပ်ရှားစဆိုတော့ နှုတ်ဖျားက တမ်းတသောအရာသည် 'အချစ်၊ အချစ်၊ အချစ်' ဖြစ်လေသည်။ (ထိုစဉ်က အချစ်ဂျာနယ်လုံးဝမပေါ်သေးပါ။ စကားချပ်)

နောင်တွင် ကျွန်ုပ်မောင်တေမိ၏ ကြင်ဖက်သက်နှံ့ဖူးစာမှန်ဖြစ်လာမည့် ဒေစီခင်တုတ်သည် ထိုစဉ်က သီရိဆောင်၌ ကွင်းဖြစ်၏။ (ကွင်းဆိုသည်မှာ ဘောလုံးကန်ရာ၊ ဂျင်ပေါက်ရာ၊ ကစားခုန်စားပြုလုပ်ရာကို မဆိုလိုပါ။ အလှဘုရင်မ Queen ကိုဆိုလို၏။ လာပြန်ပြီကော စကားချပ်)

သူမ အမျိုးအနွယ်သည် ကုန်းဘောင်ခေတ်တုန်းဆီက သီပေါမင်း၏ လက်ရုံးတော်အဖြစ် ထင်ပေါ်ကျော်ကြားခဲ့လေသော 'ရနောင်မောင်မောင်တုတ်' နှင့် ဆက်စပ်ပတ်သက်လျှက် ရှိသည်ဟုဆို၏။ သည်ကိစ္စမှန်မမှန်က ကျွန်ုပ်အတွက်အကြောင်းမဟုတ်ပေ။ ကျွန်ုပ်အတွက်အကြောင်းက ဒေစီခင်တုတ်ထံမှအချစ်ပန်းကို ပိုင်ပိုင်ပန်ရဖို့သာဖြစ်လေသတည်း။

ကျွန်ုပ်ကား 'တောက်မည့်မီးခဲတရဲရဲ' ဆိုသောစကားနှင့်အညီ တက္ကသိုလ်ကျောင်းသားဘဝမှာပင် လက်ကမြင်းကြောထသည့်ကျောင်းသားစာရင်း၌ Top Ten ဝင်သူဖြစ်လေသည်။



တစ်နေ့ ဝိဇ္ဇာခန်းမ အဆောက်အအုံ၌ အနုပညာအသင်းမှကြီးမှူး၍ စာပေဟောပြောပွဲကျင်းပရန် စီစဉ်ပြီးသကာလ နားထောင်လိုသည့် ကျောင်းသူကျောင်းသားအပေါင်းသိရှိရန် လှည့်လည်ကြေညာလေသည်။ ခန်းမအဝင်၌လည်း ကျောင်းသားကျောင်းသူ အများသူငါ တို့သိရှိရန် ဘုတ်ထောင်ထားလေသည်။

ဘုတ်ကား ဘလက်ဘုတ်ဖြစ်၏။ ထိုဘလက်ဘုတ်ပေါ်ဝယ် ရောင်စုံမြေဖြူခဲများဖြင့် လာရောက်ဟောပြောကြမည့် စာရေးဆရာအမည်များကို ထင်ရှားစွာရေးသားထားလေ၏။ ဟောပြောကြမည့် စာရေးဆရာကား သုံးဦးဖြစ်၏။ သုံးဦးစလုံးပင် ကျွန်ုပ်နှစ်သက်သော စာရေးဆရာများဖြစ်လေသည်။

ထိုဆရာသုံးဦးမှာ ဆရာမင်းကျော်၊ ဆရာအီကြာကွေးနှင့် ဆရာမောင်သိန်းဆိုင်တို့ဖြစ်ကြသည်။ ဆရာမင်းကျော်ဆိုလျှင် 'ပုဂံသား'တို့၊ 'ငါတို့ခေတ်နှင့်အပြိုင်' တို့ဖြင့် ကျွန်ုပ်ကိုဖမ်းစားခဲ့သည်။

ဆရာအီကြာကွေးဆိုလျှင် 'နိုင်ငံတော်ပြည်အရေးတို့' 'ခွပ်လိုက်ကြစို့သူငယ်ချင်း' တို့ဖြင့် ကျွန်ုပ်ကို ချုပ်ကိုင်ခဲ့လေ၏။ ဆရာမောင်သိန်းဆိုင်ဆိုလျှင် 'ပုဂံမြို့သူ' တို့၊ 'ရေနံသားခင်ကြီး' တို့ဖြင့် ကျွန်ုပ်ကိုဆွဲခေါ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အဆိုပါဆရာတို့ကို အရှင်လတ်လတ် လေးမြတ်ကြည်ညိုစွာ မြင်တွေ့ခွင့်ရရုံမက ၎င်းတို့ဟောပြောမှုကိုပါ နားနှင့်ဆတ်ဆတ် ကြားရတော့မည်ဖြစ်ရာ အဆိုပါ အခွင့်အရေးကို ကျွန်ုပ်အဖို့ အဘယ်မှာလျှင် အလွတ်ပေး၍ ဖြစ်တော့မှာတဲ့နည်း။

သို့ရာတွင် ထိုနှစ်က ကျွန်ုပ်၏လက်ကမြင်းကြောထမှုက အတော်ကလေးကို ဂယက်ရိုက်သွား၏။ ထိုစာရေးဆရာတွေကို မရိုသေမလေးစား၍မဟုတ်ပါ။ စိတ်ထဲတွင် ရုတ်ခြည်းပေါ်လာသော တန်ဖိုးပွတ္တိဉာဏ်၏ စေ့ဆော်မှုကြောင့် ဟာသဖောက်မိခြင်းပါတည်း။ ကနဦး ဘုတ်မှာရေးထားသည်က-

စာရေးဆရာ-

မင်းကျော်

အီကြာကွေး

မောင်သိန်းဆိုင်တို့ ဟောပြောကြမည့် အကြောင်းကြေညာထား၏။

ဤ၌ ကျောင်းသားကျောင်းသူများ အလယ်၊ ဆရာဆရာမများ မျက်ကွယ်တွင် ကျွန်ုပ် လက်ကမြင်းကြောထလိုက်မှုကြောင့် အဆိုပါကြော်ငြာသည် အောက်ပါအတိုင်း ဖြစ်သွားရှာလေသတည်း။

'စာရေးဆရာများ သိသာရန်



ထမင်းကျော်နှင့်

အီကြာကွေး

မောင်သိန်း ဆိုင်တွင်ရပြီ' ပါတဲ့ခင်ဗျား။

ဟောပြောပွဲ မစခင်မှာပင် အဆိုပါဘုတ်ကို ဖတ်၍ကျောင်းသူကျောင်းသားအပေါင်းတို့ ခမျာတဝေါဝေါ၊ ဆရာဆရာမအချို့မှာလည်း တသောသော။

ကျွန်ုပ်မောင်တေမိကား ဘုရင်ဖြစ်မည့်ဇာတာ ပါ၍လာမသိ။ အမိဝမ်းမှကျွတ်သည် ဆိုကတည်းကပင် ခေါင်း၌ဆံထုံးတော်ကြီး တမာသီးခဲ့သည်ကောလေ။

www.burmeseclassic.com

www.burmeseclassic.com



ဟော ခုကျတော့လည်း ကာလများစွာလွန်မြောက်၍ ကျွန်ုပ်ပင်လျှင် ခွေးသေးပန်းမဂ္ဂဇင်း၊ ဘူးသီးပုံဂျာနယ်အယ်ဒီတာအလုပ်မှပြုတ်ကာ (၁၀၉) (၁၁၀) ဘဝသို့ ကျရောက်နေခဲ့လေပြီ။ ကျွန်ုပ်မောင်တောမီအဖို့ ဒေါင်ကျကျ၊ ပြားကျကျ၊ လုံးကျကျ၊ ခွေးကျကျလောကဓံကို လံကဓောဟူ၍ တင်းခံ အံကြိတ်ကာ တေဇောကလေးနိုတ်လျက် တိတ်တိတ်ကလေး နေနိုင်စွမ်းရှိသူ ဖြစ်ပါသည်။

သည်နေရာ၌ကျွန်ုပ်လက်သပ်မွေးထားခဲ့သောတပည့်အချို့မှာ ဆရာအပေါ်တွင် အင်မတန်မှ တက်သိလိမ္မာသူများ ဖြစ်ပါသည်။

အထူးသဖြင့် နယ်ဘက်ကလှည့်လည်၍ ယောက်ျား



အားတိုးဆေးတွေ လှည့်လည်ဖြန့်ဖြူးရောင်းချရင်း သတင်းအတိုအထွာများရေးလျှက်ရှိသည့် တပည့်ကျော် 'မင်းပြောင်မြေခွေး' မှာ ကျွန်ုပ်အပေါ် မယားမှတ်မှတ် (အဲ့. . .)ဆရာမှတ်မှတ် ရှိသေတတ်သူဖြစ်ပါသည်။

ကျွန်ုပ်ရေးစရာ ကုန်ကြမ်းများကို ရှာဖွေပေးသည်။ ရန်ကုန်တက်လာလျှင် ကျွန်ုပ်နှစ်သက်သော မချစ်ဥမှသည် ခွေးလှယားစေ့အဆုံး ရှာရှာကြံကြံ လက်ဆောင်ပေးတက်သူဖြစ်၏။

တစ်နေ့မှာတော့ သူသည်ဝမ်းသာအားရဖြင့် ကျွန်ုပ်ထံပေါက်ချလာ၏။

"အာစရိရေ တပည့်လေ အာစရိအတွက် ခွင်တစ်ခု ရလာခဲ့တယ်ခင်ဗျ"

"ဟေ ဟုတ်လား၊ ဘယ်လိုခွင်များပါလိမ့်ကွယ်၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား"

"ဝမ်းသာရမဲ့ ခွင်ပါအာစရိရဲ့၊ ဘယ်တုံးကများ အာစရိ အကျိုးယုတ်မယ့်ကိစ္စကို တပည့်လုပ်ခဲ့ဖူးလို့လဲ"

"ဟုတ်ပါတယ်ကွာ ဟုတ်ပါတယ်၊ ကဲဆိုစမ်းပါအုံး ဘယ်လိုခွင်များလည်းဆိုတာ"

"ဒီလို အာစရိရဲ့ တပည့်တို့မြို့နယ်မှာ စာပေဟော ပြောပွဲတစ်ခုကို တပည့်ကိုယ်တိုင်ဦးစီးပြီး ကျင်းပမယ်၊ သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် သက်ဆိုင်ရာက ခွင့်ပြုချက်တွေလည်း ရထားပြီးပြီ ကျောင်းပဖို့ရာ ဖန်ငွေတွေလည်း လုံလုံလောက်လောက် ရထားပြီးပြီ"

'ဟော. .တယ်ဟုတ်ပါလား'

'အဲဒါ ဟောပြောဖို့ရာ စာရေးဆရာသုံးဦးကို ဖိတ်ဖို့အတွက် တပည့်မြို့တက်လာတာ၊ စာရေးဆရာတစ်ယောက်ကို ဟောပြောတဲ့အတွက် တစ်ယောက်ကို ငွေသားချည်း ငါးသောင်းပေးအုံးမယ့်အပြင် ဒေသထွက်ဖြစ်တဲ့ လက်ဆောင်ပစ္စည်းတွေကိုလည်း တနင့်တပိုးကြီးပေးလိုက်မှာ၊ ဖိမ်တိုင်ရာရောက်လာခေါ်မှာဖြစ်သလို၊ ပြန်တော့လည်း အိမ်တိုင်ရာရောက်ပြန်ပို့မှာ အာစရိရဲ့"

"ရွှေနံ့ပ်လှချေလားကွယ်၊ ဒါထက်မင်းဖိတ်ကြားမယ့်စာရေးဆရာတွေက ဘယ်သူတွေများပါလိမ့်"

"အဓိက ဏတော့အာစရိပဲလေ၊ ကျန်ကဲ့နှစ်ယောက်ကိုရှာတာ၊ လူကမသောက်ရဘဲနဲ့ကို ဒေါင်ချာစိုင်းနေတော့တာပဲပထမ တောင်ဥက္ကလာမှာနေတဲ့ ဂုရုကြွေးကြီးဆီရောက်သေးတယ်၊ အသက်သုံးထောင်နားကပ်လာလို့ ဟောပြောဖို့ ဝေလာဝေး၊ လေတောင်မချွန်တော့ဘူးတဲ့"

"အဲဒီတော့. . ."

"သန်လျင်ပြောင်ပြောင်မှူးဆီ လိုက်တယ်၊ ဆရာသမား



က ပေါင်ကိုရောက်နေသတဲ့"

"ဟိုက်ရှာ. ."

"ဒါနဲ့ ဆရာချစ်ကိုကိုညု (နှလုံးလှ လူသောက်) ဆီရောက်တော့လည်း မရှိပြန်ဘူး 'ဂွ' ကို ရောက်နေပြန်သတဲ့"

"ဩော်. . . ရာသီဥတုက အေးပေသကိုးကွယ်"

"တပည့်လည်း စိတ်ဓာတ်မကျပါဘူး၊ ဒါနဲ့ မှုခင်းပူးပေါင်းမဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ် ဆရာမောင်ငြိမ်းတူ (မြို့ပင်ကောက်) ဆီချီတက်ခဲ့တယ်"

"အဆင်ပြေတယ်ပေါ့. ."

"ဘယ်ပြေရမှာလဲ အာစရိရယ်၊ မုတ္တမကို ခရီးလွန်နေသတဲ့"

"ဩော်. . အတော်ပွဲကြမ်းနေတာပဲ"

"ဒါနဲ့ဟာသစာရေးဆရာအချီတော်ဆီလိုက်ပြန်တော့၊ ဆရာသမားက ပြွန်တာဆာဘက် ထွက်နေသတဲ့"

"အားလားလား၊ ဒါဖြင့်မင်းရဲ့ပွဲစဉ်အ က် ဘယ်လိုစီစဉ်မတဲ့လဲ"

"နောက်ဆုံးတော့လည်း 'မရ ရသကချူ ိ ိပေါ့အာစရိရယ်၊ မဖြစ်ညစ်ကျယ်ဂျာနယ်က ကိုရွှေငေ သူ့တပည့်ပလာယာကိုပဲ ဆွဲခေ့ရတော့တာပေါ့၊ ဒီငဆေ ဝေ့ တော့ တပည့်မတ်လုံးပွေးတာနဲ့ မျက်လုံးတွေ အဓော

www.burmeseclassic.com

www.burmeseclassic.com



တောက်နေတော့တာပဲ"

"ဒါဖြင့်မင်းစီစဉ်တဲ့ပွဲမှာ ငါရယ်၊ ကိုရွှေတောသားရယ် ပလာယာရယ် ဟောရမှာပေါ့"

"ဟုတ်တယ် အာစရိ၊ မဖြစ်ဖြစ်အောင် စီစဉ်ရတဲ့ပွဲမို့ အစစအရာရာ တည့်တာ၊ မတည့်တာဘေးချိပ်ထားပြီး ပွဲလ စေချင်တယ် အာစရိရယ်၊ အဲဒီအတွက် အကျိုးမယုတ်တာ အာစရိအသိပါ"

"အေးကွာဖြစ်ပါတယ်၊ မင်းအစစအရာရာ ကျေနပ်အေ ရမှာပါ"

တပည့်ကျော် မင်းပြောင်မြေခွေးလည်း သူစီစဉ်သည့် ပွဲ အစစအရာရာ အောင်မြင်ထမြောက်တော့မည်မို့ ဝမ်း မြောက် ပျော်ရွှင်စွာဖြင့် ပြန်သွားချေတော့သည်တမုံ့။



တပည့်ကျော် မင်းပြောင်မြေခွေးကား တကယ်ပင် အပြောနှင့်အလုပ် အဟုတ်ပင်ညီပါသည်။ ဟောပြောပွဲမတိုင် မီမှာပင် ကျွန်ုပ်အား အဝင် ကိုရွှေတောသားတို့ ဆရာတပည့် အား အိမ်တိုင်ရာရောက် ကြိုဆိုခေါ်ယူခဲ့ပါသည်။

"ဟော ပြောပွဲအတွက် ကြေငြာဘုတ်တွေ အာတွေ ဘား ပြည့်ပြည့်စုံစုံလုပ်ထားသလားမြေခွေး"

"လုပ်ထားပါတယ် အာစရိရဲ့၊ ရွာနီးနဲ့ ခနဲရာအနှံ ....နဲ့မဆုံအောင် သိနိုင်ဖို့အတွက်ကိုလည်း လှ... ... ...ဘ်ကြီးတွေတင်ပြီး လိုက်လံဆော်ဩထားပါတယ်"

"ကောင်းလှင့်တေး. . . ကောင်းလှင့်တေး"

"မြို့အဝင်ရောက်ရင် တကယ့် ဆိုင်းဘုတ်ကြီးထောင်

www.burmeseclassic.com

www.burmeseclassic.com



ထားတာကို အာစရိတွေ့ရင် ဖျားသွားမှာသေချာတယ်"

"အေးကွယ် အဲဒီလိုမျိုး လာဘ်မြင်မှပေါ့"

ကားပေါ်မှာတော့ ကိုရွှေတောသားတို့ ဆရာတပည့်သည် ဆက်ရက်မင်းစည်းစိမ်ဖြင့် ငြိမ်ငြိမ်ကုပ်ကုပ်ကလေးနေသလောက်၊ ကျွန်ုပ်တို့ဆရာတပည့်မှာတော့ စကားတွေဖောင်ဖွဲ့နေခဲ့ကြသည်။ ကားကလေးကား အင်ဂျင်လဲထား၍ အတော်ကလေးကို ညက်ညက်ညောညောရှိလှပါဘိ။

လမ်းခရီးမှာ ခေတ္တနားခင်း၍ အပေါ့အပါးသွားကြသည်။ လပ်ဟာနေသောဝမ်းကို ဖြည့်ကြသည်။ ကားကို ပုတ်ပြတ်ငှားလာခဲ့သည်ဖြစ်ရာ အခြားအခြားသော ခရီးသည်တင်ကားများကဲ့သို့ အစစအရာရာ အားနာစရာမလိုပါချေ။

ကားကလေးက တငြိမ့်ငြိမ့်။

ရန်ကုန်မှခွာပြီဆိုကတည်းက စိမ်းစိမ်းစိုစိုရှိပေထသော ပတ်ဝန်းကျင်မြင်ကွင်း စိမ်းစိမ်းများက မျက်စိပသာဒကို ကြည်နူးမှုများ ပေးစွမ်းနိုင်ခဲ့လေသည်။ မွန်းကျပ်မှုများလည်း ပြေလျော့သွားခဲ့ပါပြီကော။

"ရှေ့တစ်ခေါက်လောက် ရောက်ပြီဆိုရင် မြို့ကိုဝင်တော့မယ်အာစရိ၊ အဲဒီကျရင် အာစရိတို့ စာပေဟောပြောမယ့် စာရေးဆရာ သုံးယောက်ရဲ့နာမည်ကို စာလုံးကြီးကြီးတွေနဲ့ ဒိုင်းဆင်ထားတာတွေ့ရတော့မယ်"



"ကောင်းပါလေ့ကွယ်. . ကောင်းပါလေ့"

ကျွန်ုပ်အာရုံထဲမှာကား. . . .

"ကိုရွှေတောသား

ပလာယာ

မောင်တေမိ"

ဆိုသည့် ကြီးမားသောစာလုံးများကို ကြော်ငြာဘုတ်အတွင်း ခန့်ညားစွာနေရာယူထားမည်ကို ကြိုတွေးကြည့်ရင်း ပီတိဖြစ်နေမိလေသည်။

သို့ဖြင့် ကားကလေးက မြို့သို့ဝင်လာပါချေပြီ။

"ဟို. . . ဟိုမှာ အာစရိတို့ကို ကြော်ငြာထားတဲ့ဆိုင်းဘုတ်. . ."

"အယ်. . ."

မည်းပြောင်မြေခွေးညွှန်ပြသော ဘုတ်ကိုကြည့်မိသည့်တဒင်္ဂ ကျွန်ုပ်အဖို့ ကိုယ့်နဖူးကို ကိုယ်ဖြောင်းခနဲပစ်ရိုက်ကာ ပြန်လှည့်ပြေးချင်စိတ် ပေါ်ခဲ့ပါချေပြီ။ ကျွန်ုပ်ကျောင်းသားဘဝက လက်ကမြင်းကြော့ထခဲ့သော ဇာကျင့်သည် ယခုတော့ ကျွန်ုပ်ကြွေးအဖြစ် တစ်ပတ်လည်လာခဲ့ချေပြီတကား။

ရှုပါလော့ အခဆွဲစာရှုသူ။

ကျွန်ုပ်အဖို့ ရှက်၍လဲသေလိုက်ချင်စရာ မကောင်းဘူးလား။ ကျွန်ုပ်ကဲ့သို့ လက်ဆော့ခြေဆော့ရှိသူ တစ်ဦးဦးက

www.burmeseclassic.com



ကျွန်ုပ်အား ပညာပေးလိုက်ပါပြီကော။

ကြည့်ပါ။

-ကိုရွှေတောသားမှ

-ပလာယာနှင့် ညှပ်ဖမ်း၍

-မောင်တေ မိပြီ. . . ဆိုပါကလား။ ။



**"ခေတ်သစ်စာပေဟောပြောပွဲ"**

သည်လိုမျိုး သဇင်တွေပွင့်သန်း၍ ဥဒါညိုတွေနှင်းရည်ဆမ်းသောဟေမန္တကာလ (တစ်နည်းအားဖြင့်) စာဆိုတော်ရာသီရောက်ပြီဆိုမှဖြင့် ကျွန်ုပ်တေမိ၏ရင်အစုံသည် ရှမ်းအိုးစည်ဗိုင်းမှ လွင့်စဉ်ရိုက်ခတ်လာသည့် သံစဉ်အတိုင်း "နှောင် ပေထိ နှောင် ပေထိ" ဟူ၍ မြူးကြွလှုပ်ခုန်နေလေတော့ သတည်း။ မြူးကြွဘဲ မလှုပ်ခုန်ဘဲကော ဘယ်နေနိုင်မှာတဲ့နည်း။

သည်ရာသီကား ကျွန်ုပ်မောင်တေမိ၏ ရာသီဖြစ်၏။ သည်ကာလရောက်တော့မည်ဆိုလျှင် တပည့်ကျော်ဆဌမင်းရိုင်းသည် ဆင်ဖြူတော်မှီ၍ကြုံစုပ်တက်လာသည့် သဘာဝ

www.burmeseclassic.com



မလေ့အတိုင်း-

"အာစရိရေ့ . အာစရိ ရာသီလာတော့မယ်"

"ဗျာ. . . ဘာလဲကွ၊ ငါ့ကို ယောက်ျားစင်စစ်ကနေ ကေသီပန်သောက်မိုင်းမလိုလား၊ မင်းနော်. . .မင်း. . မင်း"

"အို. . အာစရိကလည်း တောင်တောင်ဉာဉ ဘာ တွေ လျှောက်တွေးနေရတာလည်းဗျာ၊ တပည့် ဆိုလိုတာက အာစရိတို့ ပိုက်ခွေးနမ်းတဲ့ကာလဖြစ်တဲ့ စာဆိုတော်ရာသီ၊ စာ ပေဟောပြောပွဲရာသီကိုပြောတာခင်ဗျ"

"အယ်. . ဟုတ်လား၊ မသိပါဘူးကွယ် ဆောရီးနော် တပည့်ဆောရီး၊ ဆောရီး"

"ရပါတယ်၊ အာစရိရယ် ဒူစိမ်းတစ်ရံဆံတွေမှ မဟုတ် ဘဲ၊ ကိုယ်ချင်းကိုယ်ချင်းတွေပဲဟာ၊ ဆောရီးကို ဆောရီးတာ တပည့်ကလည်း အရင်းမရှိအဖျားမရှိပြောမိတဲ့အတွက် ဆော ရီးပါပဲ"

ဉာသို့ဉာပုံ ထိုသို့ထိုနည်း ကျွန်ုပ်တို့ဆရာတပည့်သည် လက်ခုပ်လက်ဝါးအဖြစ် လိုက်လျောညီထွေနေကြလေသည်။

"အေးမင်းပြောတာမှန်တယ် ငစင်းရှိင်းရဲ့ ဘာလိုလို့နဲ့ စာပေဟောပြောပွဲရာသီတောင် ရောက်လာတော့မှာပဲ၊ အဲဒီ ကြရင်ဟောပြောခ မက်မောလောက်အောင်ပေးမယ်၊ လက် ဆောင်တွေတနင့်တပိုးပေးမယ့် နယ်တွေကလာဖိတ်ရင် ဘဲရှိ

BURMESE CLASSIC



ထွက်ပေါ့ကွာ၊ ဒါပေမဲ့ အခုလောလောဆယ် ငါ့မှာပြဿနာ ဖြစ်နေတာက မဂ္ဂဇင်းလက်ကိုင်၊ ဂျာနယ်လက်ကိုင်မရှိတာပဲ"

"အဲ့ဒါတွေ လက်ကိုင်မရှိလည်း ဘာအရေးလည်း အာ စရိရဲ့ ၊ အာစရိဆိုတာ စာနယ်ဇင်းလောကမှာ နှယ်နှယ်ရရမှ မဟုတ်ဘဲဟာ၊ညနေ နေညိုစောင်းတာတောင် မျက်မှန်နက်ကြီး ကိုမချွတ်တမ်းတပ်ပြီး ဗိုက်အိုးကြီးကို ပွတ်သပ်နေတဲ့သူ၊ ပြီး တော့ 'မည်သူမဆို ကိုယ်ဝက်ခြံကိုယ်ညှစ် ကိုယ်လက်ကျန်ကိုယ် တစ်' ဆိုတဲ့ အစ်ဇင်ကို ထူထောင်ထားနိုင်သူမဟုတ်လားဗျာ"

"ဟုတ်တော့ဟုတ်တယ် ငစင်ရှိင်း အဲ ဒါပေတယ်လို့ နယ်ခံစာပေသမားတချို့က သူတို့ရေးတဲ့စာတွေကို မျက်နှာနာ ပြီး အသုံးပြုပေးနိုင်မယ့်အယ်ဒီတာ၊ စာရေးဆရာကိုသာအထူး အာသီသရှိကြတာမဟုတ်လား၊ ခုနေများ ငါ့မှာမဂ္ဂဇင်း လက် ကိုင် သော်လည်းကောင်း၊ ဂျာနယ်လက်ကိုင် သော်လည်း ကောင်း တစ်ခုမဟုတ်တစ်ခုရှိနေလိုကတော့ 'တိုင်းခုတ်တဲ့ဝါး ဆစ်လို ခွေးအိုကို ရိုက်ဖို့အသင့်' ပေပဲပေါ့"

"ဒါပေမဲ့အာစရိရယ် ဘယ်အရာမဆို အရှုံးပေါ်အရွှတ် နိုးလို့မရပါဘူး၊ အချိန်တန်တော့လည်း ဆရာမောင်တေမိတို့ စာပေအနုပညာရေးရာတွေ ဟောပြောပေးဖို့ မြို့နယ်ကော် တော်များများက ရောက်လာကြအုံးမှာပါ။ နှစ်စဉ်မဆိုင်း တပည့်လည်း အာစရိဟောပြောပွဲ ထွက်ရာနယ်တွေ ဆ

www.burmeseclassic.com

www.burmeseclassic.com



လျှောက် တကောက်ကောက်နဲ့ 'စာပေလိုက်စား' ခဲ့တာ ခုခ ရင် စာပေပါးအတော်ဝနေပြီ အာစရိရဲ့၊ ဒီတော့ အာစရိ တပည့်တောင်းပန်ချင်တာက အာစရိဆီ ဟောပြောဖို့လာခေ တဲ့အခါတွဲဟောဖို့ လူလိုကောင်းလို့အပ်ရင် ဟောဒီတပည့် ကျော် ဆဌဂံစေင်းရိုင်းကို မမေ့ပါနဲ့နော်"

"ဘာ. . . မင်းက စာပေဟောပြောပွဲစင်ကို တက်မယ် ဟုတ်လား"

"သပ်စ်ရိုက်၊ ဟိ-သိစ္စံ ဒဲသည်စကားဟာ အမှန်ပဲ အာစရို ဘာလဲ အာစရိက တပည့်ရဲ့အရည်အသွေးကိုမယုံ ကြည်လို့လား၊ တပည့်ဟာ စာရေးဆရာ အတော်များများ ဟောပြောပုံတွေ၊ ဟောပြောတဲ့အကြောင်းရပ်တွေ၊ ဟာသ စကားလုံးတွေကို စွဲနေအောင်မှတ်ထားတယ် အာစရိရဲ့၊ အဲဒီ ထဲက ကောင်းတာလေးတွေဆွဲထုတ်ပြီးတော့ အားလုံးကို ရော သမမွှေပြီး သူများပစ္စည်း ကိုယ်ပစ္စည်း လုပ်ပစ်လိုက်မှာ ပေါ့ အာစရိရဲ့၊ ဘာခက်တာလိုက်လို့ဗျာ၊ လိုအပ်ရင် ကြားဖောက် ပြီး ခွန်းထောက်တွေ၊ လေးချိုးတွေ၊ သဖြန်တွေကိုဟဲမယ်၊ မျောက်မင်းအူသံဆို ချင်ဆိုပစ်မယ်၊ ဒစ်စကိုတွေ ၊အော်တာ နေးတစ်တွေ၊ ပေါ့ပ်တွေ ရော့ခ်တွေ ၊ ဟဲဗီးမက်တယ်တွေ၊ ဟစ်ဟော့တွေလည်း ဆိုချင်ဆို အုံးမှာ"

ပြောပြောဆိုဆိုနှင့်ဂင် ထိုင်နေရာမှ ထလိုက်၏။ လူပုံ



ပိန်ပိန်ရှည်ရှည် ၊အရပ်ကကလန်ကလား၊ သည်ကြားထဲ မ ပြောမဆိုဘဲ ခါးတောင်းထကျိုက်လေတော့ ကျွန်ုပ်ပင် ထိပ်ခနဲ ဖြစ်သွား ရပါချေ၏။ ၎င်းသည်ပေါင်နှစ်ဖက်ကို ဖြန်းခနဲရိုက် ၏၊ လက်ခမောင်းကို တဖြောင်းဖြောင်းရိုက်၏။ လက်မောင်း လေးတွေက ပိန်ပိန်လှီလှီမို့ တဖြောင်းဖြောင်းမမြည်ဘဲ တဖျပ် ဖျပ်သာမြည်လေ၏။ ၎င်း၏ခြေသလုံးကား တကာယ့်ကို အသ ရေမည်းသည့် ပလွေရိုးမှ ပလွေရိုးပါတကား။

"လာစမ်းဟော့နော်၊ စာပေဟောပြောပွဲဂမျှား လာခေါ် လို့ကတော့ ဘယ်သူနဲ့ယှဉ်ပြိုင်ဟောရမလဲ 'ဘဟ်တူရင် ကြက် တူရွှေဂျင်ပိုင်းက တက်လူကလေးစေင်းရိုင်း' လာပြီဟော့"

"ဖတ်-ဖတ်-ဖတ်-ဖတ်-ဖတ်"

ထိုအသံကား လက်ခမောင်းခတ်သံ ဖြစ်ချေ၏။ထို့ နောက်ရုတ်ခြည်း စိတ်ဖောက်ပြန်သွားဘိသည့်အလား ကျွန်ုပ် နှင့်တွဲဟောခဲ့ဖူးသည် ဆရာ့ဆရာအပေါင်းတို့၏ ဟောပြော ချက်များအထဲမှ အကွက်ကောင်းကလေးများကို ထုတ်နုတ် ကာ တစ်ယောက်တည်း ဟောပြောနေပါတော့၏။ ထိုဟော ပြောချက်များကို နားမဆင်သော်ငြား ကြားလျှက်သားဆိုသလို ဖြစ်နေရတော့လည်း စိတ်မသက်မသာဖြစ်ရလေသည်။ သူများ စာကို ကိုယ့်စာဖြစ်အောင်ခိုး၊ သူတပါးကလောင်ကို ကိုယ့် ကလောင်တပ်သော အလုပ်သည် စာပေလောကအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်လေ့ဖြစ်ထရှိသည်မဟုတ်။

ယခုတပည့်ကျော်ငစင်းရိုင်း၏ လုပ်ပေါက်က သူများ ဟောပြောချက်ကို ကိုယ်ဟောပြောချက်ဖြစ်အောင် စည်းကမ်းတွေဖောက်နေခဲ့လေပြီတကား။ အဲ့ သူလုပ်ချင်တာမှန်သမျှကို ငွတ်တရွတ်လုပ်ဆောင်ပြီးသည့်နောက် ဘာပြောတယ်မှတ်သနည်း။

"ဒါပဲနော် အာစရိ၊ သည်တခါဟောပြောပွဲထွက်ရင် တပည့်ကိုလည်း ဟောပြောခွင့်ရအောင်လုပ်ပေးရမယ်။ လုပ်မပေးလို့ကတော့ အာစရိကတော် ဒေစီခင်တုတ်ကို အာစရိနယ်ထွက်တဲ့အခါ ဘယ်လိုသောက်တာတွေ ဘယ်လိုမှောက်တာတွေ ဘယ်လိုတွဲတာတွေ၊ ဘယ်လိုကဲတာတွေကို တိုင်ပြောပစ်လိုက်မယ်သိလား"

"ဟာ အဲ့ဒီလိုတော့ မလုပ်လိုက်ပါနဲ့ တပည့်ရာ၊ ကိုယ်အဆင်ပြေအောင် ကြည့်ကြက်စီစဉ်ပေးမှာပေါ့. . "

"ကောင်းပြီ၊ ဒါဆိုသွားမယ်"

သည်ငတိ ပေစောင်းပေစောင်းနှင့် ထွက်သွားမှပင် ကျွန်ုပ်လည်းရင်အေးရလေတော့၏။ ဟူး. . လောက၌ တပည့်ကောင်းရဖို့ ခက်ခဲသလောက် ဆရာလုပ်သူကိုပင် ပြန်လည်ရန်ရှာမည့် သည်လိုမျိုးတပည့်ဆိုးတွေ ရဖို့ဆိုခြင်းက လွန်စွာလွန်စွာ လွယ်ကူလှပါသည်တကား။



မှန်းရွယ်ချက်တွေက တရွေ့ရွေ့နှင့် ကုန်လွန်သွားနေသော အချိန်ကာလတစ်လျှောက်ဝယ် တစ်စတစ်စပျက်ပြယ်သွားခဲ့ရပါသည်ကော။

စာဆိုတော်ရာသီသာ ရောက်လာသည်။ ဟောပြောပွဲဖိတ်ခေါ်ဖို့ ဘယ်မြို့နယ်တွေကမှလည်း ကျွန်ုပ်မောင်တေမိထံ တက်မလာခဲ့။

ဂျာနယ်တွေ၊ သတင်းစာတွေဖတ်ကြ ့တော့ အခြားအခြားသောဆရာကြီး၊ဆရာမကြီးများ ဖြစ်ကြသ ်လယ်တွင်းသားစောချစ်၊ ချစ်ဦးညို၊ မောင်စိန်ဝင်း (ပုတီးကုန်း မဲ့ဗျာ သိုင်း၊ သန်လျင်မောင်မောင်ဦး၊ မောင်ငြိမ်းသူ(ကြို့ပင်မြေ )၊ မြင်းမူမောင်နိုင်မိုး၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊

www.burmeseclassic.com

www.burmeseclassic.com



သုမောင်၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ ချစ်စံဝင်း၊ ချစ်နိုင် (စိတ်ပညာ)၊ ကြည်စိုးထွန်း၊ ငြိမ်းမင်း၊ အဏ္ဏဝါစိုးမိုး၊ ရဲခေါင်မဲမောင်၊ ကံထွန်းသစ်၊ မော်ဝန်းကြည်မြတ်၊ ဂီတာဖေဝင်း၊ ဒါရိုက်တာမောင်နေမျိုး၊ ကြည်တစ်လုံး၊ ချစ်ကိုကိုယု၊ ပျဉ်းမနားမောင်နီသင်း၊ အကြည်တော်၊ ကြူကြူသင်း၊ သန်းမြင့်အောင်၊ မိချမ်းဝေ၊ ရွှေကူမေနှင်း၊ မအိ၊ ခင်ပန်းနှင်း၊ ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ခေါ် ဒေါက်တာနိုက်တင်ဂေး အစရှိသည်တို့ အသီးသီးအသဏ္ဍာ နယ်ထွက်ကာ ဟောကြပြောကြကြောင်း သတင်းတွေဖတ်နေရသည်။ ထိုအခါသမယ၌ ကျွန်ုပ်အဖို့မျောက်မီးခဲကိုင်မိသလို အင်မတန်မှ ပူစပ်ပူလောင်နှင့်ခံစားရခက်လိုက်ပါဘိ။

ဟောပြောပွဲ မလိုက်ရတော့ ကျွန်ုပ်အဖို့ရာမှာလည်း အူမစိုနှုတ်ခမ်းခြောက်နေရပါပြီကော။ ကျွန်ုပ်၏ ပကတိအနေအထားက ကိုင်းဖျားကိုင်းနားပင်မရှိ။ အရွက်အခက်ဆိုသည်မှာ ဝေလာဝေးပါရော့။ တကယ့်ကိုရွတ်တွနေသော သစ်ငုတ်တိုကြီးနှင့်မခြား ဖြစ်နေရလေကား။ ဥပမာ ပုံခိုင်းရလျှင်ဖြင့် ဋ္ဌင်း၁ (လ၁) နှင့်မခြား တပည့်ကျော်ဆ၅ဂံစေင်းရိုင်းပင်လျှင် အနားသို့သီမလာတော့ချေ။ လောကကြီးကား တရားကျစရာကောင်းလှပါဘိ။ စိတ်ဓာတ်ရောင်စုံတွေ လိမ်းကျံနေကြသည့်လူတွေသည်လည်း သံဝေဂယူစရာကောင်းမှကောင်း။



ဂျာနယ်၊ မဂ္ဂဇင်းကလည်း လက်ကိုင်မရှိတော့ ကျွန်ုပ်၏အဖြစ်သည် ကြောင်အိုကြီးဘဝသို့ကူးပြောင်းရောက်ရှိသွားလေရော့သလား။

ကျွန်ုပ်သည် စာကိုလည်း ဟုတ်တိပတ်တိနှင့် လောက်လောက်လားလားရေးတတ်သူ မဟုတ်ဘဲ 'အယ်ဒီတာစားပွဲထိုင်စဉ်က ခုတ်ဖို့ဝါးဖို့လောက်သာ အချိန်ပြည့်စဉ်းစားနေသူမို့ယခုလို မျောက်သစ်ကိုင်းလွတ်ဘဝမျိုး ရောက်ရှိချိန်ဝယ် စာရေးသားခြင်းသက်သက်ဖြင့် ရပ်တည်နိုင်ဖို့ဆိုသည်မှာအဘယ်မှာလျှင် လွယ်ကူမှာတဲ့နည်း။

ဤသို့သော ပြကတေ့အခြေအနေမျိုးဝယ် အောက်ပါကဗျာသည် ကျွန်ုပ်ဘဝအခြေအနေကို အစင်းစင်းမုန့်တီဟင်းတဲ့သို့ ကွင်းကွင်းကြီးထင်လင်းအောင် လှစ်ဟာပြနိုင်ပါချေ၏။

'ဝင်ငွေက မမှန်
အကြံအဖန်က နတ္ထိ။
နှမ်းလျှော်စွာနဲ့
လက်ဗလာ အိမ်ကိုပြန်တော့
ချစ်သက်နှံ့ ဗိုင်းတာမကတောင်
ညစာဖြုတ်၏။ '

ကိုင်း ကျွန်ုပ်၏ ပစ္စက္ခအခြေအနေကား ကူမယ့်သူခ ရှာယ်၊ ကယ်မယ့်သူဝေးရချေပြီကော။ သည်လိုမျိုးသက်ဖြင်း

www.burmeseclassic.com

www.burmeseclassic.com



အမောတွေ ရှိုက်မျိုချနေသည့်အခိုက် ဆက်သွယ်ရေးဌာနမှ လူငယ်တစ်ဦးသည် ဌာနဆိုင်ရာယူနီဖောင်းဝတ်စုံဖြင့် ရောက်လာလေ၏။

'ဒါ. . ဆရာမောင်တေမိတို့ အိမ်ပါလားခင်ဗျာ'

'ဟုတ်ပါတယ်ငါ့ညီ ဒါဆရာမောင်တေမိတို့ အိမ်ပါ။ ဆရာမောင်တေမိဆိုတာ ကိုယ်ပါပဲ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ နယ်ကရောက်လာတဲ့ စာနဲ့ပါဆယ်ထုပ်ကို လာပို့တာပါ။ ဟောဒီစာရွက်မှာ လက်ခံရရှိကြောင်း နာမည်နဲ့ ှတ်ပုံတင်နံပါတ်ရေးပြီး လတ်မှတ်ထိုးပေးပါ"

ကျွန်ုပ်ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားကာ အပျော်ကြီးပျော်သွားပါချေ၏။ မပျော်ဘဲကော နေနိုင်ပါမည်တဲ့လား။ လူငယ်ဆွဲလာသော ပါဆယ်ထုပ်ကြီးသည် နည်းနည်းနောနော မဟုတ်။

သည်ခဏ ကျွန်ုပ်ကိုညစာဖြုတ်ထားသော အိမ်သူသက်နှံ့ဒေစီခင်တုတ်လည်း အပါးသို့ရောက်ရှိလာပြီး မကြာခင် ပိုင်ဆိုင်ရရှိတော့မည့် ပါဆယ်ထုပ်ကြီးကို ကြည့်လျှက် မျက်စိအစုံလည်း ဝင်းဝင်းဖယောင်းတိုင်ကို ထွန်းညှိလိုက်သည့်အလား တောက်ပသွားလေတော့၏။

ကျွန်ုပ်လည်း သွက်လက်တက်ကြွစွာဖြင့် စာရွက်အပေါ်၌ နာမည်၊ မှတ်ပုံတင်နံပါတ်တို့ကိုရေးလျှက် လက်မှတ်



ထိုးပေး လိုက်လေတော့၏။

"ညီလေးရေ. . လက်ဖက်ရည်ဖိုးလေး ဘာလေး. . "

"နေပါစေခင်ဗျာ ကျွန်တော်တို့ကို နိုင်ငံတော်ကလစာလောက်လောက်ငငပေးထားပါတယ်၊ ကိုင်း. . ခွင့်ပြုပါအုံး"

ဟိုက် ရှား။ သည်လူငယ်ကား ရှားရှားပါးပါးတွေ့ရခဲသော ဂြိုဟ်သားတစ်ဦးပါကလား။ကျွန်ုပ်နှင့်တော့ အကွာကြီးကွာ၊ အခြားကြီးခြားပါလား။ ကျွန်ုပ်သာဆိုလျှင် သည်လိုမျိုးအချိုအချောင်ရမည့် လာဘ်ငွေကို ဘယ်သောအခါမှ လက်နှေးနေလိမ့်မည်မဟုတ်။

လူငယ်ကလေး ထွက်သွားတော့ ဒေစီခင်တုတ်သည် စာအိပ်ကိုသာ ကျွန်ုပ်ထံကမ်းလျှက် ပါဆယ်ထုပ်ကြီးကိုမူ သူမကိုယ်တိုင်ဆွဲယူကာ ဖြေပါလေတော့ ှင့်ပါ ာလာတော့၏။

"ဟယ် စောင်တစ်ထည်၊ ပုဆိုးတစ်ထည်၊ ပေါက်ပေါက်ဆုပ်ထုပ်၊ ပျားရည်တစ်ပုလင်း၊ အဲဒီအမြစ်ကြီးက ဘာကဲ့တုံး"

ထိုအမြစ်ကိုကြည့်လိုက်ပေါ့ နန်းလုံးကြိုင်အမြစ် ဖြစ်နေ၏။ ဒါကိုဒေစီခင်တုက်မသိရှာ

"အကြောအခြင်တွေ ကောင်းစေတဲ့ ဆေးမြစ်ပါကွာ၊ တိုင်း ဘယ်ကလာပြီး ဘာတွေရေးထားတယ်ဆိုတာ သိရအောင် စာအိတ်ကိုဖွင့်ပြီးဖတ်လိုက်အုံးမှပါ"

ထိုသို့ပြောဆိုပြီး စာအိတ်ကို ရင်ခုန်စွာဖွင့်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ စိတ်ထဲမှာလည်း 'ကံကောင်းထောက်မစွာနဲ့ စာအိတ်ထဲမှာ ငွေစကြေးစလေးတွေ ပါပါစေ" ဟူ၍ဆုတောင်းနေမိပါသေး၏။ သို့သော်ကျွန်ုပ်ကံမကောင်းပါ။ စာအိတ်ကို ဖွင့်ပြီးသကာလ စာတစ်စောင်သာပါ၍ ငွေစက္ကူမှ အချားနိမ်း။

"ဆရာမောင်တေမိခင်ဗျာ .

ကျွန်တော်မောင်သာဂိ စာရေးလိုက်ပါတယ်။ဆရာကတော့ ကျွန်တော့်ကို သိလိမ့်မယ်မထင်ပါ။ ကျွန်တော်ဟာ တမြန်နှစ်တုန်းက ဆရာဟောပြောတဲ့ 'ပိတုန်းပဒိုင်း' မြို့နယ်က ဆရာရဲ့ဟောပြောချက်ကို နားဆင်ခွင့်မရသူတွေ နားဆင်ရအောင် ကြံဆောင်တဲ့သဘောပါ။

ဆရာတို့ဟောပြောပြီး ပြန်သွားကြလေတော့ ဆရာတို့တရားလွန်သောက်စားသွားကြတဲ့ကိစ္စ၊ လက်ဆောင်တွေတနင့်တပိုးပေးရတဲ့ကိစ္စ၊ အသွားအပြန် ကြိုရပို့ရတဲ့ကိစ္စတွေအတွက် ကျွန်တော်တို့အဖွဲ့ခမျာ အတော်ကလေး ဒုက္ခရောက်ခဲ့ရတယ်ဆရာ။

အဲဒီပွဲကိုဦးစီးဦးဆောင်လုပ်မိခဲ့တဲ့ ကျွန်တော်မှာ ကုန်တာကျတာတွေ ပြေလည်သွားစေဖို့ နွားပေါက်ကလေးတစ်ကောင် ရောင်းလိုက်ရတယ်ဆိုရင် ဆရာ ရင်ဆို့သွားမလားမသိဘူး။ စိတ်မကောင်းတော့ မဖြစ်လိုက်ပါနဲ့ဆရာ။ ကျွန်တော့်အနေနဲ့ ကိုယ်လုပ်ဆောင်ထားမှုအပေါ် ရဲရဲကြီး တာဝန်ကျေ



ခဲ့ပါပြီဆရာ။

အဲ. . ဒီနှစ်ဒီနှစ်ကျတော့ တခြားနယ်က ကျွန်တော်လို ပိုးထနေတဲ့ သူငယ်ချင်းက ဟောပြောပွဲကျင်းပချင်တယ်ဆိုပြီး အတွေ့အကြုံရှိတဲ့ ကျွန်တော်ကို လာတိုင်ပင်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း တွေ့ကြုံခံစားခဲ့ရတာတင်ပြပြီး ကျွန်တော်လုပ်စေချင်တဲ့အကြံကို တင်ပြတော့ သူငယ်ချင်းလည်း အားရဝမ်းသာစွာနဲ့ ကျွန်တော်အကြံကို လက်ခံလို့ သူတို့နယ်မှာ ဆရာ့ရဲ့ ဟောပြောပွဲလေးကို လုပ်လိုက်ပါတယ်ဆရာ။

အကုန်အကျနည်းပါးစွာနဲ့ ကျွန်တော်လုပ်ပေးလိုက်ရတဲ့ 'ခေတ်သစ်စာပေဟောပြောပွဲ' ပေါ့ဆရာရယ်။ ပရိသတ်တွေကလည်း ကောင်းမှကောင်းပဲ။ အဲသည်မြင်ကွင်းကို ဆရာမြင်တွေ့စေချင်တယ်။ မကြာခင်မှာ ဓါတ်ပုံပို့ပေးလိုက်ပါအုံးမယ်။

ဒီလိုဆရာရေ။ ဟောပြောပွဲစင်မြင့်က စားပွဲပေါ်မှာ ဆရာ့ရဲ့ဓါတ်ပုံကြီးကို အများမြင်သာအောင် ထောင်ထားပါတယ်။ ဓါတ်ပုံရှေ့မှာတော့ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေ ထွန်းလို့ပေါ့။

အဲ အစားအသောက် ပန်းကန်ကိုတောင်မှ ချထားလိုက်ပါသေး။ ပြီးတော့ဆောင်းဘောက်ကြီးတွေ ဆောင်လို့ တမြန်နှစ်တုန်းက ဆရာဟောပြောခဲ့တဲ့ တိပ်ခွေကို ဖွင့်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ် ဆရာရေ။

အဲဒီဟောပြောပွဲအတွက် ဆရာဆီကို ဉာဏ်ပူဇော်ခ အဖြစ် ပါဆယ်ထုပ်တစ်ထုပ်ပေးလိုက်ပါတယ်။ အဖိုးနည်းဝန် ပါ သဘောမျိုးနဲ့ ကျွန်တော်ရဲ့ 'ခေတ်သစ်စာပေဟောပြောပွဲ' ကျင်းပပုံလေးကို ဆရာကျေနပ်တန်ကောင်းပါရဲ့နော်"

လေးစားစွာဖြင့်

မောင်သာဝိ

(ပိတုန်းပဒိုင်းမြို့နယ်)

ဒီနှိစာကိုဖတ်ပြီးသကာလ အနာဂတ် စာပေဟော ပြောပွဲများအတွက် ကျွန်ုပ်မောင်တေမိခဗျာ ငိုရမလို၊ ရယ်ရမ လိုဖြစ်သွားရတော့သည်တကား။ ။



**"ပညတ်သွားရာ ဓာတ်သက်ပါ၏"**

တစ်နေ့သ၌ 'မည်သူမဆို ကိုယ်ဝတ်ခြံကိုယ်ညှစ် ယ့်လက်ကျန်ကိုယ်ကာစ်' ဆိုသည့်ဆောင်ပုဒ်ကို ကိုင်စွဲထား သော ကျွန်ုပ်မောင်တေမိအား အိပ်မက်နိုင်ငံမှ ချစ်ကြည်ရေး စီအစဉ်အရ အလည်အပတ်ရောက်ပါရန် ဖိတ်ခေါ်လာသ င့် (အစားအသောက် အသွားအပြန်စရိတ်ငြိမ်းရုံမက အိပ် က်တိုင်းပြည်မှ အဖိုးတန်လက်ဆောင်ပဏ္ဏာများပါ ရရှိမည် သည်အတွက်) အနည်းငယ်လေးမျှပင် ကြန့်ကြာသမှုတ္တ မ ည်နိုင်တော့ဘဲ ဖိတ်ခေါ်ချက်ကိုလက်ခံကာ အိပ်မက်နိုင် ို့ လိုက်ပါသွားမိလေတော့၏။

www.burmeseclassic.com



အိပ်မက်နိုင်ငံမှ ချစ်ကြည်ရေးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၌ ဘူးသီးပုံဂျာနယ် အယ်ဒီတာပြုတ်အဖြစ် အကျော်ဇေယျရှိပေထသော ကျွန်ုပ်မောင်တေမိ ရောက်ရှိလာသည့် သတင်းစကား ကြားရလေသောအခါဝယ် ဝမ်းသာအားရ ကြိုဆိုခဲ့ကြပြီး ကျွန်ုပ်တည်းခိုနေထိုင်ရန် ကောင်းပေ့ညွှန့်ပေ့ဆိုသည့် အဆင့်မြင့်ဟိုတယ်ကြီးတစ်ခုဆီသို့ ပို့ဆောင်ပေးကြလေ၏။

ကိုယ့်အိမ်ကိုယ့်ရာ၌ ဂုန်နီအိတ်ကိုခင်းလျက် မလုံ့တလုံစောင်ပါးကလေးကို ခြုံ၍ကွေးရသည်မှ ယခုကဲ့သို့ အိစက်ညက်ညောလှသော ရေမြှုပ်မွေ့ရာထူထူ၌ ကျောခင်းရင်း ဂွမ်းစောင်ဂွမ်းကပ်ကြီးများခြုံလျက် 'နှပ်လေသရောတည်း' လုပ်ရသည်မှာ စည်းစိမ်ဝယ် ကြီးလှပါဘိတော့။

ရေချိုးမည်ဆိုလျှင်လည်း ကြွေဇလားခွက်အတွင်း ရေအေးဖြင့်စိမ်မလား၊ ရေနွေးဖြင့်စိမ်မလား. . . အဟားဟား။

(မရှိသေ့စကား) အာအာပြီး၍ အီးအီးပါသည့်နေရာ၌လည်း လွန်စွာမှဖင်ဇိမ်ရှိလောက်အောင် ဘိုထိုင်အိမ်သာဏ (အဟမ်း) ကောင်းမှကောင်း။ အစားအသောက်ဆိုလျှင်လည်း တကယ်ကို ရှယ်မှရှယ်။

လျှာရင်းပူအောင် ဘာပုလင်းယူမည်နည်း။

ရှန်ပိန်၊ ကော့ညက်၊ ဘော့ဒဂါ၊ ချီးဗက်စ်၊ ဂျော်နီလမ်



လျှောက်၊ ရက်လေဘယ်၊ ဘလက်လေဘယ်၊ ဘလူးလေဘယ်၊ ဝိုင်၊ မာတနီ၊ ဘီယာ (အို) ကြိုက်ရာကိုရွေးစမ်း ကိုယ့်လူပါကလားဟရို့။ အစားအစာတွေဆိုရင်လည်း ဘူဖေး၊ ကြိုက်ရာရွေး၊ ကြိုက်ရာထည့် ကြိုက်သလောက်တွယ် (နိမ့်သဟ)။

သည်လိုမျိုး အခွင့်သာအခါပေးနေ၍မှ အီစီကလီလုပ်နေလျှင် ကျွန်ုပ်မောင်တေမိလောက် မိုက်မဲသောသူရှိနိုင်တော့မည်မဟုတ်။ သည်တော့လည်း ကျွန်ုပ်မောင်တေမိသည် အကောင်းဆုံး အစားအစာများကိုလည်း စားပို့နင့်လောက်အောင် 'ပါးဖြန်းဖြ' တီးတော့သည်။ စိတ်ထဲမှာလည်း ငယ်ကျွမ်းဆွေသီချင်းသွားအတိုင်း 'သည်လိုအခြေအနေမျိုး ထောင်သောင်းကော. . တွေ့ပါရစေ. . " ဟူ၍ ဆိုညည်းနေမိလေ၏။

သည်လိုနှင့် တစ်နေ့မှာတော့ ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင်က ကျွန်ုပ်မောင်တေမိအား ၎င်းတို့ အိပ်မက်နိုင်ငံရှိ အသံလွှင့်ဌာနသို့ ခေါ်ဆောင်သွားလေ၏။

"ဆရာမောင်တေမိ ခင်ဗျာ. . . ကျွန်တော်တို့နိုင်ငံတသူတွေဟာ စီးပွားဥစ္စာအတွက် ပူပင်စရာ မလိုကြလေတော့ ရေဒီယိုနားထောင်တာ၊ စာဖတ်ကြတာကို အလွန့်အလွန်ပဲဝါသနာပါကြပါတယ်"

"ဟုတ်ကဲ့"

"စာဖတ်တယ်ဆိုတဲ့နေရာမှာလည်း ဆရာမောင်တေမိ

www.burmeseclassic.com

www.burmeseclassic.com



တို့နိုင်ငံက ဂျာနယ်တွေကို တခုတ်တရမှာယူတင်သွင်းပြီး ဖတ်လေ့ရှိကြပါတယ်၊ သူတို့စွဲစွဲမြဲမြဲဖတ်ခဲ့တဲ့ ဂျာနယ်စာရင်းကိုလေ့လာကြည့်တဲ့အခါ ဆရာမောင်တေမိ အယ်ဒီတာလုပ်ပြီး ကလောင်အမျိုးမျိုးနဲ့ ခြေဆော့လက်ဆော့၊ မျက်စိဆော့၊ ခေါင်းဆော့ခဲ့တဲ့ 'ဘူးသီးပုံဂျာနယ်' ဟာ 'တော့-စာရင်း' ဝင်နေတယ်ခင်ဗျ၊ အဲဒါကြောင့် ကျွန်တော်တို့အိပ်မက်နိုင်ငံချစ်ကြည်ရေးအဖွဲ့က ဆရာမောင်တေမိကို ဦးစားပေးဖိတ်ကြားလိုက်တာပါပဲခင်ဗျာ"

"ကျေးဇူးတင်ဝမ်းမြောက်လိုက်ပါဘိခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အိပ်မက်နိုင်ငံကို ခုလိုမျိုးအထူးဧည့်သည်တော်အဖြစ် ဆရာရောက်တုန်းရောက်ခိုက်မှာ အသံလွှင့်ဌာနမှတဆင့် ဆရာနဲ့ဆရာပရိသတ်တွေကို 'ကြွေးအွန်လိုင်း' ဆိုတဲ့ အစီအစဉ်ကနေ တိုက်ရိုက်တွေ့ဆုံ အင်တာဗျူးမယ့် အစီအစဉ်ကလေးတစ်ခု လုပ်ဆောင်ပေးထားပါတယ် ဆရာနဲ့စကားပြောဆိုချင်ကြတဲ့ ပရိသတ်ကများပြားလေတော့ လူဦးရေကန့်သတ်ထားသလို စကားပြောဆိုချိန်ကိုလည်း တစ်ယောက်ကိုသုံးမိနစ်နှုန်း သတ်မှတ်ထားပါတယ်။

အဲဒါဆရာအနေနဲ့ ကျွန်တော်တို့ နိုင်ငံကိုရောက်တုန်းရောက်ခိုက်ဆိုသလို အမှတ်တရဖြစ်ဖွယ် ဒီအစီအစဉ်လေးမှာ ပါဝင်ဆောင်ရွက်ပေးဖို့ရာ ပန်ကြားအပ်ပါတယ်၊ဆရာရဲ့အပြန်



ခရီးမှာလည်း ဆရာအတွက် ၊ ခင်မတန်အသုံးဝင်မယ့် လက်ဆောင်တွေပေးဖို့ရာလည်း စီစဉ်ထားပါတယ်ခင်ဗျာ"

ကျွန်ုပ်မောင်တေမိ၏ အာရုံထဲမှာတော့ 'ကောင်းလှချည်လား ဒေါင်းမြကြည်ရယ်' ဆိုသည့် အသံများက အက်ကိုးတွေအထပ်ထပ်ဖြင့် ပွတ်လောရိုက်နေလေတော့၏။

သည်လောက်ကောင်းမြတ်သည့် အစီအစဉ်ကို ကျွန်ုပ်မောင်တေမိအဖို့ရာ အဘယ်မှာလျှင် ငြင်းဆန်နိုင်မှာတဲ့နည်း။ ပြီးတော့ အိမ်အပြန်ခရီးမှာ ကျွန်ုပ်အတွက် အသုံးဝင်မည့်လက်ဆောင်တွေ ရဦးမှာတဲ့။ ဟီ. . . ဟိ။

"ကောင်းပါလေ့ မစ္စတာ၊ အားလုံးရယ်ဒီဖြစ်ရင် အစီအစဉ်ကို စတင်နိုင်ပါပြီ"

"ကျေးဇူး ပါပဲ ဆရာမောင်တေမိ"

သို့ဖြင့်ချစ်ကြည်ရေးခေါင်းဆောင်လည်း အသံလုံခန်းမငယ်အတွင်းသို့ ကျွန်ုပ်အားသွင်းလိုက်လေတော့၏။ အခန်းတွင်းမှာတော့ တယ်လီဖုန်းတစ်လုံး။ တစ်ဖက်မှဖုန်းလာလျှင် ကျွန်ုပ်ကတောက်ကိုင်၍ သူတို့၊ သူတို့မေးသမျှ အလိုက်သင့်ဖြေလိုက်ရုံသာတည်း။

တီ. . တီ. . တီတီတီ (တယ်လီဖုန်းခေါ်သံပြ

ကျွန်ုပ် ။ ။ ဟလို. . ပြောပါခင်ဗျာ။

မေး ။ ။ အခုအသံရှင်ဟာ ဘူးသီးပုံဂျာနယ်အယ်ဒီ

www.burmeseclassic.com

www.burmeseclassic.com



တာပြုတ်မောင်တေမိလားဟင်။

ကျွန်ုပ် ။ ။ မှန်ပါပေရဲ့ ရေမရောပါဘူးခင်ဗျာ။

မေး ။ ။ ဒါဆိုရင် ဆရာက'နို'သမားပေါ့။

ကျွန်ုပ် ။ ။ ဟုတ်ကဲ့ ကျွန်တော်က ဘာလုပ်ရလုပ်ရ 'နို' မှကြိုက်တာ။

မေး ။ ။ဆရာက တကယ်ကိုဗြောင်သမားပဲနော်။ ကြိုက်သွားပြီ။ဒါထက်ဆရာဟာ အယ်ဒီတာပြုတ်ဖြစ်သွားတော့ လက်ရှိဘာလုပ်နေသလဲဟင်။

ကျွန်ုပ် ။ ။ ဂျာနယ်တိုက်တွေဝင်ပြီးတောင်း (အဲလေ) သူတို့ တောင်းတဲစာမူတွေကို ရေးပေးတာပေါ့။

မေး ။ ။ ဂျာနယ်တိုက်တွေက ဆရာ့ဆီက ဘာစာမူတွေတောင်းသလဲ။

ကျွန်ုပ် ။ ။အများအားဖြင့်ကတော့ ဆေးမြီးတိုတွေတောင်းပါတယ်။ ဥပမာအားဖြင့် စံချိန်မီအစွမ်းထက်တဲ့ ဆေးဖော်စပ်နည်းတွေပေါ့လေ။

မေး ။ ။ ဆရာကလောင်ခွဲတွေက အများကြီးပဲဆို။ အဲဒီထဲက ကလောင်ခွဲ၁၀-မျိုးလောက်ကို ပြောပြပေးနိုင်မလား။



ကျွန်ုပ် ။ ။ ရပါတယ်။ ကျွန်ုပ်ခွဲထားတဲ့ ကလောင်ခွဲပေါင်းမြောက်မြားစွာထဲက (၁၀) မျိုးကို ပြောရရင် 'ဖိုးသင်မျောက်'၊'ဖိုက်တင်ဘော'၊ 'သာဝိန္ဒ'၊ 'ဘော်ချက်သူ'၊ 'ပြုတ်တူ'၊'ဂျော်ဒကီး'၊ 'ချဉ်ဖက်အိုး' နဲ့ 'မုန်လာဥနီ'တို့ဖြစ်ပါတယ်ခင်ဗျ။

မေး ။ ။ ကျေးဇူးပဲနော်။ ဒါထက်သုံးမိနစ်ပြည့်သွားပြီလားဟင်။

ကျွန်ုပ် ။ ။ ဟုတ်ကဲ့ပြည့်သွားပါပြီ။ အဲဒီအတွက် ကျသင့်ငွေကိုပေးချေပါ။

မေး ။ ။ ဆရာက အတော်နောက်တက်တာပဲနော်။ ကျေးဇူးအသေ်ချေ။ တာ့. . တာ၊ဘိုင့်ဘိုင်။

×××

"တီ. . . တီ. . တီတီတီ. . ."

(တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာ၏ ကျွန်ုပ်လည်း ရင်တမမဖြင့် ဖုန်းခွက်ကိုလှမ်းယူကာ နားတွင် လိုက်၏)

မ ။ ။ဟဲလို ဆရာမောင်တေမိနှင့်စကား . . . လို့ပါရှင်။ (သာယာချိုမြသောဣတ္ထိယ ... ဖြစ်သည်မို့ ကနဦးရင်တမမဖြစ် နေမှုသည ယခုတော့လည်း နိုးပလော်ဘလပ်သွားရ

www.burmeseclassic.com



လေတော့၏)

ကျွန်ုပ် ။ ။ ဟုတ်ကဲ့-ကျွန်တော်မောင်တေမိပါ။

မ ။ ။ ဟယ်. . . ဝမ်းသာလိုက်တာ။ ဒါထက်ဦးရဲ့ အသက်ဘယ်လောက်ရှိပြီလဲဟင်။

ကျွန်ုပ် ။ ။ သမီးရဲ့အသက်ကို အရင်ပြော။

မ ။ ။ ဆယ့်ခြောက်နှစ်မှာ တစ်ရက်လျော့။ကဲ- ဦးအလှည့်။

ကျွန်ုပ် ။ ။ ဦးအသက်က တွမ်းတီးသုံးခါ။ဒါပေမယ့် ကွယ်လောကမှာအသက်ဆိုတာ ပညတ်ချက်သဘောတွေပါ။

မ ။ ။ ဦးကတရားတော်တော် ရနေပြီပဲ။သမီးလည်းတရားရချင်တယ်။

ကျွန်ုပ် ။ ။ တရားရချင်ရင် တရားချပေးရမှာပေါ့ကွယ် အဲသည့်ကိစ္စအတွက် ဦးအနေနဲ့ လုံးဝဥဿုံတာဝန်ယူပါတယ်။

မ ။ ။ ကျေးဇူးပါပဲ။ ဒါထက်ဦးခဏလေးဖုန်းကိုင်ထားပါဦးနော်။

ကျွန်ုပ် ။ ။ ကိုင်ထားမယ်။ ကိုင်ထားမယ်။

မ ။ ။ သမီးရဲ့အန်တီက ဦးနဲ့စကားပြောချင်လို့တဲ့။



ကျွန်ုပ် ။ ။ ဩော်- ဟုတ်လား။ ရတယ်. . ရတယ်။

တစ်ဖက်မှ။ ။ ကိုတေမိ. . . လား. . . ဟင်။

ကျွန်ုပ် ။ ။ ကိုတေမိ 'လား'မဟုတ်ပါဘူး။ ကိုတေမိပါ။

တစ်ဖက်မှ။ ။ သူများနာမည်က ဘေဘီပါ။ ဘေဘီလို့ ခေါ်ပါ။

ကျွန်ုပ် ။ ။ ဟုတ်။

ဘေဘီ ။ ။ ကိုတေမိကို ဘာကြောင့် 'ဘူးသီးပုံ' နဲ့ တွဲပြီး ခေါ်တာလဲဟင်။

ကျွန်ုပ် ။ ။ ဘူးကျလို့ (အဲ) ဗိုက်အိုးကြီးက ဘူးသီးပုံနဲ့တူ (ဒါလည်းဟုတ်ပေါင်) ဟို. . ဟိုဒင်းလေ 'ဘူးသီးပုံကျာနယ်' မှာ အယ်ဒီတာလုပ်ခဲ့လို့ပါဘေဘီရဲ့။

ဘေဘီ ။ ။ ကိုတေမိရဲ့မိတ်ဆွေကာတွန်းမောင်မောင်ညှက်က တော်တော်ညှက်သလားဟင်။

ကျွန်ုပ် ။ ။ ကျွန်တော်ထက်တော့ ညှက်တာသေချာတယ် ကိုယ်လုံးကိုယ်ထည်နဲ့ အရုပ်အမောင်းကို ပြောတာနော်။

ဘေဘီ ။ ။ အဟင်း. . . ဟင်း။ ကိုတေမိက ရယ်စရာတွေ သိပ်ပြောတက်တာပဲ။ အကြည်တော်တို့ ပေါ်ကျာရစ်တို့လို ဟာသဝတ္ထုတွေ

www.burmeseclassic.com

www.burmeseclassic.com



ရေးပါလားဟင်။

ကျွန်ုပ် ။ ။ မရေးချင်ပါဘူး ဘေဘီရယ်။ ကျွန်တော်သာ ဟာသဝတ္ထုတွေ ရေးလိုက်ရင် သင်းတို့ စာအုပ်တွေ ဖတ်မယ့်သူရှိတော့မှာ မဟုတ်တဲ့အတွက် ကိုယ်ချင်းစာသနားပြီး မရေးတာပါ။

ဘေဘီ ။ ။ ဒါပဲနော်။ မြန်မာနိုင်ငံပြန်ရောက်ရင် ဘေဘီတို့ ဟူအရီးနှစ်ယောက်အတွက် ဓါတ်ပုံအမှတ်တရပို့ပေးအုံး။

ကျွန်ုပ် ။ ။ စိတ်ချပါဘေဘီ။

ဘေဘီ ။ ။ ဒါထက် ဆရာကြီးအီကြာကွေး တစ်ယောက်မာတုန်းပဲလားဟင်။

ကျွန်ုပ် ။ ။ မာတယ်. . . မာတယ်။ ကဲ. . . ဘေဘီရေ ပြီးတော့မယ်။

ဘေဘီ ။ ။ ဘာ. . . ဘာပြီးတာလဲဟင်။

ကျွန်ုပ် ။ ။ စကားပြောချိန်စေ့လို့ ပြီးတော့မှာကိုပြောတာပါ။

သို့ဖြင့်ကျွန်ုပ်လည်း အိပ်မက်နိုင်ငံ၊ အသံလွှင့်ဌာန၏ 'ငကြွားအွန်လိုင်း' အစီအစဉ်မှနေ၍ ပရိသတ်ဆယ်ဦးမကအား အရည်မရ အဖက်မရ ပြောဆိုဖြေကြားရသည်နှင့် လျှာထွက်



မတတ် မောပန်းသွားခဲ့ပါလေတော့သတည်း။

ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ အိပ်မက်နိုင်ငံမှ ကျွန်ုပ်အား တခမ်းတနားဆိုသလို လေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ကြလေသည်။ ကျွန်ုပ်အားလည်း ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပါဆယ်ထုပ်ကြီးတစ်ထုပ်ကို လက်ဆောင်အဖြစ်ပေးလိုက်ရာ ကျွန်ုပ်အဖို့အိမ်အပြန် မျက်နှာလှလှ၊ မျက်နှာရပါတော့မည်။

အချိန်နာရီ တော်တော် လွန်မြောက်ပြီးချိန်မှာတော့ ကျွန်ုပ်သည် အမိမြန်မာနိုင်ငံတော်သို့ အဆင်ပြေချောမောစွာ ဆိုက်ရောက်ခဲ့ပါပြီ။ အိမ်သို့လေဆိပ်မှနေ၍ တက္ကစီတစ်စီးငှားတာ ပြန်လာခဲ့၏။

ထိုသို့မပြန်ခင် လေဆိပ်၌ ကြိုတင်ရောက်ရှိနေသော မြို့တွင်း စာနယ်ဇင်းသမားအချို့က လျှပ်တပြက်ဖင်တာဗျူးကြသည်ကိုလည်း ကျွန်ုပ်မှာအိုက်တင်အမျိုးမျိုး၊ ပို့စ်အမျိုးမျိုးခမ်း၍ဖြေခဲ့ရပါသေး၏။ သို့ဖြင့်နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့၏။

ဇနီးသည် ဒေစီခင်တုတ်သည် ဘုတ်ဆုံမ ဒီဇိုင်းဖြင့် ကျွန်ုပ် မောင်တေမိကို ကြိုဆို၏။ပြီးနောက် လက်ဆောင်ထုပ်ကြီးကို အငမ်းမရသိမ်းပိုက်သွား၏။ သည့်နောက် အချိန်နာရီ အနည်းငယ်ကလေးမျှပင် ဆိုင်းမနေတော့ပဲ အထုပ်ကြီးကို

www.burmeseclassic.com



ဖောက်လေတော့၏။

အထုပ်ထဲ၌ ပါရှိလေသော ပစ္စည်းများကား ကျွန်ုပ်အတွက် အင်မတန်မှ အသုံးဝင်လိမ့်မည်ဆိုသော အေအိုင်ဒီ အက်စ်ရောဂါ ကာကွယ်ရေးပစ္စည်းများ ဖြစ်နေပါတော့သတည်း။ ။



**"ပုံတင်လေသော ထိစ်ကွက်ကဲ"**

အမည်သညာ ခေါ်စရာကား၊ စာကိုမရေး စာဟောတေးဟစ်၊ ခေတ်တစ်ခေတ်ထူ၊ သည်ဇမ္ဗူခါင်၊ သဏ္ဍာန်အင်ထူးသယောင်နှင့် စံတင်ဖူးအခေါင်ညွှန့်လေ ကွန့်လေသည့် 'ဂန္ထဝင်ပြူးကြောင်' ဆိုသူဖြစ်လေသတည်း။

အထက်အဆိုပါ ခြေဆင်းစကားနှင့်အညီ ကျွန်ုပ်တို့၏ ဟီးရိုးဇာတ်လိုက်ကျော်ကြီး ဖြစ်တော်မူပေထသော **ဂန္ထဝင်ပြူး**ကြောင်သည် မြန်မာနိုင်ငံအတွင်း ရှိရှိသမျှ နယ်မြေဒေသမြောက်များစွာ၌ စာဆိုတော်ရာသီကာလ ကျရောက်လာ**သော**အခါ**ိုင်း** ဟောပြောပွဲများကို လိုက်လံဈေးစပ်ပြီးသကာလ **အလုပ်**

www.burmeseclassic.com



ကြီးဖြစ်နေလေတော့၏။

စာဆိုတော်ရာသီကာလ နီးလာလျှင် နယ်မြေဒေသ အသီးသီးမှ ဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီဝင်အချို့ သည် မြို့တော်ရန်ကုန်သို့ တက်လာကြကာ ဟောပြောမည့် စာရေးဆရာများကို ခေါ်ယူလေ့ရှိကြ၏။

ထိုကာလဝယ် ဂန္ထဝင်ပြူးကြောင်သည် ၎င်းနေထိုင်ရာ ရွာသာကြီးလှေးထောင့်ကန် နေရာမျိုးမှ နေ့စဉ်နီးပါးဆိုသလို ရန်ကုန်မြို့လယ်ရှိ စာရေးဆရာများ စုဝေးလေ့ရှိကြသော လေ အန်ကုန်း၊ လေထန်ကုန်း၊ လေကွယ်ကုန်း၊ လေဖြတ်ကုန်းတို့ ထံသာမက ရာဟုစကားဝိုင်း၊ သောကြာစကားဝိုင်း၊ စနေ စကားဝိုင်း အစရှိသည့် နေရာများသို့ 'ခေါက်တုံ့လူးလာ၊ မြူ ကာပျံ့သန်းကုန်' တော့၏။ တကယ်ဆိုလျှင် စာရေးဆရာဟူ သည် စာပေရေးသားခြင်းကိုဘာလျှင် အဓိကထားရမည် မဟုတ်ပါလော။

"ဟလို အိုင်ဆေး၊ ကိုယ်ပြောမယ် ကိုရွှေတောသား ရဲ့၊ စာရေးတယ်ဆိုတာက တကယ့်တကယ်ကျ အရေးမသွား အတွေးမနက်တဲ့ ကိုယ်တို့လက်တွေနဲ့ တွက်ခြေမကိုက်လှဘူး ကဗျာတစ်ပုဒ် ရေးထုတ်ပြီးပြီ ဆိုပါစို့၊ အဲဒီကဗျာကလည်း အယ်ဒီတာကြိုက်ပြီး ရွေးပါအုံးမှ၊ အဲ ကံကောင်းထောက်မလို့ ရွေးပြီးရင်လည်း လနဲ့ချီပြီး စောင့်ရတာ၊ စာမူခကျတော့ကော ဘယ်လောက်ရမှာမို့လို့လဲ၊ တစ်ပုဒ်မှ အများဆုံးပေးပါလှ တစ် ထောင် ထောင့်ငါးရာ၊ စကားပြေဆိုရင်လည်း ဘာထူးမှာတဲ့ လဲ၊ ဝတ္ထုတစ်ပုဒ်ရေးပြီးရင် ကုလားသေ၊ ကုလားမော စောင့် ပေအုံးတော့၊ ဖော်ပြခံရရင်ဖြင့် ကဗျာခထက်တော့ ပိုတာပေါ့ လေ။ ဒါလည်း ပြောပလောက်အောင် မဟုတ်ပါဘူး၊ နှစ် ထောင့်ငါးရာ၊ သုံးလေးထောင်ဆိုတာ အများဆုံး၊ အဲဒီလိုမျိုး စာမူခရမှ စားရမယ်ဆိုရင်ဖြင့် လျှာတစ်ပြင်လုံး ကောက်ရိုး ချောက်တွေ ဖုံးသွားလိမ့်မယ်"

သို့ကလို စာရေးဆရာ ဂန္ထဝင်ပြူးကြောင်သည် တ ကယ့်ဝါရင့်၊ သမ္မာရင့် စာရေးဆရာကြီးဂိုက်ဖမ်းလျက် လက် ဘက်ရည်ဆိုင်ရှိ ဘေးစားပွဲခုံများမှလူတွေ မကြားကြားအောင် သေအသိမ်းအထုတ်ပြုလျက် ဆွဲဆောင်နေလေတော့သည်။

"ဒါဖြင့်လည်း အယ်ဒီတာတွေ၊ ထုတ်ဝေသူတွေကို စာမူခတိုးပေးဖို့ရာအတွက် အရေးဆိုပေါ့ ကိုပြူးကြောင်ရဲ့"

"အမယ်လေး လေး၊ အဲသည်ကိစ္စအတွက် ကျားဖင် ဆွဲသာ တုတ်နဲ့ထိုးလိုက်ချင်တော့တယ်၊ အတော်မလွယ်တဲ့ ကိစ္စပဲဗျ။ ထုတ်ဝေသူအချို့၊ ထုတ်ဝေသူရဲ့ လက်ကိုင်တုတ် အယ်ဒီတာအချို့ဆိုတာ မတတ်သာလို့သာ ကျုပ်တို့ရေးတဲ့ စာတွေ၊ ကဗျာတွေကို ထည့်နေရတာ၊ တကယ့်တကယ်က သူ တို့ အငမ်းမရအလိုရှိနေတဲ့ဟာက စာမူမဟုတ်ဘူး ကြော်ငြာ

www.burmeseclassic.com



ဗျ၊ ကြော်ငြာ. . . ၊ ဒီတော့ ကိုယ့်ဘဝအကျိုးပေးနဲ့ပတ်သက်ပြီ
'တွေးမိတိုင်းရင်နာသည်၊ အရိုးမာတောင် မကိုက်ချင်လှပါဘူ
လေး' လို့တောင် တေးထပ်တစ်ပုဒ်ကို ရေးစပ်ထုတ်လိုက်ချ
တော့တယ်"

ဂန္ထဝင်ပြုံးကြောင် ညည်းတွားသမျှကိုသာ ခရေ
တွင်းကျ ရေးသားပြုပြီးသကာလ တက်သစ်စ စာပေဝါသန
ရှင်တို့သာ ဖတ်ဖြစ်မိကြလျှင် အကြီးအကျယ် စိတ်ညစ်သွာ
မှာ သေချာလှပေသည်။

တကယ်တော့ အခက်အခဲဟူသည် လူတိုင်း၊ ပုဂ္ဂိုလ
တိုင်း၌ ရှိကြပေသည်သီ။ အခက်အခဲဟူသည် ရှောင်လွှဲသွာ
မည့်အရာမှုဟုတ်။ တွေ့ဆုံရင်ဆိုင် ကြံကြံခံရင်း အောင်မြင်
ကို ရယူဖို့ပဲဖြစ်သည်။

သို့မှသာ လူသားစိတ်ဓာတ်ရှိသူဟု ကိုရွှေတောသာ
ခံယူပါသည်။ သို့ဆိုလျှင် သည်လိုအခက်အခဲများကို ရင်ဆို
ကြုံတွေ့နေရသည်ဆိုသော ဂန္ထဝင်ပြုံးကြောင်သည် ၎င်း
ခက်အခဲများအား မည်သို့ရှောင်လွှဲဖယ်ရှားပစ်ပါသနည်း။

"ကိုယ်တော့ မြန်မာစာပေလောကရဲ့ ပစ္စက္ခအ
အနေကို လေ့လာသုံးသပ်နိုင်ခဲ့ပြီ ကိုရွှေတောသား"

"ဟာ တယ်ဟုတ်ပါလား၊ မှတ်မှတ်သားသားလေ
ရအောင် လုပ်စမ်းပါအုံး ကိုပြုံးကြောင်"



"ကိုယ့်လို ဟောပြောမှု အတတ်ပညာပိုင်းဆိုင်ရာမှာ ဝါသနာရင့်နေသူတစ်ယောက်အတွက် တင်ပါးကျောက်ချပြီး လက်အညောင်းခံပြီး စာရေးနေတာဟာ အတော်လေးကို ဖီးလ်အောက်သွားပြီဗျ၊ ဒီတော့ စာရေးမယ့်အစား ဟောပြောပွဲဘက်ကိုပဲ အာရုံစိုက်တော့တယ်၊ တစ်နာရီခွဲစာလောက် ကိုယ်ဟောပြောမယ့် ဘာသာရပ်ကို အပြတ်လေ့ကျင့်ထားတယ်၊ ဘယ်လောက်လေ့ကျင့်ထားသလဲဆိုရင် ဟောပြောတဲ့ အကြောင်းအရာကအစ လေယူလေသိမ်း၊ ဟန်ပန်အဆုံး '၏၊ သည်၊ ၍' မလွဲ၊ ကီး သံစဉ်တွေ တစ်ထပ်တည်းဖြစ်သွားရလေအောင် အိမ်တွင်းအောင်းပြီး ကက်ဆက်တစ်လုံးနဲ့ ကျင့်ထားတယ်၊ အမူအရာ၊ မျက်နှာပေါ်၊ လက်အနေအထား၊ ကိုယ်ဟန်အလှုပ်တွေကိုလည်း အမြဲကျင့်နေခဲ့တာ ဆိုတော့ ဟောပြောပွဲတိုင်း စူပါဇတားဖြစ်နေတော့တာပေါ့ဗျာ"

ဟုတ်လောက်ပါပေ၏။ ယုံကြည်ဖွယ်လည်း ကောင်းပါ၏။ ဂန္ထဝင်ပြုံးကြောင်ကား လုပ်သလိုပြောတတ်၍ ပြောသလိုလည်း လုပ်တတ်သော လူစားမျိုးပါတည်း

"စာရေးဆရာဟာ စာမရေးဘဲ ဟော ပြောပွဲချည်းပဲ လိုက်နေတယ်ဆိုတော့ ဇာတ်သမားဆန်မနေဘူးလ.

"ဆန်ဆန်လေ၊ အရေးကြီးတာ ငွေဝိုင်း၊ ငွေဝိုင်း"

"အဲ ငွေဝိုင်းလို့ခေါ်တဲ့ ပိုက်ဆံကကော မ်တော်တော်ရ

www.burmeseclassic.com

www.burmeseclassic.com



လို့လား ကိုပြုံးကြောင်"

"ဟာ ရတာပေါ့ ကိုရွှေတောသားရယ်၊ စာတစ်ပုဒ်ကို ခါးချည့်အောင် ရေးထုတ်ပြီး ရတဲ့စာမူခနဲ့ ဘာမှမဆိုင်ဘူး၊ တစ်ပွဲကို သုံးသောင်းဆိုတာ အောက်ထစ်ပဲ၊ ဘာစားမလဲ၊ ဘာသောက်မလဲ၊ ဘယ်မှာတည်းမလဲ အားလုံးဟာရှယ်ပဲ၊ နောက်ပြီး ဖရီးဗျ၊ ဖရီး၊ ဖရီး ဟောပြောပွဲရာသီခွင်တစ်ခွင်မိ လိုက်လို့ကများတော့ အေးဆေး၊ အေးဆေး"

ဩော် ဂန္ထဝင်ပြုံးကြောင်၏ စာပေခံယူချက်ကတော့ ကြီးမားလှပါပေ့။ တစ်ချိန်တုန်းဆီကတော့ ဂန္ထဝင်ပြုံးကြောင်၏ စာပေလက်ရာအချို့ကို ဟိုမှာသည်မှာ ဖတ်ဖူးပါ၏။

သည်ကြားထဲ ယောက်ျားအားတိုးဆေး ထုတ်လုပ်သော ပုဂ္ဂလိက တိုင်းရင်းဆေးတိုက်ကြီးတစ်ခုက ငွေတွေ အလျှံပယ် ပေါကြွယ်ဝနေသဖြင့် ၎င်းတို့ထုတ်လုပ်သော ယောက်ျားအားတိုးဆေး၏ အစွမ်းအာနိသင် ထူးခြားကောင်းမွန်မှုကို ပီပြင်အောင် ဖော်ကျူးနိုင်မည့် ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပခဲ့လေရာ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော် ဂန္ထဝင်ပြုံးကြောင်သည်လည်း ချိုသွေးသပ တမြမြလုပ်နေရာမှ ဖိုးကျိုင်းတုတ်ဖြစ်သွားပြီး အဆိုပါ ဆေးတော်ကြီးကို စားသုံးမိသဖြင့် မည်သို့မည်ပုံ အကျိုးအာနိသင် ထူးကဲလှကြောင်း လက်ရာမြောက်စွာ ရေးဖွဲ့ယှဉ်ပြိုင်လေတော့၏။



ထူးကဲလှပါပေစွ။

ယောက်ျားအားတိုးဆေးတိုက်ကြီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ဝိုင်းဝန်းဖတ်ရှုလေ့လာလိုက်ကြရာ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော်ကြီးခမျာ အရွေးချယ်ခံရသောဟူ၏။ သို့ဖြစ်၍ ဟောပြောပွဲများ၌ ၎င်း၏ဂုဏ်ထူးဝိသေသကို ဖတ်ကြားရာတွင် 'ယောက်ျားအားတိုးဆေးပြိုင်ပွဲဆုရ' ဆိုသည်ကြီးကို ထည့်ထည့် ကြေညာလေ့ရှိ၏။ ဘာပဲပြောပြော သူလည်း ဆုရပုဂ္ဂိုလ်ဆိုတော့ လူရှိန်သည်ပင်။

"ဒါထက် အခု ဘယ်သူ့ကိုစောင့်နေတာလဲ ကိုပြုံးကြောင်"

"ထုံးစံအတိုင်းပေါ့၊ ဘယ်နယ်ကတက်လာပြီး စာပေဟောပြောပွဲအဖွဲ့ [illegible] က လူခေါ်မလဲဆိုတာကို လာလာစောင့်နေတာ၊ ဒီပြင်ဝိုင်းတွေမှာလည်း ကိုယ့်ကိုလာခေါ်သည်ရှိခဲ့သော် အကြောင်းကြားလို့ရအောင် ရွာသားကြီးက မိတ်ဆွေတစ်ယောက်ရဲ့ဖုန်းကို ပေးထားတယ်"

"အကွက်တယ်စေ့ပါလား ကိုပြုံးကြော[illegible]"

"အဲဒီလိုမျိုး စေ့စပ်သေချာရတယ် ကို[illegible]သားရဲ့ [illegible] ပြီးတော့ ရှိသေးတယ်၊ ကိုယ်လိုက်ရမယ့်ပွဲနှစ်ခု တို[illegible] ရင်ဖြစ်ဖြင့် ဘယ်ဒေသက ဂျော်ဂလော်ဖိ (ငွေကြေးလ[illegible] ပေးနိုင်မှုအင်အား) သာမလဲဆိုတာ တွက်တတ်ရတယ် [illegible]

www.burmeseclassic.com



လေ့လာစူးစမ်းလို့ပြီးရင်ဖြင့် 'ချဉ်ပေါင်ကိုကာပြန်လို့ ဝက်သားထံခြေကန်' ဆိုပြီး ရှုန်းသင့်ရင် ရှုန်းပစ်လိုက်တယ် ကိုရွှေတောသားရဲ့"

"ဒါဆိုရင် ဓနအင်အားနည်းပါးတဲ့ မြို့နယ်တွေခမျာ သနားစရာဗျာ၊ ကျွန်တော့်သဘောကတော့ အင်အားနည်းတဲ့သူကို ပိုပြီးတော့တောင် ဖေးကူသင့်တယ်ထင်တာပဲ"

"အဟား. . . ဟား ကျွန်တော့်အဲနေနဲ့ အဲဒီလောက်လည်း မရိုင်းပျပါဘူး ကိုရွှေတောသားရယ်၊ စာနာတတ်တဲ့စိတ်ထားရှိပါတယ်၊ အဲဒီလိုအခြေအနေမျိုးကြုံလာရင် သူတို့ကို ဟောပြောပွဲရက် ရွှေ့ခိုင်းလိုက်ရတာပေါ့ဗျာ"

အမှန်တကယ် အားဖြင့်ကတော့ တစ်စေ့တလေမှ (ကောက်သင်းကောက်ဖို့ရာ) ပင် မကျန်တော့လောက်အောင် ကောက်ပင်ရိတ်လှီးခြင်းသာ ဖြစ်လေသည်။

ထိုစဉ်ခဏ ကြွပ်ကြွပ်အိတ်ကိုယ်စီဖြင့် စာပေအဖွဲ့အစည်းတံဆိပ်ကို ရင်ဘတ်တွင်ထိုးလျက် လူသုံးဦးသည် လေအန်ကုန်းသို့ ရောက်ချလာလေတော့၏။ လာရင်းကိစ္စအား ဟောပြောပွဲလာရောက်ဖိတ်ကြားသော ဒေသတစ်ခုမှ ကော်မတီအဖွဲ့ပါတည်း။ သူတို့သည် ကျွန်ုပ်နှင့် ဂန္ထဝင်ပြုံးကြောင်တို့ ထိုင်နေကြသည်ကို သိဟန်မတူ။ လွတ်လွတ်လပ်လပ်နှင့် ပွင့်လင်းစွာပြောဆိုနေကြလေသည်။



"ဆရာ လယ်ပတူချက်ကြီးနဲ့ ဆရာ ချစ်ဒသာနညိုတို့ ပေါ့ ချိတ်လာခဲ့ပြီးပြီ၊ တစ်ယောက်ပဲကျန်တော့တယ်၊ ဘယ်သူ့ကို စဉ်းစားရင်ကောင်းမလဲ"

"ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါနဲ့ကွာ၊ မြန်မြန်လုပ်ငန်းဖြတ်ပြီး ပြန်ကြဖို့အရေးကြီးတယ်၊ သည်မှာက စရိတ်တော်တော်လေးထောင်းတာ၊ ဒီတော့ ဆရာ ဂန္ထဝင်ပြုံးကြောင်ကို ထည့်လိုက်ရင် ကောင်းမယ်"

ဒီစကား ကြားရတော့ ကျွန်ုပ်ရှေ့ရှိ ဂန္ထဝင်ပြုံးကြောင်၏ မျက်နှာပြင်ကြီးသည် လင်းတလက်လက်၊ ပြက်တပြုံးပြုံးဖြစ်သွားနှင့်အမျှ ၎င်း၏နှုတ်ခမ်းတံခါးသည်လည်း ရုတ်ချည်းဖွင့်ထွက်သွားလေတော့၏။

"ဟာ ကောင်းတာပေါ့၊ သိပ်ကိုကောင်းတာပေါ့၊ စာပေဟောပြောပွဲမှာ အင်မတီအင်မတန်ကို တွဲလက်ကယ်ညီညာတဲ့ ရဲသုံးဖော်ပါပဲ"

"ဟား ဘယ်သူများလဲလို့ လက်စသပ်တော့ ရေကန်အသင့် ကြာအသင့်ဆိုရမယ်၊ ဆရာ ဂန္ထဝင်ပြုံးကြောင်ကိုး"

"ဟုတ်တာပေါ့ဗျာ၊ ဟုတ်တာပေါ့၊ သိပ်ဟုတ်တာပေါ့၊ သိပ်မှန်တာပေါ့"

ပါးစပ်မှ ကရားရေလွှတ် တတွတ်တွတ်ပြောဆိုရင်း တစ်ဖက်ဝိုင်းမှ မဖိတ်ခေါ်ပါဘဲနှင့် ဂန္ထဝင်ပြုံးကြောင်သည်

www.burmeseclassic.com

www.burmeseclassic.com



ငှင်းသောက်ထားသော လက်ဖက်ရည်ပန်းကန်အစုံကို မကာ ရွှေ့သွားလေသည်။ ဩော် 'ငါးစိမ်းမြင် ငါးကင်ပစ်' ဆိုသည့် စကားမှာ ဂန္ထဝင်ပြုံးကြောင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် အပ်စပ် လှပါဘိတောင်း။ ကျွန်ုပ် ကိုရွှေတောသားအဖို့ရာမူ ကိုယ် သောက်ထားသည့်ခွက်ကိုသာ ကိုယ်ရှင်းရတော့မည့်အတွက် အတန်ငယ် ဝန်ပေါ့သလို ဖြစ်သွားရပါ၏။

"ဆရာကိုပြုံးကြောင်ကို ခေါ်ချင်ပါတယ်၊ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့မြို့က ကျောင်းတစ်ကျောင်းမှာ လာဟောပြောပြီးပြီဆိုတော့ စဉ်းစားနေရတယ်၊ ဆရာကြီး အီကြာကွေးကို ဖိတ်ရင်ကောင်းမလားလို့"

ရှင်းရှင်းပြတ်ပြတ် ပြောတတ်ပုံရသော ိတ်ကြားရေး ခေါင်းဆောင်၏ စကားကြောင့် ဂန္ထဝင်ပြုံးကြောင်၏ ဝင်းလက် နေသောမျက်နှာသည် ရုတ်ချည်းတိမ်ညိုတွေအုပ်သွားသလို ကွက်ခနဲပျက်သွားသည်။ သို့ပါသော်ငြား ကျွန်ုပ်မှတစ်ပါး မည်သူမည်ဝါမျှ မရိပ်မိရလေအောင် ပြန်လည်ပြင်ဆင်လိုက် ရှာသည်။

"ဆရာကြီးကွေးက ကျန်းမာရေး သိပ်မကောင်းဘူးဗျ၊ ခရီးဝေးမပြောနဲ့ နီးနီးနားနားတောင်မှ ဟောပြောပွဲမလိုက် တော့ဘူး"

"ဒါဆိုရင်လည်း ပြီးခဲ့တဲ့နှစ်ကစလို့ ဟောပြောပွဲလိုက်



တဲ့ ကောလိပ်ကြယ်၊ ဒါမှမဟုတ် ရဲခေါင်ဖြူဆွတ်တို့ကို ခေါ် ရင်ကော"

"ဟာ သွားမလုပ်နဲ့ ခင်ဗျားတို့စီစဉ်တဲ့ပွဲ ကမောက် ကမ ဖြစ်သွားလိမ့်မယ်၊ ကောလိပ်ကြယ်ဆိုတဲ့ငတိက သိပ် သောက်တာ၊ စင်ပေါ်ရောက်ရင် သီချင်းတွေဆိုပြီး ပေါက်တတ် ကရ ညစ်တီးညစ်ပတ်တွေ ပြောတတ်တာ၊ ရဲခေါင်ဖြူဆွတ်ကျ တော့ အနှောင့်အသွားမလွတ်တွေပြောမှာ၊ ခင်ဗျားတို့ ပြဿ နာတက်လိမ့်မယ်"

"ဒါဆိုရင် ကြို့ပင်ကောက် စူပါငြိမ်း ဆိုရင်ကော"

"ဒါလည်း လွယ်မှာမဟုတ်ဘူး၊ ဒီဆရာက ညရေးည တာ သိပ်အလုပ်များတာခင်ဗျ၊ မဂ္ဂဇင်းဂျာနယ် အယ်ဒီတာဆို တော့ ညတောင်အားရှာတာ မဟုတ်ဘူးလို့ပြောတာပါ၊ အရှင်း ဆုံးကတော့ ကျုပ်ပဲ"

ကျွန်ုပ်ကား ကိုယ်ချမ်းသာရာရကြောင်းအတွက် ငုံ့ စောင်းစုတ်ပဲ့၊ နုံနဲ့သော စကားသိမ်စကားဖျင်းတို့အား မလို တမာပြောကြားကာ ကိုယ့်ကိုကိုယ်ဖော် မသူတော်လုပ်နေခြင်း အတွက် အကြီးအကျယ်နှာခေါင်းရှုံ့မိပါတော့၏။

"ဆရာဂန္ထဝင်ပြုံးကြောင်ကို ခေါ်တော့ ခေါ်ချင်ရဲ့ ဗျာ၊ ဒါပေမယ့် ခက်နေတာက. . . အင်း. . ."

"ပြောပါ. . . ပြောပါ. . . ဘယ်လိုများ အခက်အခဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလို့ပါလိမ့်၊ ကိုယ်ချင်းကိုယ်ချင်းတွေပဲဗျာ၊ လိုတိုးပိုလျှော့ လုပ်လိုက်ရင် အဆင်ပြေမှာပါ၊ ကျွန်တော်ကလည်း 'စာပေ ဟောပြောပွဲရဲ့ အရသာဟာ ဒါပဲ' ဆိုပြီး ဟောပြောမှုအတတ် ပညာအပြည့်အဝနဲ့ ဆရာတို့မြို့နယ်ကလေးကို ဂုဏ်ပြုဟော ပြောချင်လို့ပါနော် နော်"

"အင်း ပြောရမှာတော့ အားအနာသား၊ ဒါပေမယ့် လည်းပြောဆိုတော့လည်းပြောရတာပေါ့လေ၊ဆရာပြုံးကြောင် ဟာ ဟောလေ့ရှိနေရာတိုင်း အကြောင်းအရာတွေ တစ်ခါ လာလည်းဒါ၊ တစ်ခါလာလည်း ဒါချည်းပဲဖြစ်နေတော့ နား ထောင်တဲ့ ပရိတ်သတ်တွေ ငြီးငွေ့နေပြီခင်ဗျာ၊ ဒီပွဲကို ခေါ် သွားရင်လည်း အပ်ကြောင်းထပ်နေတာတွေချည်းပဲ ကြားရမှာ မို့ပါ"

"ဟာ ဒီအတွက်တော့ မပူနဲ့ ဆရာတို့၊ ကျွန်တော် ဒီ ပွဲကစလို့ ဟောပြီးခဲ့တာတွေ တစ်ခုမှမဟောတော့ဘူး၊ အသစ် အဆန်းတွေချည်းပဲ ဟောမှာခင်ဗျ၊ ဒီကနေ့ ခေတ်စားနေတဲ့ ဘုန်းကြီးတရားပွဲတွေထဲက ဘုန်းကြီးတရားတွေအတိုင်းလည်း ဟောပြမယ်၊ ဇာတ်ပြောတွေ၊ ငိုချင်းတွေလည်း ချမယ်၊ အသံ တုကြယ်တစ်လုံးတောင် လက်ဖျားခါ သွားရလောက်အောင် အသံမျိုးစုံကို တုပြီးပြောမယ်၊ ယုတ်စွအဆုံး လိုအပ်ရင် လို အပ်သလို ဆပ်ကပ်ထဲက တိရိစ္ဆာန်တွေတောင် အရှုံးပေးရ



အောင် ပြုံးကြောင်တို့အစွမ်း ပြလိုက်မယ်"

"တကယ်ပြောနေတာလား ဆရာကိုပြုံးကြောင်"

"တကယ်၊ နှစ်ကယ်၊ သုံးလေးကယ်"

"အိုကေ ဒီလိုဆို ကြိုက်သွားပြီ၊ ကိုင်း ငါ့လူတို့ တို့ မြို့နယ်ဟောပြောပွဲမှာ ဆရာသုံးယောက် ရလိုက်ပြီဟေ့၊ ထုထားအမိပြန်ဖို့ လုပ်ကြတော့"

ဟောပြောပွဲ စီစဉ်မှုကိစ္စဝိစ္စတွေ အနားသတ်ပြီးလေ တော့ မျက်နှာရွှင်ပျ၍ ဖိုးဝရုပ်နှင့်မခြား ပြုံးအားတော်ပိုနေသူ တတော့ဖြင့် ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော် ဂန္ထဝင်ပြုံးကြောင် ဖြစ်နေလေတော့သတည်း။

အဆိုပါမြို့နယ်၏ စာပေဟောပြောပွဲကား စတင်ခဲ့ပါ ချေပြီ။ ဟောပြောမည့်သူအချင်းချင်း အစီအစဉ်ကို ညှိလိုက် ကြတော့ ဆရာနှစ်ယောက်က ရှေ့နှင့်အလယ်။ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော် ဂန္ထဝင်ပြုံးကြောင်ကတော့ ယုံကြည်မှု၊ အ ထင်ကြီးမှု ရှိထားသူပီပီ နောက်ဆုံးပိတ်၊ အိတ်နှင့်လွယ်ရန် အတွက် နောက်ဆုံးမင်းသားကြီးအဖြစ် ဟောပြောခဲ့ကြ၏။

ရှေ့ဆရာတွေက ဏ္ဍန္တြေသိက္ခာပြည့်ဝစွာဖြင့် ပရိတ် သတ်၏ အာရုံစွဲငြိသွားရလေအောင် သုတ၊ ရသ၊ ဟာသနှင့် ဒဿများပါ စွက်လျက် တန်ဖိုးရှိစွာ ပြောကြားသွားခဲ့ပါလေ၏။ ထို့ဖြင့် ဆရာနှစ်ယောက်အပြီး ကျွန်ုပ်တို့၏ဇာတ်လိုက်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဂန္ဓဝင်မောင်ပြုံးသည် စင်ပေါ်သို့ ကြွားဝင့်စွာတက်ခဲ့လေ တော့၏။

ဇင်းကား ဆိုခဲ့စေ၊ မြဲစေ ပုဂ္ဂိုလ်ပါတည်း။ ပြောခဲ့သည့် အတိုင်းပင် သည်စင်မြင့်သို့တက်၍ ပရိသတ်ရှေ့ ဟားစကားကို ဆို ပြီးသည့်နောက် ယခင့်ယခင်က ဟောပြောချက်များနှင့်မတူ လမ်းခွဲထွက်လိုက်ကာ အကြောင်းအရာပြောင်း၍ ဟောပါ တော့၏။

ဟာသတစ်ခုဖောက်သည်။ ပရိတ်သတ်က တုပ်တုပ် မျှမလှုပ်။ နောက်တစ်ခု ထပ်ဖောက်ပြန်သည်။ ပရိတ်သတ် ကား အေးတိအေးစက်။ ဂန္ဓဝင်ပြုံးကြောင် တွန့်သလိုဖြစ်သွား ရလေ၏။ သည့်အတွက် ဟာသတစ်ခုကို ထပ်ဖန်တီးလိုက်ပြန် ၏။ ပရိတ်သတ်ကား အင်းမလှုပ်၊ အဲမလှုပ်။

ဘယ်လိုမှ အင်း၊ အဲ မလှုပ်သည့်အပြင် ပရိတ်သတ် ၏ မျက်နှာသွင်ပြင်ကိုကြည့်လိုက်တော့ ဒေါသထွက်နေသည့် ခပ်တင်းတင်းမျက်နှာများ၊ အကယ်တန္တုစင်ပေါ်ရောက် ဂန္ဓဝင် ပြုံးကြောင်တစ်ယောက် ပရိတ်သတ်၏စကားသံကို ကြားရ လျှင် စင်ပေါ်မှာတင် လဲသေဖို့ရာသာ ရှိတော့သည်။

“ဟ အဲဒီဟာသဟာ ကြို့ပင်ကောက် စူပါငြိမ်းရဲ့ ဟာသပဲဟ”

“ဒါတင်ဘယ်ကအုံးမှာတဲ့လဲ၊ ဟိုဟာသကကော စာ



ရေးဆရာ အပီတော်ရဲ့စာအုပ်ထဲက ဟာသမဟုတ်လား”

“ဟုတ်ပါ့ကွာ နောက်ဟာသတစ်ခုကလည်း ဆရာကြီး ကွေးရဲ့ ဟာသပဲဟာ”

“ကောန္တ ဒီငတိ ငါတို့ကို စာပေဗဟုသုတ၊ ဟာပြောပွဲ ဗဟုသုတမရှိဘူးထင်ပြီး လုပ်စားနေတာကွ”

“ဟုတ်ပါရဲ့ တို့များနယ်က စာပေချစ်သူတွေကို စော် ကားနေတဲ့ ပုံစံကြီး”

စင်ပေါ်ရှိ ဂန္ဓဝင်ပြုံးကြောင်ခမျာမှာတော့ ဇောချွေး တွေ ပြန်နေခဲ့ပါပြီ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အသံတု လုပ်ပြတော့လည်း ပရိတ်သတ်က မရယ်၊ ဘုန်းကြီးသံ၊ ဇာတ် ပြောသံ၊ ငိုချင်းချသံတွေ ဖန်တီးကြည့်တော့လည်း ပရိတ်သတ် ခမျာ တုပ်တုပ်မျှမလှုပ်။ နောက်ဆုံးမတော့ ရာမဇာတ်ကိုခင်း ကာ ဟနုမာန်မျောက်ကြီးအသွင် ဇာတ်စီးပြီး မျောက်ကဲ့သို့ (ခါးတောင်းမြှောင်အောင် ကျိုက်လျက်) ရှေ့ကျွမ်း၊ နောက် ကျွမ်းထိုးပြတော့မှ ပရိတ်သတ်၏ လက်ခုပ်သံတွေ ကြားလာ ရတော့၏။ ထိုအခါဝယ် ဂန္ဓဝင်ပြုံးကြောင်တစ်ယောက် အလုံး ကြီးကျသွားကာ ရှေ့ဆက်ဖို့ အားတက်သွားတော့သည်။

“ကိုင်း ဒီတစ်ခါမှာတော့ ဟနုမာန်ဇာတ်ရုပ်အသွင် ဆောင်ဆယ်လုံးကို အပိုင်စားရတဲ့ ဒသဂီရိမင်းအဖြစ်အသွင် ပြောင်းပါတော့မယ်၊ သယ် ငါသည်ကား သီတာဒေဝီတို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



ဖက်သတ်အချစ်ကြီးချစ်၍ ရာမမင်းနှင့် စစ်ခင်းမည့် ဒသဂီရိ ဖြစ်တော့သကိုး"

ဟူ၍ စကားပလ္လင်ခံပြီ။ ထို့နောက် "ဒုန်း ဒုန်း ဒုန်း ဒုန်း ဒုန်း၊ တဒုန်းဒုန်း ဒုန်း" ဟု ဂုဝ်းဘာသာ ပါးစပ်ဖြင့် ကရောင်းရိုက်ကာ ညာဖနောင့်ကို မြှောက်လျက် ဆောင့်ချလေသည့်သမယ. . .

'ချွတ်' ဟူသော ကြမ်းကျိုးသံ၊ ထိုမှ 'ဝရုန်း' ဟူသော ကြမ်းပေါက်ထဲ ကျွံကျသည့်အသံ။

"အမယ်လေး မြေမျို၊ အဲ အဲ ကြမ်းကျွံပါပြီ၊ ကယ်တော်မူကြပါဗျို့"

ဟူသည့် ဂန္ထဝင်ပြူးကြောင်၏ အသံတို့ ပေါင်းစည်းထွက်ပေါ်လာသည့်သမယ၊ ပတ်တုပ်မရလောက်အောင် ပေါ်ထွက်လာသော ပရိတ်သတ်၏ ဟားသံကြီးနှင့်အတူ ဟောပြောပွဲအား လင်းလင်းချင်းချင်းဖြစ်သွားစေခဲ့သော မီးတို့မှာ ဖျတ်ခနဲပြတ်တောက်သွားပြီး ပွဲခင်းတစ်ခုလုံး မှောင်အတိကျသွားလေတော့သတည်း။ ။



"လက်တစ်လုံးခြား"

ဘာပဲပြောပြော ဆက်သွယ်ရေးလမ်းခရီး ခက်ခဲလေသော 'ဇကာကြီး' လို ရွာဇနပုဒ်မှ မြန်မာပြည်တစ်လွှားထင်ရှားကျော်ကြားလှသည့် စာရေးဆရာတစ်ယောက် ထွန်းပေါက်လာသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းပါဘိ။

ထိုစာရေးဆရာမှာ အသူပါတဲ့နည်း။

အမည်သညာ၊ ခေါ်စရာကား၊ ဂါမဇင ... အချော လျက်၊ မျက်နှာပြောင်ပြောင်၊ ဈာန်မူးကြောင်သည့် ... သိုး' ပင်ဖြစ်လေတော့သတည်း။

ရွာမှာတုန်းက မောင်ကျွဲသိုးသည် မြို့ပြရောက်...

www.burmeseclassic.com



သောအခါဝယ် မောင်မောင်ဥဆိုသည့် အမည်နာမပြောင်းကာ ဥပဒေပညာရပ်များကို အပတ်တကုတ်လေ့လာလျှက် မုန့်ကွဲ သည်းကဲ့သို့ 'မွေ့' နိုင်ပြီး၊ သည်ဘီယာခွက်အတွင်း ရမ်တစ်ပတ် စွက်ထားသည်ကို တူချောင်းကလေးဖြင့် နှောက်နိုင်ပြီးသည့် သမယဝယ် ရှေ့နေလိုက်လေတော့၏။

၎င်းနှင့် ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက် ရေစက်ဆုံချင်လွန်း၍ထင့်။

၎င်း၏ ရှေ့နေရုံးခန်းသည် မဖြစ်ညစ်ကျယ်ဂျာနယ်ရုံးခန်းနှင့် ကပ်လျက်မှာဖြစ်၏။ ယခင်ကကျွန်ုပ်တို့ ထုတ်ဝေသော စွပ်ပရား၏ မီးသွေးဂိုဒေါင်၌ ရုံးခန်းဖွင့်ခဲ့ဖူး၏။

ငရုတ်နှစ်ပင်နှုတ်မှုနှင့် ယာသမားအချင်းချင်း အမှုဖြစ်ခဲ့စဉ်က အမှုလိုက်ခ အတော်လေးရလိုက်သည့်အခါဝယ် ဘူမိနက်သန်ကောင်းဖြစ်ထိုက်မည် ကျွန်ုပ်တို့ ဂျာနယ်တိုက်ရုံးခန်းနံဘေးသို့ လာရောက်ငှားရမ်းခဲ့ခြင်း ဖြစ်လေသည်။

ရုံးချိန်းမရှိသော နေ့များဝယ် မောင်ကျွဲသိုးတစ်ဖြစ်လဲ ရှေ့နေမောင်မောင်ဥသည် အလကားမနေဘဲ ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက် ခွင်ရိုက်ကြရာ (အဲ) အလုပ်လုပ်ကြရာ ဂျာနယ်ရုံးခန်းသို့ ကွမ်းယာကလေး၊ စီးကရက်ကလေး လာဘ်ထိုးလျက် လာရောက်လေ့လာ၏။

ညနေဘက် အပုပ်ချိန်ရောက်လာလျှင် ၎င်းအကြွေး



မှတ်သောက်နိုင်သည့် ယမင်းဘီယာဆိုင်သို့ ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်ကို ပင့်ခေါ်ကာကိုးနဝင်းကျွေးသည့် ဝီစကီဖြင့် ဧည့်ခံလေ့ရှိရာ ၎င်းနှင့်ကျွန်ုပ်တို့ဆရာတပည့်သည် အမြဲတတွဲတွဲဖြစ်လာခဲ့လေသည်။

"ဆရာတောသားနဲ့ ဆရာပလာယာ"

"ဗျာ. . . . . ဗျ"

"ကျွန်တော်ဝတ္ထုတစ်ပုဒ်ရေးထားတယ်ဗျာ"

"ရှော့စတိုရီလား လောင်းစတို (အဲ့ဟုတ်ပေါင်) နိုဘယ်လား"

"ဟာ-ပင်ကိုရေးဝတ္ထုဗျ၊ ဘယ်ဝတ္ထုမှမတိုဘူး"

ဘာရယ်ညာရယ် မဟုတ်၊ ရှိန်သွားလေမည်လားဟူသည့်သဘောဖြင့် မတက်တတက်ဖြင့် ဘိုလိုမှတ်ချလိုက်လေသော တပည့်ကျော်ပလာယာခမျာ ဂိန်ခနဲဖြစ်သွားလေတော့၏။

"ဘွာ. . ဘွာ. . ဘွာတေးဗျာ၊ ကျွန်တော်ပြောတာက ဝတ္ထုတိုလား၊ လုံးချင်းဝတ္ထုလားဆိုတာပါ"

"အဲဒီလိုပြောစမ်းပါဗျာ၊ ကျွန်တော်ရေး[illegible]ကာ လုံးချင်းဗျ၊ လုံးချင်း"

"အယ်-တယ်ဟုတ်ပါကလား၊ ဇာတ်ကြောင်း[illegible]များ ကြိုတင်ခံစားလို့ရမလား၊ ဝီစကီလေးတရိုက်ရိုက်နဲ့ ခံစား

www.burmeseclassic.com

www.burmeseclassic.com



တက်ချင်လို့"

"ရပါတယ်ဗျာ၊ ဇာတ်ကျောက ကျေးလက်ကိုအခြေခံထားတာ၊ ဒေါက်ပြည်အောက်ရွာက ရေငုံပိုင်းပေါ့၊ အဲဒီမှာဗျာ မိကျောင်းကြီးတစ်ကောင်က သိပ်ကိုသောင်းကျန်းနေတယ်၊ ကမ်းစပ်ကို ရေဆင်းသောက်ကြတဲ့ ဝက်တွေ၊ ဆိတ်တွေ၊ နွားတွေကိုသာမက နောက်ဆုံးလူကိုပါ အန္တရာယ်ပြုလာလို့ တစ်ရွာလုံး ဒုက္ခရောက်နေခဲ့ကြတယ်. . .

. . . အဲဒီမိကျောင်းကြီးကို ဘယ်သူမှ မဖြိုခွင်းနိုင်ကြဘူး။ ဒီတော့တာဝန်ရှိတဲ့ ရွာသူကြီးခမျာ ဗျာများနေရရှာတာပေါ့။ သူ့ရဲ့ မီးကျိုးမောင်းပျက် နှစ်လုံးပြူးကြီးလောက်ကို မိကျောင်းကြီးက ဖြုံတောင်မဖြုံဘူး. . . .

. . . နောက်ဆုံးမှာတော့ ဘယ်သူက အကြံပေးတယ် မသိဘူး၊ အဲသည့်အကြံအစည်အတိုင်း တစ်ရွာလုံးကို မောင်းခတ်ပြီး လှည့်လည်ကြေညာစေတယ်. . .

. . . မိကျောင်းရန် နှိမ်နင်းပေးနိုင်တဲ့သူကို သူ့ရဲ့သမီးချော 'ကတုံးမ' နဲ့ပေးစားမယ်ဆိုတဲ့ အကြောင်းလေ. . .

. . . အဲသည်မှာ ရွာအော့ကြောလန် ငပွေးဆိုတဲ့ ကစော်သမားက သူ့ရဲ့ဘုန်းတန်ခိုးလက်ရုံးကို ပြချိန်တန်ပြီ၊ သူတိတ်တခိုးချစ်နေရတဲ့ သူကြီးသမီးကတုံးမနဲ့လည်း လူသိရှင်ကြား လက်ဆက်ခွင့်ရတော့မယ်ဆိုတော့ ဘာပြောကောင်း



မလဲ ခွေးသေတစ်ကောင်ကို ရှာလို့ခွေးကိုယ်မှာငါးမျှားတွေမြှုပ်၊ နိုင်လွန်ကြိုးတွေနဲ့ဆင်ပြီး ထောင်ဖမ်းလိုက်တာ နောက်ဆုံးမှာ တစ်ရွာလုံးကို ဒုက္ခအကြီးအကျယ်ပေးနေတဲ့ မိကျောင်းကြီးခမျာ စန်းလာဂ်ဇာတာတွေ ညှိုးမှိန်ပြီး ငပွေးရဲ့ထောင်ချောက်မှာ ကားခနဲမိတော့တာပဲ. . .

. . . အဲသည်တော့ သူကြီးလည်း သူကြေညာထားတဲ့ ကတိစကားအတိုင်း သူ့သမီးကတုံးမကို ငပွေးနဲ့ပေးစားလိုက်ရတဲ့ ဇာတ်လမ်း"

"တောက် ကောင်းလိုက်တဲ့အမြည်း၊ အဲ ဇာတ်လမ်းပဲဗျာ၊ ဝတ္ထုနာမည်ကိုဘယ်လိုပေးထားသလဲ"

"ကျွန်တော်က ရိုးရိုးရှင်းရှင်းပဲကြိုက်တော့ ဝတ္ထုနာမည်ကို 'ကတုံးမယူလိုက်' လို့ ပေးထားတယ်"

"ဂွတ်တယ် ကိုဥ၊ အဲ-အရေးကြီးတာကျန်သေးတယ်"

"ဘာများပါလိမ့် ကိုပလာယာ"

"ကလောင်နာမည်လေဗျာ. . . ကလောင်နာမည်"

"ဟုတ်ပေသားပဲ၊ အဲဒီအတွက် စဉ်းစားထားတဲ့ ကလောင်နာမည်ရှိတယ်ခင်ဗျ"

"ဘာများပါလိမ့်"

"ကျွန်တော်က ကလောင်နာမည်ကို သူများတွေနဲ့ မတူချင်ဘူး၊ ဆန်းနေရမယ်၊ ဝတ္ထုက ဆန်းသလို ကလောင်နာမည်

www.burmeseclassic.com

www.burmeseclassic.com



ကလည်းထူးပြီးဆန်းနေရမယ်"

"ဟုတ်ပါပြီဗျာ၊ လုပ်စမ်းပါဦး၊ ခင်ဗျားရဲ့ ကလောင်နာမည်"

"မျှစ်နိုကိုဥလို့"

"ဟာဗျာ. . နာမည်ကြီးကလည်း မျှစ်နိုကိုဥတဲ့၊ ဆရာ 'ချစ်ကိုကိုယု' သာကြားလို့ကတော့ ဖင့်ဆောင့်ပြီး အီးထွက်အောင်ရယ်လိုက်မယ့်ဖြစ်ခြင်း"

"အရမ်းမပြောနဲ့ဗျ. . .၊ အဓိပ္ပါယ်ရှိရှိနဲ့ ပေးထားတဲ့ကလောင်နာမည်ဗျ၊ ကျွန်တော်က အစားအသောက်တွေထဲမှာ 'မျှစ်'နဲ့ 'နိုကိုဥ'ကိုအကြိုက်ဆုံး၊ အဲဒီအကြိုက်ဆုံးနှစ်ခုကိုတွဲထားတာ၊ ချစ်ကိုကိုယုနဲ့အမည်ချင်း နဘေထပ်သလို ဖြစ်သွားတာတော့ မတက်နိုင်ဘူး၊ အဲဒီအတွက်စာအုပ်ဖြစ်အောင် ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်ကို တာဝန်ပေးချင်ကယ်။ ကုန်ကျစရိတ်အတွက် ဘာမှမပူနဲ့၊ ကျွန်တော့်ယောက္ခမကြီးက တစ်ယောက်တည်းရှိတော့တာ၊ အခြေအနေက နေ့လားညလားပြောမရတော့ဘူး"

"ခင်ဗျားစာအုပ်ထုတ်မှာနဲ့ ယောက္ခမကြီးသေကောင်ပေါင်းလဲဖြစ်နေသော ဘာဆိုင်လို့လဲဗျာ"

"ဟာ ခင်ဗျား တော်တော်လေး ဒုံးဝေးသေးတာပဲ၊ ယောက္ခမကြီးက ချမ်းသာတယ်ဗျ၊ သေရင်ကျန်ရစ်မယ့်အမွေ



တွေက အများကြီး၊ မတော်လို့များ ရုတ်တရက်ဆုံးသွားရင် ဘာမှ အကုန်အကျမများရလေအောင် နာရေးကူညီမှုအသင်း က ရာဇာကြည်သိန်းနဲ့တောင် ဆက်သွယ်ပြီးသား"

"ထားပါတော့ ဆရာမျှစ်နိုကိုဥရယ်၊ အဲ. . ခင်ဗျားရဲ့ 'ကတုံးမယူလိုက်' ကို စာအုပ်ဖြစ်အောင် အကောင်းဆုံးကြိုးစမ်းပေးမယ် ဟုတ်စ"

"ကျေးဇူးပါပဲဗျာ၊ အဲဒီအတွက်လည်း ခင်ဗျားတို့ဆရာတပည့်နှစ်ယောက်ရဲ့ အပုပ်ချိန်ကိစ္စကို ကျွန်တော်ဝတ္တရားမပျက် ဆောင်ရွက်ပေးသွားမှာပါ"

"အိုး - ခေ"

"အိုး - ခေ"

သည့်နောက်မှာတော့ ကလောင်ရှင် မျှစ်နိုကိုဥနှင့် တပည့်ကျော်ပလာယာတို့၏ လက်ဝါးချင်းရိုက်သံသည် ယမင်းဆိုင်အတွင်း ဖြောင်းခနဲ ထွက်ပေါ်လာလေတော့သတည်း။

က်တရားများဆန်းကြယ်ပါလေစွ။

မောင်ကျွဲသိုး(ခ)မောင်မောင်ဥတဖြစ်လဲ စာရေးဆရာ 'မျှစ်နိုကိုဥ'၏ 'ကတုံးမယူလိုက်' ဝတ္ထုထွက်ပေါ်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ယ်ဇင်းတိုက်ကျွေးပြုစုထားသည်များအပေါ် ထောက်ရှုလျက် ကျွန်ုပ်တို့မဖြစ်ညစ်ကျယ်ဂျာနယ်မှ သတင်းများဆောင်းပါးများဖြင့် အဆက်မပြတ်ပို့ပို့ပေးလေသဖြင့် စာအုပ်သည်နာမည်ကြီးသည်ထက်ကြီးလာ၏။

သတင်းထောက် ရွှေဘိုကျောက်လုံးကလည်း မျှစ်နီကိုဥ၏ ဓါတ်ပုံဖြင့် သတင်းဆာစ်ပုဒ်ပါလျှင် ဘီယာတစ်လုံးကြွေးညီလျက် အခြားအခြားသောဂျာနယ်များ၌ပါ 'ကတုံးမယူလိုက်' အား ဖွင့်ပေးခဲ့လေရာ စာအုပ်ရောင်းအား ကောင်းခဲ့သည်နှင့် အမျှ 'အိမ်ပေါင်၊ မြံပေါင်၊ ဂရန်ပေါင် ဗီဒီယိုထုတ်လုပ်ရေး' ကပင် ဗီဒီယိုရိုက်ဖို့အတွက် ကမ်းလှမ်းဝယ်ယူပြီး နာမည်ကျော်သရုပ်ဆောင်များဖြင့် ရိုက်ကူးထုတ်လုပ်ခဲ့လေ၏။

သို့ဖြင့် 'မျှစ်နီကိုဥနှင့် ကတုံးမယူလိုက်'၊ 'ကတုံးမယူလိုက်နှင့် မျှစ်နီကိုဥ' တို့သည် ခွဲခြားခွဲခြားလုပ်၍ မရအောင်တွဲစပ် နာမည်ကျော်ခဲ့ပါလေတော့သည်။

"ဗျို့ . . . အာစရိ"

"ဘာများတုံး မောင်ပလာယာရဲ့"

"မျှစ်နီကိုဥတို့ရဲ့ စန်းများ တယ်လည်း ကြောက်ဖို့ကောင်းလောက်အောင် တက်တာပဲနော်"

"ဒါကတော့ သူ့ကုသိုလ်ပဲလေကွယ်၊ အခုဆိုသူက ဥပဒေဆိုင်ရာ ဝတ္ထုတွေကိုပါ ဟာသရှုထောင့်ကနေပြီး ရှေ့



နေကြီး ဦးခွက်ကျော်ကို ဇာတ်ဆောင်ထားလို့ ဝတ္ထုတိုတွေ အဆက်မပြတ်ရေးနေပြီး ဒါလည်းမအောင်မြင်ဘူးလို့ မပြောနိုင်ဘူး"

"သူ့အောင်မြင်မှုအတွက် ဘာမှမနာလိုစရာမရှိပါဘူး အာစရိရယ်၊ ဒါပေမယ့် ဒီငတိအခုတလော အာစရိနဲ့တပည့်အပေါ် 'အပုပ်ချိန်ကိစ္စ' အတွက် ဝတ္ထုရေးပျက်ပျက်နေတယ်"

"ဒါကလည်း သူ့မှာမအားလပ်တဲ့အလုပ်တွေ ရှိလို့နေမှာပေါ့ကွယ်၊ မောင်ရင်လည်း သူများနှာခေါင်းပေါက်နဲ့ချည်းအသက်မရှူဘဲ ကိုယ့်နှာခေါင်းနဲ့ကိုယ် အသက်ရှူဖို့ ကြိုးစားအုံး"

"အဟီး- တပည့်က သက်သာရာ သက်သာကြောင်းဘက်က စဉ်းစားနေလို့ပါ"

ကျွန်ုပ် တပည့်ကျော်ကား ဤသို့ဤပုံ အကျင့်ရှိသူတည်း။

ကျွန်ုပ်ထိန်းနိုင်၍သာ တော်ရော့မည်။ နို့မဟုတ်ပါက ဘယ့်ကလောက်တောင် ချိုတပ်ခံရသော မြင်းသဖွယ်ဖြစ်သလေမည်မသိ။

"ခုတလော သူနဲ့စက်ကျနေတဲ့သူတွေကို တပည့်သဘောထားမိတယ်"

"ဘယ်သူတွေများပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တွေကမလဲ အာစရိရယ် အကျိုးဆောင်ဦးစိ ဖျင်း (ရပ်စောက်) တို့၊ မောင်မောင်ငြိမ်း (ရွှေပန်းတော) ဆို အယ်ဒီတာတို့၊ ပွဲစားမောင်မောင်ကွေးတို့၊ ယောင်ခြောက်ဆ မောင်သိုက်တို့နဲ့ စက်ကျနေတာ၊ အဲဒီပုဂ္ဂိုလ်တွေက ဝိုင်းသိ ပြီဆိုတာနဲ့ ဟိုအခန်းဒီအခန်းသွားတက်တဲ့ ဝါသနာတူတွေ ဒီလူတွေရဲ့ စရိုက်တွေ ကျွန်တော်တို့လူမျှစ်နိုကိုဥအပေါ် စက်သွားရင် မခက်ပါလား၊ ကျွန်တော်က စိုးရိမ်လို့ပြောနေတာ ပါ"

"စိုးရိမ်တာကလည်း စိုးရိမ်တာပကွယ်၊ ဒါပေမဲ့ တို့မျာ လူက သူငယ်နှပ်စားမဟုတ်ဘူး၊ ငရုတ်နှစ်ပင်နုတ်မှုကို တော အမှုလိုက်ခ တစ်သိန်းခွဲရအောင် ကြံတက်ဖန်တက်တဲ့လူ လျှော့တော့မတွက်လေနဲ့မောင်၊ စာရေးစာရာဆိုတာ ရေးစ ကုန်ကြမ်းလိုတယ်၊ အတွေ့အကြုံရှိရမယ်၊ ဒီအတွက်တို့မျာ လူ ရင်းနေတယ်လို့ သဘောထားလိုက်စမ်းပါ"

"ကောင်းပါပြီ အာစရိရယ်၊ ကိုင်းဘပည့်လည်းည ဘက်နှုတ်ခမ်းစို လည်ချောင်းစိုရလေအောင် စွပ်ပရားမရှိတုန် ဂျာနယ်အပေါင်းပုံကို ဖြို့ပြီး ဘော်တယ်ဆိုင် လစ်လိုက်အုံ မယ်"

"လစ်ပါကွယ်. . . လစ်ပါ"

တပည့် ကျော်ပလာယာ ထွက်အသွားမှာတော့ ထ



ဆရား၏ ဆန်းကြယ်ပုံကို ကျွန်ုပ်စဉ်းစားနေမိပါသည်။

မျှစ်နိုကိုဥကား နာမည်ထင်ရှားလာသော ရှေ့နေဖြစ် ၏၊

စာရေးဆရာအနေဖြင့်လည်း 'ကကုံးမယူလိုက်' ကို အခြေ ပြုလျက်နာမည်ကြီးလာခဲ့ပေပြီ။

သည်ကြားထဲ (ကံအားလျော်စွာ) ယောက္ခမဆုံးသဖြင့် အမွေတွေနင့်ခနဲ ရလိုက်သည်မို့ ယခုအခါကျွန်ုပ်တို့ဂျာနယ်န သားရှိ အခန်းကိုစွန့်ခွာလျှက် မြို့လယ်ရှိ တိုက်ခန်းခုံခုံထည် ထည်၌ ရုံးခန်းဌာနကာ ရုံးထိုင်လေတော့၏။ ပြီးတော့ခါကြား မှာလည်း ဟန်းဖုန်းကိုချိတ်လျက်သား။

ဩော်. . . ကြီးပွားနေလိုက်ပုံများ၊ မြို့ထဲမှာအမှတ် ထင်တွေ့မိသည့်အခါတုန်းက ၎င်း၏ဟန်းဖုန်းနံပါတ်ရိုက်နှိပ် ထားသော လိပ်စာကဒ်ကိုပေးသွားခဲ့၏။

"အကြောင်းကြီးငယ်ရှိရင်ဖုန်းဆက်နော်" တဲ့။

သည် စကားကြားရတော့ ဖြုံသွားရပါ၏။

ပြီးတော့ 'အကူအညီလိုရင်လည်း ပြောပါ' ဆိုတော့ ဒို့ရှပင် တုန်လှုပ်သွားရပ်သေး။ ကျွန်ုပ်အဖို့ ထိုစကားမျိုး ပြော လာမည့် လူတန်းစားနှစ်ရပ်ကို ကြောက်လန့်၏။

ပထမလူတန်းစားကား မျှစ်နိုကိုဥကဲ့သို့သော ရှေ့နေ လူတန်းစားမျိုးဖြစ်ပြီး၊ ဒုတိယလူတန်းစားကား ဗေဒင်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



သိမ်းတို့လို နာရေးကူညီမှုနှင့် ပတ်သက်သော လူတန်းစားမျိုး
ဖြစ်လေသည်။



"ကိုင်း ကျွန်တော်မပြောဘူးလား အာစရိ၊ ကျွန်တော်တို့လူဟာ ဗွေဖောက်လာပြီ၊ ငါးစိမ်းမြင်တော့ ငါးကင်ပစ်တတ်လာပြီဆိုတာ"

"ဟ. . . ဟလာယာ ဘယ်လိုဖြစ်လာတာလဲ၊ နေ့စိမ်းပါအုံး၊ မင်းစကားက ဘာကိုဆိုလိုတာလဲ"

"ဘာကိုဆိုလိုရမှာလဲ အာစရိရယ်၊ မျှစ်နီးကိုဥပေါ့. . .၊ ခု 'ရွှေနေကြီးဦးခွက်ကျော် ဟာသဝတ္ထုတိုမျာ. ' စာအုပ်ထွက်လာပြီလေ။

အဲဒီစာအုပ်ကို ကျွန်တော်တို့ကို မလုပ်ခိုင်း နဲ့တွဲ ဖော်တွဲဖက်၊ ကဲဖော်ကဲဖက်ကိုအောင်ကျော်ပြုံးကို ...င်း တယ်ဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲကွာ၊ အဲဒီပုဂ္ဂိုလ်က ထုတ်ဝေရေးလော ကထဲကပဲဥစ္စာ၊ ပိုတောင်ကောင်းသေး၊ ဒါ့ထက်တို့အတွက် စာအုပ်လက်ဆောင်လေး ဘာလေးမပေးလိုက်ဘူးလား"

"ပေးလိုက်သပဗျာ၊ အာစရိအတွက်တစ်အုပ်၊ တပည့် အတွက်တစ်အုပ်၊ တပည့်ကတော့ ရောင်းစားလိုက်ပြီးပြီ သူ ရေးထားတာတွေကိုတော့ အာစရိဆီကပဲ ငှားဖက်လိုက်တော့ မယ်"

"ကောင်းကွာ. . ."

ပလာယာ၏ဉာဉ်ကား ထိုသို့ရှိချေသတည်း။ ထိုနေ့က စွပ်ပရားမှာ ကျွန်ုပ်တို့ဆရာတပည့်အား အယ်ဒီတာလစာ တစ်ဝက်ကြိုပေးခဲ့သည်မို့ ၄၂ လမ်းရှိ အဖြူဆိုင်တွင် မထိုင် တော့ဘဲ ယမင်း၌အခြေချရန်ဆုံးဖြတ်ခဲ့ကြလေသည်။

ညနေဘက် ယမင်းသို့ရောက်လေသော် ယမင်း၏ပုံ မှန်ဖောက်သည် မျှစ်နီကိုဉရောက်မလာသေးချေ။

"ဟာ အာစရိ၊ တပည့်အကြံတစ်ခုရလာပြီ၊ ဒီတော့ လူသူသိပ်မမြင်နိုင်တဲ့ ထောင့်စွန်းနဲ့ အနောက်ဘက်ကျကျ ခုံကိုရွေးထိုင်မယ် ပြီးတော့မှ. . ."

ကျွန်ုပ်လည်း ဉာဏ်နီဉာဏ်နက် များလှစွာသော တပည့်ကျော်ကို ဘာမျှနားမလည်ပါချေ။ သို့ရာတွင်တတော ကလေးနိပ်၍ တိကျတိကျကလေးနေလိုက်ပါချေ၏။ ပလာယာ



ရွေးချယ်သော ထိုင်ခုံကိုရလျှင် အင်္ဂလန်မှပြန်ရောက်လာသော အင်္ဂလန်စိန်အမည်ရ ပုဂ္ဂိုလ်ကြီးတစ်ဦးကိုတွေ့လိုက်ပါ၏။

မျက်မှန်းတန်းမိသူတွေ ဖြစ်လေရကား သူကိုပြုံးပြ ကိုယ်ကိုပြုံးပြနှင့် ဤတွင်ပလာယာသည် အင်္ဂလန်စိန်ကြီးအား တစ်စုံတစ်ရာ တီးတိုးပြောပြလေရာ အင်္ဂလန်စိန်ကြီးခမျာ တ မြုံးပြုံးဖြင့် ခေါင်းညိတ်နေလေတော့၏။

"အာစရိရေ မျှစ်နီကိုဉရဲ့ ဟန်းဖုန်းနံပါတ်ခဏပေး စမ်းပါ"

"ရော့ကွာ. . . ရော့"

"ဟုတ်ပြီ. . . ကိုင်း အင်္ဂလန်စိန်ကြီး မျှစ်နီကိုဉဆိုင် ထဲဝင်လာတာနဲ့ ယမင်းဆိုင်ဖုန်းကိုဆက်ပြီး ကျွန်တော်ပြောချင် တာတွေကို ပြော ပေးနော်"

"အိုး. . . ခေ"

သိပ်မကြာလိုက်ပါချေ။ မျှစ်နီကိုဉ တစ်ယောက်ကား ရားကားရားဖြင့် ဆိုင်ထဲသို့ဝင်လာလေရာ အင်္ဂလန်စိန်လည်း ကိုယ်ပိုင်ဟန်းဖုန်းဖြင့် စတင်လှုပ်ရှားလေတော့ သည်။ ကျွန်ုပ် ကား ဘာမျှနားမလည်သဖြင့် ငေးကြည့်နေရလေ [illegible]

"ဟလို. . . ဆရာမျှစ်နီကိုဉလားခင်ဗျား၊ ဆ [illegible] နေပိုင်း ယမင်းဆိုင်မှာရှိတက်လို့ ဖုန်းဆက်တာပါ၊ [illegible] ကိစ္စက ဒီလိုပါ။ မနက်ဖြန်ညနေပိုင်းလောက်မှာ ကျွန်တော်

www.burmeseclassic.com



စင်ကာပူကိုပြန်မှာဆရာ၊ အဲ့ဒီတော့ သတင်းစာထဲမှာ ကြော်ငြာပါတဲ့ ဆရာရဲ့ 'ရွှေနေကြီးဦးခွက်ကျော် ဟာသဝတ္ထုတိုများ' စာအုပ်တစ်ရာတိတိကို ကဒ်ရှိဒေါင်းရှင်းပြီး ယူသွားချင်ပါတယ်. . . .

ဟုတ်ကဲ့ စင်ကာပူမှာ ရွှေမြန်မာစာဖက်ပရိတ် သတ်တွေ အများကြီးရှိပါတယ်၊ အဲ့ဒီမှာကျွန်တော်သမီးက စာအုပ်အရောင်းဆိုင်ဖွင့်ထားလို့ပါ၊ အဲ. . . ကျွန်တော် မြန်မာငွေနဲ့ပဲ ရှင်းပေးမှာနော်၊ ဟုတ်ကဲ့ (၁၂း၀၀) နာရီ ဝန်းကျင်လောက် ကုန်သည်လမ်းစာပေဗိမာန်နားကို ယူလာခဲ့ပါဆရာ၊ အိုး. . ခေ သိုင့်. . . ခရု"

အင်္ဂလန်စိန်ကြီး ဖုန်းပိတ်အပြီးဝယ် ကျွန်ုပ်မှာ မျက်လုံးပြူးနေရသလောက်၊ ခြေသလုံးပလွေရိုးကို တဆတ်ဆတ်လှုပ်လျက် တဟဲဟဲဖြစ်နေသူကား တပည့်ကျော် ပလာယာပါတည်း။

"ကိုင်း. . တွေ့ပလား အာစရိ၊ ငါးစိမ်းမြင်လို့ ငါးကင်ပစ်တဲ့ငတိ၊ တပည့်ရဲ့ လက်တစ်လုံးခြားအကွက်ထဲ တန်းဝင်လာပြီ ဟိ. . . ဟိ"

ထိုခဏမှာပင် မျှစ်နီကိုဥသည် ၎င်း၏လွယ်အိတ်ကြီးကို သူထိုင်နေကျစားပွဲတွင် နေရာချလျှက် အပေါ့သွားရန်ဆိုင်အတွင်းသို့ ဝင်လာခဲ့လေရာ ကျွန်ုပ်တို့ကို တွေ့မြင်သွားလေ



တော့သည်။

"ဟာ. . . ကိုရွှေတောသားတို့ ဆရာတပည့်ပါကလား၊ ကျွန်တော်ထွက်တဲ့စာအုပ်ပေးလိုက်ပြီးပြီနော်"

"ရပါတယ်ဗျာ၊ ကွန်ကရက်ကျူးလေးရှင်းပါ"

"ကျေးဇူးပါပဲ၊ ကျွန်တော် ဒီစာအုပ်ထပ်တောင်ရိုက်ရလိမ့်မယ်ထင်တယ်၊ ခုလေးတင်ပဲ ခရီးရောက်မဆိုက်ဆိုသလို စင်ကာပူပြန်မယ့် ပုဂ္ဂိုလ်တစ်ဦးက လက်ငင်းရှင်းဈေးနဲ့ အုပ်တစ်ရာမှာငယ်ဗျ၊ မနက်ဖြန်သူချိန်းတဲ့ နေရာသွားပို့ရမယ်"

"ဟာ. . ဒါ. . . မင်္ဂလာသတင်းပဲ"

"ဟုတ်တာပေါ့ ကိုပလာယာရယ်၊ ဒါကြောင့် ဝမ်းသာတဲ့ အထိမ်းအမှတ်အနေနဲ့ ခင်ဗျားတို့ စားကြသောက်ကြ၊ ခင်ဗျားတို့ဘေလ်ကို ကျွန်တော့်ရှင်းပေးမယ်ဟုတ်ပလား"

ဟူ၍ ပြောဆိုပြီးအနောက်ဘက် အခန်းတွင်းသို့ ဝင်သွားလေသည့်အခါဝယ် ကျွန်ုပ်တို့တစ်ဝိုင်းလုံး ရယ်သံတွေ ဖုံးလွှမ်းသွားပါလေတော့၏။

ခြော်. . . ပလာယာရဲ့ လက်တစ်လုံးခြား လုပ်ရပ်တစ်ခုပါကလား. . . ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဘာမထီ....

ဇာ
နည်း
မွှား
တွေမို့.....



**"ဘာမထီ ဇာနည်မွှားတွေမို့"**

'လေအန်ကုန်း' တဲ့ အင်မတိ၊ အင်မတိ အင်မတန် သာတောင့်သာယာ ရှိပေလှစွာသော စာပေရပ်ဝန်းကလေး တစ်ခု။

အဲသည့် သာတောင့်သာယာနေရာလေးသည် ယခု အခါ၌ ဘာမျိုးအမှောင့်ပယောဂတွေ ဝင်ရောက်တွယ်ကပ် ဖူးငြိလေသည်မသိ။ ညီညွတ်ရေးတေးနှင့် အသက်ရှည် ရှည်ခင်ခင်မင် လက်ရည်တစ်ပြင်တည်း ရေးကထက် ပုံချစ် တွလေသော စာပေညီအစ်ကို မောင်နှမတူဝရီးအရင်းအချာ တို့သည် ယခုတော့ဖြင့် ပဲအိတ်ကြီးပေါက်ကွဲလွင့်ကျလေသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်မခြား၊ ကိုယ်ရောစိတ်ပါ အကွဲကွဲအပြားပြား ဖြစ်နေကြလေပြီတကား။

လေအန်ကုန်း မျက်နှာစာရှိ နေရာတွင် မောင်ပွေကြီး (ကတောင်း)၊ တောင်စွန်းလှမ်းတောင်းနှင့် မောင်ပျင်းနွယ် (မြေမဆံ) ဆိုသည့် စာရေးဆရာ၊ ကဗျာဆရာသုံးယောက်က နှစ်ခြောက်ဆယ် ဂရန်ရထားသည့်အလား၊ ဘယ်သူ့ကိုမျှပေး မထိုင်ဘဲ သူတို့ဘာသာသူတို့ အပိုင်စားထိုင်တော်မူကြရင်း အားလုံးအပေါ်ဝယ် ခပ်တင်းတင်းဖြစ်နေကြကုန်၏။ ရေတမာပင်အောက်မှာလည်း သူ့လူနှင့်သူ။ လက်ဖက်ရည်ဆိုင်အတွင်းမှာလည်း သူ့ဂရုနှင့်သူ။ အားလုံးသည် နယုန်လ၌ နိုးထရှင်သန်လာသည့် မြက်တွေနှင့်မခြား၊ ခပ်ရင့်ရင့် ခပ်စိမ်းစိမ်း။

ရေတမာပင်၏ ပင်စည်မှာလည်း အံ့ဩစရာကောင်းလှသည့် ဆိုင်းဘုတ်တစ်ခု။ သည်ဆိုင်းဘုတ်ကို မမြင်ချင်တွေ့နေလျက်သား ဖြစ်သွားကြသည့် လေအန်ကုန်းစာသမားအုပ်စုတို့မှာ နှာခေါင်းတွေရှုံ့ကြကုန်၏။ နှုတ်ခမ်းတွေ ရွဲ့ကြကုန်၏။

"ဆော်သာဆော်၊ ချသာချကွာ၊ အားလုံးဂန့်ကုန်လေ စာပေလောကကြီး သန့်စင်လေပဲ"

အချို့သော စာပေသမားတွေက ဆိုင်းဘုတ်ကိုဖတ်ရှုမိကြပြီးလေသည့်သမယ မေတ္တာသုတ်တစ်စောင်လုံးကို ပုဒ်ထီး၊ ပုဒ်မပါမကျန် ကျုံးကျုံးပြီး ပို့ကြလေကုန်၏။

"စာပေသမားတွေရဲ့ သတ္တိဆိုတာ ဒီလိုပဲဖြစ်သင့်တယ်၊ မားသွားလည်း ထက်ရမယ်၊ ကလောင်သွားလည်း ထက်နေရမယ်၊ အဲ မားသွားလို၊ ကလောင်သွားလို ထက်မနေသည့်တိုင်အောင် ခုလိုမျိုး လက်သွားတော့ထက်နေဖို့လိုသပေါ့၊ ကောင်းတယ်ကွာ၊ သိပ်ကိုကောင်းတယ်၊ ဒီလိုမျိုးစိန်ခေါ်ပွဲစဉ်တွေ များများရှိလေ ကောင်းလေပဲ"

"ဟုတ်တယ် မဂ္ဂဇင်းစာမျက်နှာတွေ၊ ဂျာနယ်စာမျက်နှာတွေရဲ့အထက်မှာ အလကားအရည်မရအဖတ်မရ စောင်းမြောင်း၊ ဝေဖန်၊ ပုတ်ခတ်၊ ထိုးနှက်၊ တိုက်ခိုက်နေကြမယ့်အစား ခုလိုမျိုး လက်တွေ့ကျကျ ပြောင်စိန်ခေါ်ပြီး တီးကြနှက်ကြတာ သိပ်ကိုကောင်းတယ်။ ဒီလိုပွဲစဉ်မျိုးကို စီစဉ်တဲ့ လယ်ဝေးက ကန်ထရိုက်ကြီး 'မောင်ကြံ့ဆ' ဆိုတဲ့ပုဂ္ဂိုလ်ကို ဘုရားဖိုတောင် လုပ်သင့်တယ်"

သည်လိုမျိုးဝေဖန်ခက်တွေ ပေါ်ထွက်လာအောင် ဖန်တီးပေးလေကုန်သောဆိုင်းဘုတ်ကား အခြားမဟုတ်၊ အောက်ပါအတိုင်း ဖြစ်လေသတည်း။

ပွဲကန်ထရိုက်

မောင်ကြံ့ဆ (လယ်ဝေး)

စီစဉ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ပဝါမကူ ရေမရှုကြေး ထိုးသတ်ကြမည့်
တကယ့်အပီအပြင် လက်ဝှေ့ပွဲကြီး

လာမည့်အပတ် တနင်္ဂနွေနေ့ညနေ ၅း၀၀ နာရီကိုတီး
အချိန်တွင် စွပ်ပရားဆာမိ၏ မီးသွေးရုံတော်ကြီး၌
တစ်ကောင်ဘွား (ညောင်တုန်း)
နှင့်
မောင်ဗျစ် (သူရဲသမိန်)....တို့

အပီအပြင် ထိုးသတ်ကြမည်ဖြစ်ရာ ရုံဝင်လက်မှတ်များကို လေအန်ကုန်း၊ လေထန်ကုန်း၊ လေဖြတ်ကုန်း၊ လေကွယ်ကုန်း စသည်တို့တွင် ဝယ်ယူနိုင်ပါသည်။

ပွဲစဉ်မှ ရရှိလာသော အမြတ်အစွန်းငွေကြေးများအား ကွယ်လွန်သွားခဲ့ကြကုန်သော စာပေသမားတို့အား ရည်စူးလျက် 'အကျွတ်အလွတ် သာဓုခေါ်ပွဲ' ကျင်းပပေးမည်ဖြစ်ပါ၍ စာပေလောကသားအချင်း အားပေးကူညီကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်း။

အနီ့ စိတ်ဝင်စားဖွယ်ကောင်းလှစွာသော ကြော်ငြာဆိုင်းဘုတ်ကြောင့် လေအန်ကုန်းရပ်ကွက်နှင့်တကွ စာပေလောကအသိုင်းအဝိုင်းတစ်ခုလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြချေသည်။



"နေပါအုံး၊ ဒီပွဲကို ကြီးကြပ်မဲ့ ဒိုင်တွေနဲ့၊ အကဲဖြတ်
ိုင်တွေနဲ့ အကဲဖြတ်ပုဂ္ဂိုလ်တွေက ဘယ်သူဘယ်ဝါတွေပါလိမ့်၊
မျိုးက တစ်ဖက်နဲ့တစ်ဖက် ပြဿနာတွေ အကြီးအကျယ်
က်သွားနိုင်တယ်ဆိုတော့ကာ..."

သန်လျင်မှနေ၍ ကားခိုးစီးလာသော သန်လျင်ပြောင်ပြောင်မှူးက အစထောင်ပေးလာခဲ့သည်။ စာပေဟောပြောပွဲများကိုသာ ဖောက်ချနေသဖြင့် လေအန်ကုန်းနှင့် မကြာခဏ အဆက်ပြတ်လျက်ရှိ၏။ ယနေ့ကျမှသာ ဘယ်ကဘယ်လို စိတ်ကူးပေါက်၍ ရောက်လာလေသည်မသိ။

သည်အခိုက် လေအန်ကုန်းနှင့် လွန်စွာမှ သဟဇာတ ဖြစ်လျက်ရှိသည့် ဂမ္ဘီရစာရေးဆရာ မောင်ပွေးရင့်က အလ တားရသည့် ရေနွေးကြမ်းကို သုံးလေးခွက်မက ဆင့်သောက် လိုက်ရင်း...

မပူနဲ့ မောင်မှူး၊ ဒီလိုမျိုး ပွဲခွင်တွေကို ဆရာမောင်ကြံ ဆ (လယ်ဝေး) လုပ်စားလာတာ ကြာပြီ၊ ဒီပွဲမှာ စာပေလော ကသားတွေ အလုံးအရင်းလာကြမယ်ဆိုတော့ တစ်ကွက်က လေးမှ ထောက်စရာမရှိအောင် ထောင့်စေ့စေ့ လုပ်ထားပါ တယ်....

...အကဲဖြတ်ချုပ်ကြီးကတော့ ဆရာကြီး 'ဆင်ဖြူ ကျွန်းဆရာစိမ်း' ပေါ့ကွာ၊ ဆရာကြီးက သူ့အကြိုက် ရွေးပါသား

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အမြုပ်ရည်ကို သုံးဆောင်ရင်း သမာသမတ်ကျအော[ ]
ဆောင်ရွက်ပေးသွားမှာပါ"

"ဟုတ်တယ်ဆရာမူးရဲ့၊ အကဲဖြတ် ဒိုင်တွေကိုလည်[ ]
ကြည့်အုံးမလား၊ စာနယ်ဇင်းလောကက တကယ့်ဒိတ်ဒိတ်[ ]
တွေ၊ ဆရာ မောင်ခွင်ကျော်၊ မာမီဂျိမ်း၊ ဓာတ်တိုင်၊ မော[ ]
တေမိတို့အပြင် ဘွတ်ခမဂ္ဂဇင်းနဲ့ လယ်ပတူမဂ္ဂဇင်းတို့[ ]
ဆရာမကြီးနှစ်ယောက်တောင်မှ ပါသေးသဗျား"

"ရှေ့ ဒီဆရာမတွေ တယ်လည်းအသည်းကောင်း[ ]
ပါကလား၊ ဒီလိုပွဲမျိုး ကြည့်ရဲတာ ချီးမွမ်းဖို့ကောင်းတယ်၊ [ ]
ထက် ကြိုးဝိုင်းပေါ်မှာ စည်းကြပ်ပေးမယ့်ဒိုင်ကကောကွယ်"

"ဒါလည်း ကိုယ့်စာနယ်ဇင်း လောကထဲပါပဲ၊ ဆရ[ ]
အောင်လံဝိုင်း (ကျိုက်မရော) က ဆောင်ရွက်ပေးမှာ"

"အင်း စာပေလောကကြီးရဲ့ လှုပ်ရှားမှုတစ်ရပ်ပေ[ ]
ပေါ့ကွယ်၊ ဒါလည်း တစ်မျိုးတော့ကောင်းတာပဲ၊ တို့ စာ[ ]
သမားတွေခမျာ စာပေရေးသားခြင်းတစ်ခုကည်းနဲ့တင်မက[ ]
ဒီလိုမျိုး လက်ဝှေ့ထိုးပြီးတော့လည်း သားကြွေးမှု၊ မယားကြွေ[ ]
မှုတွေကို ရှာဖွေပေးနိုင်ဖို့ အခွင့်အလမ်းတစ်ခု ရလာပြီပေါ့"

"မှန်တာပေါ့ ကိုမူးရယ်၊ ဒီအတွက် တချို့လည်း ကျိ[ ]
ပြီးကျင့်နေကြပြီ၊ ဇင်းကျိုက်က ပြောင်းလာတဲ့ မွန်ပြည်နယ်[ ]
လက်ရွေးစင်လက်ဝှေ့သမားကြီး ဆရာ 'မင်းရွှေမှိန်း' ဆိုရ[ ]

[ ]တနယ်ဇင်းလက်ဝှေ့ သင်တန်းဖွင့်ဖို့တောင် စီစဉ်နေပြီတဲ့၊ ကို
[ ]းလည်းပဲ လိုရမယ်ရ စာရင်းပေးထားဖို့ကောင်းတယ်၊ ခုဆို
[ ]ရင် ဆရာမင်းရွှေမှိန်း (ဇင်းကျိုက်) ဆီမှာ သင်တန်းတက်ဖို့
[ ]တိုမောင်ကြမ်းခင်း၊ ရန်ရှင်းပြောင်ကြောင်ရှင်ယူ (မဟာမြေ)၊
[ ]မနုတ်ကိုကိုဂေါ်၊ မောင်မတည်တံ့ (ယင်းတော်)၊ ပဲလင်းမြွေ၊
[ ]မောင်စွင့်ကား (ဘိုကလေး)၊ ပုသိမ်မောင်ခေါင်းပြင်၊ ဒွန်ကလူး၊
[ ]ကျော်ပုလင်းနိုင်၊ မုဒုံ-သုလွန်၊ မင်းဂန်ချာ၊ မောင်မောင် ကျိုင်း
([ ]စ်တွေ)၊ နီတိုး၊ အုံ့ပွား (ကျွန်းချောင်း) မောင်နွေကင်း၊
[ ]သားမူး (အိမ်မဲ)၊ မောင်ဒူး (အုတ်တံတား) တို့တောင် စာရင်း
[ ]ပေးထားကြပြီ"

"အလဲ့ တယ်လည်းဟုတ်နေကြပါလားကွယ်တို့"

လေအန် ဂုန်းကား သူ့လူစုနှင့်သူ အသီးသီး အမနာပ
[ ]လတွေအန်နေကြကုန်၏။ သည်အခိုက် အသားမည်းမည်း၊
[ ]ိုက်ရွှဲရွှဲ၊ ခေါင်းမွေးဖြူဖြူဖြင့် လက်ဝှေ့ပွဲကန်ထရိုက်ကြီးမောင်
ကြံဆ (လယ်ဝေး) သည် ညစ်ထပ်ထပ် လက်ဆွဲအိတ်ကြီးကို
ဆွဲကာ ပေါက်ချလာလေ၏။

"ဗျို့... ကန်ထရိုက်ကြီး၊ လက်ဖက် မှာပြီ- တိုက်
[ ]ဗျို့၊ ဆိုင်ကနေ ရေနွေးအိုးချည်းပဲ ထည်လဲမှ [ ]
အားနာစရာကောင်းနေပြီ"

"တိုက်ပါ့မယ်ဗျာ၊ တိုက်ပါ့မယ်၊ ခင်ဗျားတို့အားလုံးဟာ

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ ကျုပ်ရဲ့ကျေးဇူးရှင်တွေ ဖြစ်ကြတော့မယ့်ဟာ”

“ဘာဗျ”

“ဟုတ်တယ်လေ၊ မကြာခင်မှာ ကျုပ်စီစဉ်မယ့်ပွဲတွေ ရှိလာတော့မယ်၊ အဲဒီအခါကျ ခင်ဗျားတို့ပဲ ထိုးသတ်ကြမှာ မဟုတ်လား၊ ဒီတော့ ခင်ဗျားတို့လည်း ထိုးသတ်ခရသလို ကျုပ်လည်း အကုန်အကျတွေရှင်းပြီးရင် အဟဲ့. . .”

“ဟော့လူကြီး အကျွတ်အလွှတ်ပွဲအတွက် ရန်ပုံငွေဆို”

“အာ မမေ့ပါဘူးဗျာ၊ ကျသင့်သလောက်တော့ လှူမှာပါ၊ စိတ်ချ၊ စိတ်ချ”

မောင်ကြံဆ (လယ်ဝေး) ကား ဆံပင်တွေအားလုံး ငွေရောင်သမ်းနေသလို ငွေရပေါက်ရလမ်းအတွက်ကိုလည်း အမြဲလို ကြံဆနေသူဖြစ်ချေ၏။ အားလုံး မရိပ်စားမိခင်မှာပင် သူ စီစဉ်ထားတာတွေ ရှိချေ၏။

လက်ဝှေ့ပွဲကို ပို၍မြိုင်ဆိုင်သွားရလေအောင် ပွဲမစခင် စင်တင်တေးဂီတတစ်ခုကို မေတ္တာရပ်ခံပြီး စီစဉ်ထားခဲ့၏။

ထို တေးဂီတအဖွဲ့မှ ‘ဆရာမျော်ဝန်းစီပလပ်’ ဦးစီးသည့် ‘ဂီတစကြဝဠာ’ ဖြစ်၏။

ထိုအဖွဲ့၌ ဆရာ မျော်ဝန်းစီပလပ်က ဂီတာနှင့် မယ်ဒလင်၊ ဆရာဂီတစာဆို မောင်အိုးပူက ကီးဘုတ်၊ ဆရာ ထွန်းပေါင်ကျော် (မြင်းခြံ)က တယော၊ ဆရာကောင်းကြပ် (လမုတော) က မောင်း၊ ဆရာကျွဲပြောင်က စည်းဝါးစသည့် တူရိယာများကို တီးခတ်ကြပြီး ဆရာ ကာတွန်းရွှေဒင်္ဂါး၊ ဆရာမောင်ပန်းနွယ် (ပေါင်နှံ)၊ ဆရာနွေလယ်ခေါင်၊ ဆရာမ အိုးခြမ်းခွဲ (ရာမည)၊ ဆရာမ မေပြောင်ရှင်း၊ ဆရာမ ဇလုံခွက်သယ်၊ ဆရာမ မပြုံးတို့က မြန်မာသံစဉ် ကာလပေါ်သီချင်းများဖြင့် ‘မေတ္တာရှိ ဧည့်ခံဖျော်ဖြေပေးကြမည်ဖြစ်၏။



သည်လို အစီအစဉ်တွေကို အစမှအဆုံး ဗွီဒီယိုရိုက်ကူးပြီးသကာလ တည်းဖြတ်ပြီးသည့်နောက် ပြန်လည်ဖြန့်ချိရောင်းချရန်ကိုလည်း ဆရာမောင်ကြံဆတစ်ယောက် ကွက်ကျော်ပြင်ဆင်ခဲ့ပြီးလေရာ သည်လိုပုဂ္ဂိုလ်မျိုးကို စီးပွားရေးထူးချွန်ဆုရှင်အဖြစ် ဂုဏ်ပြုပေးအပ်ဖို့ပင် ကောင်းပါသေးရော့။

“နေပါအုံး ဆရာမောင်ကြံဆရဲ့၊ တစ်ကောင်ဘွား (ညောင်တုန်း) နဲ့ မောင်ဗျစ် (သူရဲသမိန်) တို့ဟာ တကယ်ပဲ ပဝါမကူရေမရှူကြေး ထိုးသတ်ကြမှာလား၊ ဂယ်လိုကဘယ်လိုများ ထိုးသတ်ဖြစ်ကြဖို့ အကြောင်းဖန်ခဲ့ပ. ”

“ဟဲ ဟဲ ဟဲ ဒါ အီဖေကိုယ်ရဲ့ အကြ [illegible] ဒီနှစ်ယောက်စလုံးကို ကျုပ်က လုံးဝကြည့်လို့ရတာ မ [illegible] တစ်ကောင်ဘွားဆိုတာ ညောင်တုန်းမှာ တကယ့်ကို လူလည်ပန်ကာ၊ ကျုပ်တို့ဆီတက်လာတဲ့အခါလည်း ဆောင့်ကြွားကြွား

www.burmeseclassic.com



နဲ့ ငွေကိုရေလိုသုံးပြနေတာကို သိပ် မျက်စိစပါးမွေးစူးတာပဲ-

- အဲ မောင်ဗျစ် (သူရဲသမိန်) ကျတော့လည်း ဘာထူး မှာတဲ့လဲ၊ လူစည်ကားပြီဆိုရင် သူ သုံးဖြုန်းပစ်တဲ့ ဘောက်ချာ တွေ ထုတ်ကြွားလိုကြွား၊ ကေတီဗွီမှာ ကြို့ပင်ကောက် မောင် မောင်ငြိမ်းနဲ့တွဲပြီး ကောင်မလေးတွေနဲ့ ဘယ်လိုကဲခဲ့တယ်ဆို တာ မျက်စိနောက်လောက်အောင် ဓာတ်ပုံတွေ ထုတ်ပြလိုပြ၊ အဆိုးဆုံးကတော့ နားကြားပြင်းကတ်လောက်အောင် လူကြား သူကြားထဲရောက်ပြီဆိုရင် ဘယ်သူ့ဆီက ငှားလာမှန်းမသိတဲ့ ဖုန်းနဲ့ 'ဟယ်လို ဟယ်လို' လုပ် လုပ်နေတာပဲ၊ ဒါနဲ့ ကျုပ်လည်း သင်းတို့နှစ်ယောက်ကို မသိမသာ ရန်တိုက်ပေးပြီး အချင်းချင်း တီးကြ၊ ဆော်ကြရင် ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထဲ ပုံနဲ့တကွ သတင်းဖော်ပြခံရမယ်၊ ထိုးသတ်ကြေးရမယ်၊ အခါအခွင့်သင့် ရင် နိုင်ငံခြားက ဖိတ်ခေါ်ပြိုင်ပွဲတွေကိုတောင် သွားရမယ့် အကြောင်း မက်လုံးပေးလိုက်တာ၊ ဒါနဲ့ပဲ ဒီပွဲ ဖြစ်မြောက်သွား တယ် ဆိုပါတော့ဗျာ"

"ပိုင်ပါပေ့ ဆရာမောင်ကြံ့ဆရယ်၊ ပိုင်ပါပေ့"

ထိုစဉ်မှာပင် လေအန်ကုန်း၏ နာယကကြီး ဆင်ဖြူ ကျွန်းဆရာစိမ်းသည် လွယ်အိတ်ကိုလွယ်၊ နေကာမျက်မှန်ကို တပ်၊ သူတစ်လူ ငါတစ်မင်းဖြစ်နေကြသည့် ဝိုင်းကြားသို့ ကြွနွှေသမွတ္တိပြည့်ဝစွာဖြင့် ဝင်ထိုင်လိုက်လေသည်။



ထိုအချိန်ဝယ် 'ပန်ချာပီမဂ္ဂဇင်း' နှင့် 'လပြည့်မွန်း မဂ္ဂဇင်း' တို့အား ခွကိုင်သည့် တာဝန်ခံအယ်ဒီတာ မောင်ပြာ ယာသည် ခါတိုင်းလို ဆရာကြီး ဆင်ဖြူကျွန်းဆရာစိမ်းအား လှိုက်လှိုက်လှဲလှဲ ဂါဝရမပြုနိုင်အားဘဲ မော်ဒယ်ပုံပြည့်ဝလှစွာ သော စာရေးဆရာမကြီး၊ စာရေးဆရာမလတ်၊ စာရေးဆရာမ ငယ်တို့ကြားဝယ် ဘယ်သူ့ဘယ်သူအား ပန်းထမ်းတင်ပေးရပါ မလဲဟူ၍ ခွေးတလုံးလုံးဖြင့် ဗျာများနေရှာသည်။

"ဟေ့ မောင်ကြံ့ဆ"

"ဗျာ ဟုတ်ကဲ၊ ပြောပါဆရာကြီး"

"လက်ဝှေ့ပွဲအတွက် လက်မှတ်ရောင်းအား အခြေ အနေ ဘယ်လိုလဲ"

"အားလုံးကုန်သွားပြီ ဆရာကြီး၊ တချို့ဆို မှောင်ခို တောင် ပြန်ထုတ်နေတယ်ဆိုပဲ"

"ဟိုက် ရှား၊ တယ်ဟုတ်ပါလားကွာ၊ ဒီပုံအတိုင်းဆိုရင် နောက်ထပ်ပွဲတွေတောင် စီစဉ်ရမလိုဖြစ်နေပြီ"

"သေချာတာပေါ့ ဆရာကြီးရယ်"

"ဒါပေမယ့် ခက်တာက နောက်ထပ်ပွဲစီစဉ်မယ်ဆိုရင် ထိုးသတ်ကြမယ့်လူ မရှိသေးတာက ခက်တယ်"

"ဟား ဒါအတွက်တော့ မပူနဲ့ဆရာကြီး ကျွန်တော် မောင်ကြံ့ဆ (အိုင်အမ်မောင်ကြံ့ဆ) လုံးဝဥဿုံ ဖန်တီးထားပါ

www.burmeseclassic.com

www.burmeseclassic.com



တယ် ဆရာကြီး"

ထိုခဏမှာပင် လေအန်ကုန်းအနီးတဝိုက်၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားချေသည်။ လူတစ်ယောက်သည် ခပ်သုတ်သုတ်ပြေးလာ၏။ ပြေးလာသူကား စာပေလောကအတွင်း၌ 'သူခိုးရုပ်မောင်ကြဲ' ဟု အမည်ရသူဖြစ်၏။ ထိုသူ့နောက်မှ တုတ်တုတ်ခိုင်ခိုင်နှင့် မြားအလွန်စွံမည့် ရုပ်လက္ခဏာရှင် ပုဂ္ဂိုလ်တစ်ဦးသည် လက်သီးဆုပ်တပြင်ပြင်ဖြင့် လိုက်ချလာ၏။ ပါးစပ်မှလည်း

"ဟေ့ကောင် သူခိုးရုပ်၊ ရုပ်ဆိုးရုပ်စမ်း၊ ငါ့လက်သီး ဘယ်လောက်ပြင်းတယ်ဆိုတာ ခုချက်ချင်းသိစေရမယ်"

ဟူ၍လည်း ကြုံးဝါးလာချေ၏။

"ကိုင်း ဆရာကြီး၊ ဘယ်သူတွေဖြစ်မလဲဆိုတာ ခု သိပြီမဟုတ်လား"

"ဟော 'သူခိုးရုပ်မောင်ကြဲ' နဲ့ 'သုဗလလော်ပိန်' တို့ပါကလား"

"ဟုတ်ပါတယ်ဆရာကြီး"

"ဟိုက် ရှား၊ ဘယ်လိုကဘယ်လို ဖြစ်ကြတာပါလိမ့်၊ ဒီနှစ်ကောင် ခုလိုမျိုး ဘယ်တုန်းကမှ မဖြစ်ဖူးပါဘူး"

"အိဖေကိုယ်ကြဲလိုက်တာလေ ဆရာကြီးရဲ့"

"ဟာ ဘယ်လို ဘယ်လို၊ လုပ်စမ်းပါအုံးကွာ"



"ဘယ်လိုကမလဲ ဆရာကြီးရယ်၊ အင်မတန် ဒေါသကြီးတဲ့ သုဗလလော်ပိန်နဲ့ ဟိုစပ်စပ် ဒီစပ်စပ် သိပ်လုပ်ချင်တဲ့ သူခိုးရုပ်မောင်ကြဲတို့ကို တစ်ဖက်လှည့်နဲ့ ရန်တိုက်ပေးလိုက်တာပေါ့၊ သုဗလကြီးကို 'ဟော့လူ ခင်ဗျားရဲ့အမှတ်တရပွဲတွေကို သူခိုးရုပ်မောင်ကြဲ မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေတယ်' ဆိုပြီး ဆွပေးလိုက်တယ်၊ သူခိုးရုပ်မောင်ကြဲကိုလည်း 'ခင်ဗျားကို သုဗလကြီးက အပုပ်တွေလိုက်ချနေတယ်' ဆိုပြီး ဆွပေးလိုက်တယ် . . .

. . . ခုဆို ဆရာကြီးမြင်တဲ့အတိုင်းပဲ၊ ခု ဒီကို သင်းတို့လာကြတာလည်း တစ်ကောင်ဘွား (ညောင်တုန်း) နဲ့ မောင်ဗျစ် (သူရဲသမိန်) တို့ ထိုးသတ်ပွဲပြီးရင် နောက်တစ်ပွဲ ထိုးသတ်ဖို့ရာအတွက် စာရင်းလာပေးတာခင်ဗျ"

"တောက် တယ်ယည်း အခေါင်ဉာဏ်တွေဆွပါတဲ့ မောင်ကြံဆပါကလားကွယ်"

ထိုသည့်အခိုက် ကွက်ကျော်စီးပွားရေး လူလည်ပန်ကာ မောင်ကြံဆမှာသဖြင့် လက်ဖက်ရည်အိုးကလေးများ စားပွဲအသီးသီးသို့ ခွဲတမ်းကိုယ်စီဖြင့် ရောက်ရှိသွားကြလေရာ ပွဲစိ ပွစိကျွတ်ညံကျွတ်ညံဖြင့် စကားလုံးများ ပေါက်ပေါက်ဖောက်သံများ ငြိမ်ဆင်းသွားကြလေကုန်သတတ်။ ။

www.burmeseclassic.com

www.burmeseclassic.com



# လည်....

လှ

လည်

လှ

ရယ်နဲ့.....



## "လည်လှလည်လှရယ်နဲ့"

ကျွန်ုပ်၏ အမည်သညာ ခေါ်စရာကား
လူပြည်တစ်ခွင် ပြုပြုစင်မျှ လည်လွန်းလှစွာ အာဂထိပ်သီး
မောင်ပွေကြီး (ကတောင်း) ပင် ဖြစ်လေသတည်း...။

ကျွန်ုပ်သည်ကား အများတကာနှင့် နှိုင်းစာလျှင် မိမိက နှာတစ်ဖျားမက သာလိုက်ရပါမှ ဘဝင်ကျသူဖြစ်၏။ လူလည်ကျရပါမှ အိပ်ဝင်စားပျော်သူဖြစ်၏။ ကျွန်ုပ်၏ နိစ္စဓူဝအလုပ်များကို အတန်ငယ်ရှင်းပြပါမှ ကျွန်ုပ်၏သရုပ်သကန်များပီပြင်သိမ့်မည်ဟု ယူဆ၍ တင်ပြလိုက်ရပါသတည်း။

မနက်ခင်းရောက်ပြီဆိုလျှင်ဖြင့် ကျွန်ုပ်သည် လေအန်

www.burmeseclassic.com

www.burmeseclassic.com



ကုန်းသို့ အစောကြီးရောက်လေ့ရှိ၏။ 'ဇင်မင်းမောင်' လက်ဖက်ရည်ဆိုင်မှ စားပွဲပု၊ ခုံပုကလေးများကို မျက်နှာစာ၌ ထုတ်ခင်းမထားသည့်တိုင် ရာသီဥတုအခြေအနေ ကောင်းမွန်နေလျှင်ဖြင့် ရေတမာပင်ရိပ်အောက်ရှိ အုတ်ခုံ ၃ လုံးအနက် ကျွန်ုပ် အပိုင်စားသတ်မှတ်ထားသော အလယ်အုတ်ခုံတွင် အခံ့သား ကျောက်ချလေတော့၏။

လက်ဝဲ၊ လက်ယာရှိ အုတ်ခုံများကား မောင်ပျင်းနွယ် (မြေမဆန့်) နှင့် တောင်စွန်းလှမ်းဇတောင်းဟူသည့် ကဗျာတော်နှစ်ကောင် ဝေစုခွဲထားသော အုတ်ခုံနှစ်လုံးပင် ဖြစ်လေသတည်း။

လေအန်ကုန်း၏ စာသမားအဖွဲ့အပေါ် စေတနာအပြည့်အဝထားသည့် 'ဇင်မင်းမောင်' လက်ဖက်ရည်ဆိုင်သည် ကျွန်ုပ်ရောက်လာပြီဆိုလျှင် မည်သည့်အစားအသောက်မျှ မှာယူစားသောက်ခြင်းမရှိသည့်တိုင် လက်ဖက်ခြောက်ကောင်းကောင်းခတ်ထားသည့် ရေနွေးကြမ်းအိုးဒအား တစ်အိုးပြီးတစ်အိုးဆိုသလို လာရောက်ချပေးလေ့ရှိရာ ကျွန်ုပ်လည်း အကြမ်းပန်းကန်လုံးထဲ တစ်ခွက်ပြီးတစ်ခွက် ဆင့်ထည့်ကာ နန်းစတော့ပ် ဆွဲပါလေတော့သည်။

ပြီးတော့ ဘယ်သူမျှ ရောက်မလာသေးခင်တွင် အရည်မရ အဖတ်မရ ပေါက်တတ်ကရ စာ၊ ကဗျာတို့အား လွယ်အိတ်



ညစ်နွမ်းနွမ်းအတွင်းမှ ထုတ်ယူလိုက်သော ဗလာစာအုပ်ထဲတွင် တောင်ခြစ်၊ မြောက်ခြစ်လုပ်၍ လုပ်ပြီးသမျှကို ကိုယ့်ဟာတိုယ် ပြန်ဖတ်ရင်း. . .

"တောက်. . . တော်တော်ကောင်းတဲ့စာ၊ တော်တော်ကောင်းတဲ့ကဗျာ၊ သောက်ကျိုးနည်းတော်တဲ့ ငါမှငါပါကလား"

ဟူ၍ ကိုယ့်ဘာသာကိုယ် ချီးမွမ်းဂုဏ်ပြု နေမိလေတော့၏။

မကြာခင်မှာပင် လူငယ်စာပေးသမားအချို့ လေအန်ကုန်းသို့ ရောက်ရှိကြလေရာ ကျွန်ုပ်လည်း အုတ်ခုံပလ္လင်နန်းမှနေ၍ လေပန်းသဘင်ဆင်ယင်ကျင်းပရန် ဟန်ပြင်လိုက်ရလေတော့၏။

"ဒဲ့ဟမ်း အဟမ်း လက်ဖက်ရည်ကလေး၊ စမူဆာကလေး၊ ဘာကလေး၊ ညာကလေးများ မမှာကြတော့ဘူးလားကွယ်၊ ကိုယ်က မောင်ရင်တို့နဲ့ တွေ့ချင်လို့ ဟိုး ရွှေပြည်သာအဝေးကြီးကတောင် ကားခမပေးဘဲ စီးလာခဲ့ရတာ ဗိုက်တွေတောင် ချောင်နေပြီကွယ်ရို့"

"ဗိုက်ချောင်ရင်လည်း ကိုယ့်ဘာသာကိုယ် မှာပြီးသောက်ပါလား၊ စားပါလား ကိုပွေကြီးရဲ့"

"ဟ မောင်ရင်တို့ တော်တော်ခက်ပါကလား၊ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာကိုယ် မှာပြီးသောက်နိုင်စားနိုင်မှတော့ ဂျေဒိုးနပ်တို့ ဘောကာမွှန်းတို့မှာ တက်ပြီးဟဲမပေါ့၊ ခုဟာက ကိုယ့်မှာ ခန်းခြောက်နေလို့"

"ဘယ်တုန်းကများ စိုပြည်ဖူးလို့လဲ ကိုပွေကြီးရယ်"

"အမယ် မောင်ရင်တို့က ကိုယ့်ကို တော်တော်ကလေး ခက်ပါကလား၊ ဒါဆိုရင် မောင်ရင်တို့မှားသွားမယ်၊ ကိုယ့်ကို အီသီယိုးပီးယားနိုင်ငံရောက် ဆရာမကြီး ဒေါ်မုတ္တမခင်က မြစ် (၈) ယောက်ရတဲ့အထိမ်းအမှတ်နဲ့ ထောက်ပံ့ငွေ ၅သိန်း ချီးမြှင့်မယ်ဆိုတဲ့သတင်းကို သဲ့သဲ့လေးမှ မကြားမိဘူးလား"

"ဟင့်အင်း မကြားမိဘူး၊ ဆရာမကြီးက ဘာဖြစ်လို့ ခင်ဗျားကိုမှ ရွေးပြီးထောက်ပံ့မှာတဲ့လဲ"

"ဘာကြောင့်ဆို ကိုယ့်အရည်အချင်းကို မောင်ရင်တို့ ထက် အများကြီးသိနေလို့ပေါ့ကွ၊ တို့ဆီက မဂ္ဂဇင်းတွေဟာ ပြည်တွင်းမှာသာမက ပြည်ပကိုပါ ပို့နေရတာဆိုတော့ ဆရာ မကြီးက ဝတ္ထုတစ်ပုဒ်ကို မဂ္ဂဇင်း ၈ စောင်မှာ ပါအောင်စွမ်း ဆောင်နိုင်မှုအပေါ် ချီးကျူးဂုဏ်ပြုချင်တာက တစ်ကြောင်း ကိုယ့်ရဲ့ သွက်ချာပါဒ ခဏခဏဖြစ်တတ်တဲ့ ရောဂါအပေါ် ကုသရအောင် ကူညီထောက်ပံ့လိုတာက တစ်ကြောင်းတို့ ကြောင့် အဟမ်း အဟမ်း ကိုယ်ဟာ မကြာခင်ကာလအပိုင်း အခြားကလေးမှာ မောင်ရင်တို့ထင်မြင်ယူဆထားတဲ့ မောင်ပွေ



ကြီးမဟုတ်တော့ဘူးကွ၊ (၅) သိန်းကန် မောင်ပွေကြီး ဖြစ်တော့ မယ်ကွ"

"ဟာ တယ်ဟုတ်ပါကလား၊ ဆရာကိုပွေကြီးရယ်၊ ကျွန်တော်တို့ ပြောမှားဆိုမှားရှိတာလေးတွေအပေါ် ဇွေမယူပါနဲ့နော်၊ ကဲ ဟော့ လက်ဖက်ရည် ငါးရာတန်တစ်အိုး မှာကွာ"

"ဟော့ စမူဆာကလေးလည်း ချပါအုံးဟော့"

ထိုကဲ့သို့ ကျွန်ုပ် လူလည်ပန်ကာကျမှု အပေါ်ဝယ် မည်သို့မျှမရိပ်မိခဲ့ကြ။ ကျွန်ုပ်ဘာသာကျွန်ုပ် လုပ်ကြံဖန်တီး သတင်းလွှင့်ထုတ်လိုက်ခြင်းက ကျွန်ုပ်အတွက် စားပေါက်တစ်ခု ချောင်ခဲ့ပြီမဟုတ်ပါကလား။

ဝမ်းဗိုက်က မည်မျှဆာလောင်နေသည်မသိ ရေနွေးကြမ်းတွေချည်း ဆင့်သောက်မိခဲ့လေသော ဝမ်းဗိုက်အတွင်းသို့ စမူဆာတွေ တစ်ခုပြီးတစ်ခု ဝါးထည့်လိုက်သည်မှာ အကျီးအကြေစကလေးပင် မကျန်လောက်အောင် တက်တက်ပြောင်ခဲ့ပါပကော။ လက်ဖက်ရည်ကလည်း ချိုမှချို၊ ဆိမ့်မှဆိမ့်။

"ဒါထက် ဆရာကိုပွေကြီးကို မေးပါ‹ "

"မေးပါကွယ်၊ မေးပါ 'အမေးနွားကျေ အဖြေ ဘုရားလောင်း' တဲ့ 'ပုရေနိသင်၊ ဆင်တိုင်းကြွင်၍ အိမ့်‚ ငယ်ကျွမ်းချစ်နှင့် ထပ်ရစ်လက်သင်၊ ထုံးစတွင်၍' ဆို‚ နဲ့ 'မိန်းမအပြစ်၊ သဘောညစ်ကို၊ အနှစ်တစ်ရာ တစ်တောင်

www.burmeseclassic.com

www.burmeseclassic.com



လျှာဖြင့်၊ လူ့ရွာတည်ငြား၊ ကြင်ယောက်ျားလျှင် တစ်ပါးအမှု မပြုလုံးလုံး၊ ပြောမဆုံးဟု၊ မှတ်ထုံးထင်စွာ၊ မဟာရသ၊ နီကိပြု ၏' ဆိုတဲ့ကဗျာတွေကို ဘယ်သူရေးတယ်ဆိုတာ သိချင်ကြသ လား"

"ဟင့်အင်း မသိချင်ဘူး၊ ကျွန်တော်တို့သိချင်တာက အဲသည်ထောက်ပံ့ငွေ ၅ သိန်းရရင် ဆရာကိုပွေကြီး ဘာလုပ် မယ်ဆိုတာ သိချင်လို့ပါ"

"ဩော် ဒါလား၊ အင်း လောလောဆယ်တော့ ဒီကိစ္စ ကို စဉ်းစားထားတာ မရှိသေးပါဘူး၊ အပေါင်းအသင်းမိတ် ဆွေတချို့ကတော့ အကြံတွေပေးကြပါလေရဲ့၊ ဆိုက်ကားစပေါ် တင်ပြီး နင်းဖို့၊ 'ရွှေပလုံမဂ္ဂဇင်း' ထဲမှာ ရှယ်ယာဝင်ဖို့၊ ငွေတိုး ပေးစားဖို့၊ မုဆိုးမတစ်ယောက်လောက်ယူပြီး ကုန်စိမ်းရောင်း ဖို့၊ အို တကယ့်ကိုစုံတဲ့ အကြံပြုချက်တွေပဲ၊ လက်ထဲရောက် လာတဲ့နေ့ကျရင်ဖြင့် လေအန်ကုန်းအဖွဲ့သားတွေကို ကျွေးမယ် မွေးမယ်၊ ဟီးနိုးကားတစ်စီးငှားပြီး ဘုရားဖူးပို့မယ်၊ ကမ်းခြေ မှာ အပန်းဖြေမယ်"

"ဟား တကယ်လည်း သဒ္ဓါတရားပြည့်ဝတဲ့ ဆရာကို ပွေကြီးပေပဲ၊ ဒါကြောင့် လေအန်ကုန်းရဲ့မေတ္တာတွေရနေတာ ထင်ပ၊ ဒါထက် အဲဒီကောင်းမြတ်တဲ့ အစီအစဉ်နဲ့ ပတ်သက် ပြီး ဘယ်ဘုရားတွေကို လိုက်ပို့မှာလဲ"



"အဟဲ ပုစွန်တောင် ရွှေဘုန်းပွင့်၊ ဗိုလ်တစ်ထောင်စေ တီ၊ ဆူးလေစေတီ၊ ရွှေတိဂုံ၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးတို့ ကိုပေါ့"

"အယ် ဩော် အင်း အင်း ဘုရားတွေဖူးရုံအပြင် ကမ်း ခြေတွေ ပို့ပေးဦးမယ်ဆိုတော့ ချောင်းသာတို့၊ ငွေဆောင်တို့၊ စက်စဲတို့၊ ငပလီတို့. . ."

"အိုး. . . နိုး. . နိုး ကျုပ်ပို့ပေးမယ့် အစီအစဉ်က ပန်းဆိုးတန်းတစ်ဖက်ကမ်းမှာရှိတဲ့ 'သမ္မတကမ်းခြေ' လေ အဟဲ"

လူရွှယ်ကလေးများ မျက်နှာတွေ ရှုံ့မဲ့သွားကြကုန် သည်။ ဘာရမှာတဲ့တုန်း။ ကျွန်ုပ်ကား ပန်ကာထိပ်သီး မောင် ပွေကြီးပင် မဟုတ် ါကလား။ သည်လိုမျိုး လူလည်ပန်ကာကျ သည့်ပညာကို ဘယ်သူဘယ်ဝါထံမှ မဆည်းပူးရပါဘဲနှင့် ထူး ဏဲစွာ တတ်မြောက်လာရခြင်းကိုက ကျွန်ုပ်အတွက်တော့ တကယ့်ကို ပါရမီထူးကဲလှပါဘိ။

ထိုခဏ မဖြစ်ညစ်ကျယ် ဂျာနယ်ဝ ၊ တာဝန်ခံ အယ်ဒီတာဖြစ်သော ခြေသလုံးပလွေရိုးရှင် [illegible] သည် ကျွန်ုပ်တို့ဝိုင်းအနီး၌ထိုင်ကာ ပါရမီရှင် ကျွန်ုပ်၏ အ [illegible] အဟာမ်း၊ အဟောအပြောနှင့် ဗဟုသုတကြွယ်ဝပွှန်း [illegible] ကြွယ်ဝ၍ တင်ဏှာပပွတ္တိဉာဏ်ရွှင်လှစွာသော ကျွန်ုပ် မောင်

www.burmeseclassic.com



ပွေကြီးအား လေးစားအားကျ အထင်ကြီးလှစွာဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ ငေးကြည့်နေလေသည်။

"သြော် ကိုပလာယာကိုး၊ မတွေ့တာတောင် ကြာလှပေါ့၊ ဒါထက် ခင်ဗျားရဲ့အာစရိ ကိုရွှေတောသားကော ကျန်းခံ့သာလို့ မာပုံရဲ့နော်၊ အရင်လို နှစ်တောင်လောက်ဗိုက်အိုးကြီးနဲ့ မျက်နှာကကော ဖောသွပ်သွပ်နေတုန်းပဲလား"

"ကျုပ် အာစရိရဲ့ ပုံပန်းသဏ္ဌာန်ဟာ ကိုပွေကြီးထင်သလို လုံးဝမဟုတ်တော့ဘူး၊ နှစ်တောင်လောက်ရှိတဲ့ ဗိုက်အိုးကြီးလည်း ပြုတ်ကျသွားပြီ၊ မျက်နှာကလည်း မောင်ငြိမ်းတူ (မှိုပင်ကောက်) တို့၊ မျှစ်နီကိုဥတို့လို ပွစိစိပွရောင်းရောင်းမဟုတ်တော့ဘဲ အတော်ကလေးကို ချပ်သွားပြီး ကိုယ်ရေစစ်တဲ့ စလင်းဘော်ဒီလေး ဖြစ်သွားပြီဗျို့"

"ဟာ ဟုတ်မှဟုတ်ရဲ့လားဗျာ၊ ကျုပ်ဖြင့် နားရှိလို့သာ ကြားနေရတယ်၊ ယုံချင်စရာမရှိဘူးဗျို့"

"ဒါကတော့ ကိုပွေကြီးက လူချင်းမှမဆုံဖြစ်တာဘဲ၊ ဆုံဖြစ်လို့ကတော့ တကယ့်ကို အံ့သြယူရလောက်ပေတယ်"

"နေပါအုံး ကိုပလာယာရဲ့၊ ခင်ဗျားအာစရိ ဘယ်ဆေးရုံ၊ ဆေးခန်းကိုတက်ပြီး ကုလိုက်တာပါလိမ့်"

"ဘယ်ဆေးရုံ၊ ဆေးခန်းကိုမှ တက်ပြီးကုတာမဟုတ်ဘူး၊ သူ့ဘာသာသူ မြန်မာတိုင်းရင်းဆေးပင်တွေကို အားအားရှိ လေ့လာပြီး သူ့ခြံထဲမှာ အလေ့ကျပေါက်နေတဲ့ ပေပင်တာအရွက်ကိုပြုတ်လို့ တစ်နေ့တစ်ခွက် ဆွဲတာတဲ့ဗျို့၊ တစ်လလောက်လည်းရှိရော မြင်သူတိုင်း အံ့သြယူရလောက်အောင် ပုံစံပြောင်းသွားတာကဲ့ဗျို့၊ အဲဒါနဲ့ပတ်သက်ပြီး စူလာနဖာတို့၊ ပိစပ်ရွက်တို့ ဆေးစွမ်းတက်သလိုမျိုး ပေရွက်ကလည်း ရေဖျဉ်းစွဲတာတို့၊ ဖောသွပ်တာတို့၊ အသည်းကြီးတာတို့၊ အသည်းခြောက်တာတို့ လက်တွေ့ပျောက်ကင်းတဲ့အကြောင်း သူအယ်ဒီတာချုပ်လုပ်တဲ့ မဖြစ်ညစ်ကျယ်ဂျာနယ်စာမျက်နှာကနေပြီး အပတ်စဉ်တင်ပြဖို့ လုပ်နေတယ်ဗျို့"

ထိုသို့ နှစ်ဦးသားစကားကောင်းနေသည့်အခိုက် ဖြတ်သွားဖြတ်လာထဲမှ လူငယ်တစ်ဦးက ကိုပလာယာအား စက္ကူဘူးငယ်ထုပ်ကလေးတစ်ခု ပေးသွားသည်ကို ကျွန်ုပ် မြင်လိုက်ရ၏။ ဘူးခွံကလေးက လှတပတဆိုလေတော့ ကျွန်ုပ်အဖို့ ထိုဘူးငယ်အတွင်း ဘာတွေများ ပါပါလိမ့်ဟူ၍ စူးစမ်းလိုသော စပ်စုလိုသောအတွေးများ ဝင်လာပါတော့၏။

စူးစမ်းခြင်း၊ စပ်စုခြင်းဖြင့် ဗဟုသုတများ တိုးပွားနိုင်မည်။ ဗဟုသုတများ တိုးပွားလာပါက သူများမျက်ခုံးမွေးပေါ် စကြိုလျှောက်လောက်အောင် လူလည်ပန်ကာ ဖြစ်ပေါ်မဟုတ်တန့်လော။ ကျွန်ုပ် မောင်ပွေကြီးကား အရှေ့အလယ်၌ လူလည်ကျနိုင်ကာမှ အိပ်ဝင်စားပျော်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတိုက်များအပေါ်၌လည်း လူလည်ကျနိုင်ကာမှ အိပ်ဝင်စားပျော်သူဖြစ်၏။

မဂ္ဂဇင်းတိုက်များအပေါ်၌လည်း လူလည်ကျခဲ့၏။ စာမူ တစ်ပုဒ်ကို (၈) ကော်ပီခန့် မူပွားကာ မဂ္ဂဇင်း (၈) တိုက်တိတိကို ခွဲပို့၏။

ကြိုတင်စာမူခ ရရန်ကိုလည်း ခြိမ်းခြောက်တန် ခြိမ်းခြောက်၊ ဟောက်တန်ဟောက်၊ အပျော့ဆွဲတန် အပျော့ဆွဲလျက် ဖန်တီးခဲ့ပေရာ သွားလေသူ မင်းသားကြီးဦးကျော်လုံးနှင့် မင်းသမီးကြီး ဒေါ်မြလေးတို့သာ သက်ရှိထင်ရှားရှိခဲ့ပါလျှင် သူတို့ထက် အမူအရာသာလွန်ရဲ့ဟူ၍ ကောက်ချက်ချကာ ဘရာဗိုလုပ်မှာ သေချာလှတော့၏။

လက်ရှိ မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိ။ ကိုယ့်အထင် ကိုယ့်စိတ်ကူးဖြင့် မကြာခင်ရက်ပိုင်းအတွင်း၌ အီသီယိုးပီးယားရှိ ဆရာမကြီး ဒေါ်မုတ္တမခင်ထံမှ နာမကျန်းထောက်ပံ့ငွေ (၅) သိန်းတိတိ ရရှိမည်ဟု ကျွန်ုပ်ဘာသာကျွန်ုပ် သတင်းတွေလွှင့်ထုတ်ရင်း သောက်နေကျလက်ဖက်ရည်ဆိုင်၊ စားနေကျထမင်းဆိုင်တို့မှ အကြွေးစားသောက်ရုံမက အသေးသုံးပါ ချေးဖြန်း၏။

ဆိုင်တွေကလည်း ကျွန်ုပ် (၅) သိန်းရသည့်နေ့၌ ချေးငွေ၊ အကြွေး စားသောက်ငွေတို့အပြင် အပိုငွေကြွေးပါ ပေး



ဆပ်မည်ဆိုသဖြင့် ကြည်ကြည်လင်လင်၊ ပျူပျူငှာငှာ ဖြစ်ကြကုန်သည်။ ယခုလည်း (၅) သိန်းဆိုသည့်အရှိန်ဖြင့် လေအန်ကုန်း၌ အသောက်အစားမှန်နေသည်ကို ကြည့်ပါဦးလော့။

တကယ်တော့ ဒါတွေ ဒါတွေသည် ကျွန်ုပ် မောင်ပွေကြီး၏ လူလည်ကျသော စွမ်းပကားတွေပဲ မဟုတ်ပါကလား။

"ဗျို့ ကိုပလာယာ၊ အဲဒီဘူးထဲ ဘာတွေလဲဗျ"

"အယ်"

ကိုပလာယာသည် ရုတ်တရက် မဖြေသေးဘဲ တစ်စုံတစ်ခုကို တွေးနေဟန်ရှိသည်။ အားလုံးကလည်း ကိုပလာယာထံသို့ အာရုံတွေစုပြုံကျရောက်နေကြကုန်၏။

"ဪ ဟော် ဒါလား၊ အဟင်း ... အားဖြည့်ရည်တွေဆိုပါတော့ ကိုပွေကြီးရေ ကျွန်တော့်အတွက် မဟုတ်ပါဘူး၊ ပေရွက်ပြုတ်ရည်တွေ နင်းကန်သောက်ပြီး ဘောဒီဝိတ်မတရားကျသွားတဲ့ ကျွန်တော့်ရဲ့အာစရိ ကိုရွှေတောသားအတွက် အသိမိတ်ဆွေတွေက ပို့ခိုင်းလိုက်တာပါ"

"ဟာ အားဖြည့်ရည် ဟုတ်လား၊ မြင်ဖူးတယ်ရှိအောင် ပြစမ်းပါဦး၊ သောက်ပုံသောက်နည်းလည်း ပြောအုံးဗျို့၊ ကျွန်တော်လည်း အသက်ကစကားပြောလာပြီဆိုတော့ အားဖြည့်ရည် ကူတန်ကူရမယ်၊ ငွေ (၅) သိန်းရမှ ပက်တင်ဘူးတွေ ဒါဇင်နဲ့ချိပြီး ဝယ်သောက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကျတော့လည်း အဲဒီကျအတိုင်းပဲပေါ့ ကိုပွေကြီးရယ်၊ အဲဒီဆေးရည်က တကယ်အားပြည့်စေတာဗျ၊ တစ်နေ့ကို တစ်လုံးပဲသောက်ရတာတဲ့ ဟော ကြည့်"

ပလာယာသည် ဘူးကိုဖွင့်၍နှိုက်ထုတ်လိုက်ရာ ပလပ်စတစ်လုံးလေး ပါလာသည်။ သာမကဆောင်လျှင် ဂေါ်လီလုံးအကြီးစားအရွယ် ပလပ်စတစ်လုံးတစ်လုံးဖြစ်ပြီး ပွန်တံအချွန်တစ်ခုလည်းပါသည်။

BURMESE CLASSIC

"သောက်တော့မယ်ဆိုရင် ဟောဒီအချွန်လေးရဲ့ထိပ်ကို အပ်နဲ့ဖောက်ချင်ဖောက်၊ ဒါမှမဟုတ် ဓားနဲ့လှီးပြီး ပလပ်စတစ်ဘောလုံးလေးကို ညှစ်ပြီးသောက်ဖို့ဗျို့၊ ဟုတ်ပလား၊ အားအတွက်ကတော့ စိတ်ချဗျာ"

"ဒါဆို လောလောဆယ် ကျုပ်အတွက် နမူနာအဖြစ် တစ်လုံးလောက်ပေးပါလားဗျာ၊ ခုတလော အားသိပ်မရှိချင် ဖြစ်နေလို့"

"ရပါတယ်ဗျာ ကိုယ့် စာပေလောကသားချင်းတွေပဲဥစ္စာ၊ တစ်လုံးမဟုတ်ဘူး၊ နှစ်လုံးပေးခဲ့မယ်၊ တစ်လုံးက နောက်နေ့ကျသောက်၊ ခုတစ်လုံးက အခုသောက် ဟုတ်ပလား"

"ကောင်းတယ် ကိုပလာယာ၊ ဂွတ်"

ကျွန်ုပ်၏ လူလည်ပန်ကာကျသော လှိုင်းတံပိုးအောက်



၌ ကိုရွှေတောသား၏တပည့်ကျော် ပလာယာခမျာ နစ်မွန်းသွားခဲ့ရလေပြီ။ 'နှုတ်ချို လျှိုတစ်ပါး' ဆိုသည်မှာ တယ်လည်းခွန်ကန်လေစွတကား။

ကျွန်ုပ်သည် ကိုပလာယာ လှမ်းပေးသည် အားဖြည့်ညသ်ဘောလုံးနှစ်လုံးအနက်မှ တစ်လုံးအား နောက်နေ့မနက်ထွင်သောက်ရန် လွယ်အိတ်အတွင်းသို့ ထည့်လိုက်၏။ ကျန်တစ်လုံးကား လက်ထဲမှာ။

"ဖောက်ဖို့အပ်တော့ ပါမလာဘူး ကိုပလာယာရေ"

"ကိစ္စမရှိပါဘူး ကိုပွေကြီးရယ်၊ ကျွန်တော့်မှာ သွားလေး...ယောင်လေ့ရှိတဲ့ ဖလက်ဖောက်ဓားကလေး ပါ ပါတယ်၊ ...င်ဗျား အလွယ်တကူ စုပ်ပြီးသောက်လို့ရအောင် ထိပ်ဝကို ...တ်ပေးခဲ့မယ် ဟုတ်ပလား"

"အိုခေ သိုင်းခရူ"

ပြောပြောဆိုဆိုနှင့်ပင် ကိုပလာယာသည် ထိပ်ချွန်ကလေးကို ဓားငယ်ဖြင့် ဖျတ်ခနဲလှီးဖြတ်ပေးလေ၏။

"ကိုင်း အားရှိအောင် သောက်ပေတော ...ပွေကြီးရေ ...ျွန်တော် သွားစရာရှိလို့ ခွင့်ပြုပါအုံး၊ နောက ... ...မှ ...ကြသေးတာပေါ့နော်"

"အိုးခေ ဆီးယူ"

ကိုပလာယာ ထထွက်သွားတော့ ကျွန်ုပ်လည်း အင်

www.burmeseclassic.com

www.burmeseclassic.com



မတန်မှ အားအင်ပြည့်ဝချင်နေသူ ဖြစ်လေရာ ဘောလုံးအချ[…] ထိပ်ဝအား ပါးစပ်ထဲထည့်ပြီးသကာလ ဘောလုံးကိုယ်ထည်[…] ကို ညှစ်လိုက်ပြီး ပြွတ်ခနဲထွက်လာသော အားဖြည့်ရည်[…] အား မျိုချလိုက်လေတော့၏။ အရသာကား ချိုလည်းမချို ခ[…] သက်သက်နှင့် ဘယ်လိုကြီးပါလိမ့်"

BURMESE CLASSIC

"ဟား ဟား ဟား ဟား. . ."

"ဟား ဟား ဟား ဟား. . ."

ထို တဒင်္ဂမှာပင် ကျွန်ုပ်ရှေ့မှ လူရွယ်များသည် ကျွန်[…] ၏ဖြစ်ပုံကိုကြည့်ကာ ခွက်ထိုးခွက်လန် ရယ်ကြပါလေတော့၏[…] ရယ်မောသည်မှာလည်း အတောမသတ်။ ကျွန်ုပ် မောင်ရှေ[…] ကြီးကား ဘာဝါ၊ ဘာသမ္ဘာမျှမရှိသေးသော တောကလေးမှ[…] ၏ ရယ်မောဟားတိုက် လှောင်ပြောင်စရာ သတ္တဝါဖြစ်နေ[…] ပြီလား။

"ဟေ့ကောင်တွေ မင်းတို့က ငါ့ကိုများ မလေးမခန့်[…] ဘာများရယ်စရာပါလို့ ရယ်နေကြရတာလဲကွ၊ ပြောစမ်း"

"ဝါး ဟား ဟား ဟား. . ."

"ဟေ့ကောင်တွေ မင်းတို့ငါ့ကို ဘာမှတ်သလဲ ပြော[…] စမ်း ပြောကြစမ်း၊ ငါ စိတ်တိုလာပြီနော်"

"အဟီးဟီး ဆရာကိုပွေကြီးက လည်လှလည်လှန[…] နဲ့ တကယ့်တကယ်ကျ တော်တော်လေး အ,သေးတာပါလား"



"ဘာကွ ငါက ဘာတွေများ အ,နေလို့တုန်း"

"အ, ပါပြီကောဗျာ၊ စာစောက ကိုပလာယာပေးသွားတာ ဘယ်ကလာ အားဖြည့်ရည်ဟုတ်ရမှာလဲ၊ ဝမ်းချုပ်ရင် ထိပ်ကိုဖောက်ပြီး စအိုထဲအရည်ညှစ်ထည့်ရတဲ့ ဝမ်းချူဘောလုံးခင်ဗျ၊ ဝမ်းချူဘောလုံး"

"အယ်"

ကျွန်ုပ်၏အဖြစ်ကား လူပါး ပုလင်းကွဲထိခံရကိန်းပင်တကား။ ကိုပလာယာကား လူတစ်ဖက်သားအပေါ် ကောင်းကောင်းကြီးဒုက္ခပေးပြီးသည့်နောက် စိတ်လက်ပေါ့ပါးစွာဖြင့် လစ်သွားခဲ့ပေပြီ။ ကျွန်ုပ်မှာသာ အချောင်ရလိုစိတ်ဖြင့် အယုံသွင်းပြီး မှိန်းနေသမျှ လူလည်ပန်ကာကျခဲ့သမျှ သံသရာဘီးတစ်ပတ်လည်ကာ အကျိတ်ခံခဲ့ရလေပြီ။

ထိုရောကာလ ကျွန်ုပ်လည်း လေအန်ကုန်း၌ မျက်နှာမထားတတ်အောင် ဖြစ်လာ၍ သောကြာ စာစောင်တိုက် အယ်ဒီတာကိုဝေသာထံ ခရီးစရိတ်တောင်းခံရန်အလို့ငှာ ခြေကုန်သုတ်ခဲ့ပါတော့သတည်း။ ။

www.burmeseclassic.com